မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၄၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၉ ရက်　　　　၂၀၁၄ ခုနှစ်၊ ဇွန် ၆ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆွီဒင်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော်　ဇွန်　၆

၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဘုရင်မင်းမြတ်ကားလ်ဂပ်စ်တပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ❁

မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေမည့် အစိမ်းရောင်စီးပွားရေးမူဝါဒများကို ချမှတ်ထား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား (World Environment Day, 2014) တွင် မိန့်ခွန်းပြောကြားစဉ်။　(သတင်းစဉ်)

နေပြည်တော်　ဇွန်　၅

"ပင်လယ်မျက်နှာပြင် မြင့်တက်လာမှုတားဆီးဖို့၊ လူပ်ရှားမှုအသံတွေ မြင့်တင်ကြစို့" ဟူသည့် ဆောင်ပုဒ်ဖြင့်ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနား (World Environment Day, 2014) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရေးရာကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ ပင်လယ်ပြင်ရေမျက်နှာပြင် မြင့်တက်လာမှုကို တားဆီးနိုင်ရန်အတွက် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကမ္ဘာမြေပူနွေးမှုလျှော့ချရေးဆိုင်ရာ လှုပ်ရှားမှုအသံများ၊ တိုးမြှင့်ကြရန် ဆော်ဩထားသော အလွန်အဓိပ္ပာယ်လေးနက်သည့် Raise Your Voice, Not the Sea Level ခေါင်းစဉ်ပင်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ပထမပိုင်းတွင် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ခေါင်းစဉ်အကြောင်းကို ဆွေးနွေးပြီး ဒုတိယပိုင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူမှုစီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတိုင်း၌ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုကြောင်းနှင့် တတိယပိုင်းတွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုအကျဉ်းကိုဖော်ပြပြီး နိဂုံးပိုင်းတွင် ကမ္ဘာမြေပူနွေးခြင်းကိုလျှော့ချမှု တစ်နည်းအားဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မလာစေရန်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ ❒

ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုများဖြစ်ပေါ်လာပါက အခြားသူများထက် ဆင်းရဲသားများက ပိုမိုခံစားရ၊ ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းအောင် ပြုလုပ်ခြင်းသည် ဆင်းရဲသားများအား ဆင်းရဲတွင်းမှလွတ်မြောက်အောင်၊ လူသားအားလုံးပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်များမှကင်းဝေးအောင် ဆောင်ရွက်ပေးရာကျ

ယနေ့ မာတိကာ

ဂျီ-၇ ထိပ်သီးအစည်းအဝေးကျင်းပ ယူကရိန်းအရေးနှင့်ပတ်သက်ကာ ရုရှားအပေါ် အရေးယူပိတ်ဆို့မှုအတွက် သတိပေး　စာ » ၄

ထရန်စဖော်မာမှ ဓာတ်ကြိုးပြုတ်ကျ၍ ဓာတ်လိုက်　စာ » ၁၃

ဒီကိုကော်စတာပေါင် ၃၂ သန်းဖြင့် ချယ်လ်ဆီးသို့ ရောက်လာမည်　စာ » ၁၄

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

ဘာသာပြန်-ထန်ဆွင်း

မေ ၂၅ ရက်နေ့ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော Financial Times (Europe) က ချင်းတောင်တန်းဒေသများကဲ့သို့သော မြန်မာနိုင်ငံ၏ဝေးလံခေါင်ဖျားဒေသများ တံခါးဖွင့်လာခြင်းသည် မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ခြင်း၏ နောက်ဆုံးခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အမျှ ကမ္ဘာလှည့်ခရီးသည်များ တစ်ဟုန်ထိုးတိုးပွားလာခဲ့ကြောင်း၊ ဝမ်းနည်းစရာမှာမူ ရန်ကုန်၊ ပုဂံနှင့် မန္တလေးစသည့် အသွားအလာများသော နာမည်ကြီးလမ်းကြောင်းများတစ်လျှောက်ရှိ အခြေခံအဆောက်အအုံများ အနေဖြင့် တိုးပွားလာသော ခရီးသည်များအား ဝန်ဆောင်မှုပေးရန် ရုန်းကန်နေရကြောင်း၊ ရလဒ်အနေဖြင့် ငြီးငွေ့ပျင်းရိဖွယ်ကောင်းသော ဟိုတယ်အခန်းများကိုပင် ဈေးကြီးကြီးပေးပြီး ငှားရမ်းခဲ့ရကြောင်းဖြင့် ရေးသားဖော်ပြသည်။

မေ ၂၅ ရက်ထုတ် စပိန်သတင်းစာတစ်စောင်ဖြစ်သော La Vanguardia Dinero က ပညာရှင်ဂျွန်ဝီလျံဝီလ်ကင်ဆွန်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်လာတော့မည့် တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုများအပေါ် မှတ်ချက်များပေးခဲ့ကြောင်း၊ ကြိုတင်ဟောကိန်းထုတ်မှုများနှင့်ကွဲလွဲလျက် တရုတ်နိုင်ငံသည် လာမည့်ငါးနှစ်ကြာတွင် ကမ္ဘာ့စင်မြင့်ပေါ်တွင် အမြင့်ဆုံးနေရာ ရယူမည်မဟုတ်ဘဲ ယခု ၂၀၁၄ ခုနှစ်အကုန်တွင် အမြင့်ဆုံးနေရာ ရယူမည်ဟု မှတ်ချက်ပေးခဲ့ကြောင်း၊ အာဖရိကတိုက်၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့တွင် တရုတ်နိုင်ငံ၏ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများသည် တရုတ်အနေဖြင့် ကမ္ဘာ့ပွဲကိုင်ရှင်ဖြစ်လာမည့် သိသာထင်ရှားသော

စာမျက်နှာ ၆ ကော်လံ ၁ ❋

မှတ်သားဖွယ်ရာမိုးရေချိန်များ

၅-၆-၂၀၁၄

ချောင်းဆုံမြို့
၄ ဒသမ ၂၉ လက်မ

ကျိုက်မရောမြို့
၄ ဒသမ ၀၅ လက်မ

သထုံမြို့
၃ ဒသမ ၇၇ လက်မ

ပေါင်မြို့
၃ ဒသမ ၆၂ လက်မ

ခရမ်းမြို့
၃ ဒသမ ၄၂ လက်မ

ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်း)
၁ ဒသမ ၉၇ လက်မ

ကြော်ငြာအချုပ်ပိုရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချုပ်ပိုရှစ်မျက်နှာ ပါရှိပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တာထွက်ကောင်းမှ ပန်းဝင်လှမည်

မာရသွန်အပြေးသမားတို့သည် စတင်တာလွှတ်သည်နှင့် မနှေးလွန်း၊ မမြန်လွန်းသော ခြေလှမ်းများဖြင့် မှန်မှန်ပြေးတတ်ကြသည်။ လမ်းခရီးတစ်လျှောက်လုံး ပန်းတိုင်မရောက်မချင်း အမောမဖောက်စေရန်သော်လည်းကောင်း၊ လဲမကျစေရန်သော်လည်းကောင်း သတိဖြင့် အသက်ကို မှန်မှန်ရှူလျက် ပြေးကြရသည်။ နောက်ဆုံးပန်းဝင်ခါနီး ရှိသမျှ အားကုန်သွန်လျက် ပန်းတိုင်ရောက်သည်အထိ ပြေးဝင်ကြ၏။

ထို့အတူ ကျောင်းသား ကျောင်းသူတို့သည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်၏။ မာရသွန်အပြေးသမားများနှင့် တူ၏။ ပညာသင်နှစ်နှစ်အစ စတင်တာလွှတ်သည်နှင့် အတွက်အချက်၊ အရွတ်အဖတ်တို့ကို နေ့စဉ်မှန်မှန်လုပ်ရ၏။ "သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သီကုန်းပန်းသွင်၊ နေ့တိုင်းဆင်လော့" ဟူ၍ စာဆိုအရှင်မဟာရဋ္ဌသာရက စာသင်ပျို့နု၊ အခြေပြုတို့အတွက် ဆုံးမစာရေးသားခဲ့လေသည်။

ကျောင်းသား ကျောင်းသူတို့အနေဖြင့် ဆရာ ဆရာမတို့ သင်ကြားပေးသမျှအပေါ် သင်ယူကြားနာခြင်း၊ ကြံစည်တွေးတောခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်းနှင့် နှုတ်တတ်ဆောင်ခြင်းတို့ကို နေ့စဉ်နှင့်အမျှ ပြုကျင့်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။ ဤရှစ်ချက်ကို ပညာသင်နှစ် အစမှအဆုံး မဖောက်မပြန် နေ့စဉ်ပြုကျင့်သွားပါမည်ဟု မိမိကိုယ်ကိုယ် သန္နိဋ္ဌာန်ချထားရ၏။ ထိုသန္နိဋ္ဌာန်ကို မပျက်မယွင်းကျင့်ဆောင်သွားမည်ဆိုပါက ပန်းဝင်လှ၍ အောင်ပန်းဆွတ်ခူးနိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

သို့သော် လူငယ်ကလေးတို့သဘာဝ အပျော်အပါးတို့နှင့် တွေ့လျှင် ရှောင်နိုင်ခဲ၏။ အဆွယ်ကောင်းသော သူငယ်ချင်းအပေါင်းအဖော်တို့ကြောင့် အပျော်အပါးနောက်သို့ လိုက်တတ်ကြ၏။ ရုပ်ရှင်၊ ပွဲလမ်းသဘင်စသော အပျော်အပါးတို့သည် ယနေ့ခေတ်တွင် နေရာများစွာတို့၌ ရှိနေကြ၏။ လမ်းမှားရောက်ရန် အလွန်လွယ်ကူ၏။

မိမိကိုယ်တိုင်က အပျော်အပါးများကို ရှောင်ကြဉ်ပြီး နေ့စဉ်နှင့်အမျှ ကျောင်းစာကို အမြဲမပြတ်လုပ်ပါမည်ဟု သန္နိဋ္ဌာန်မချထားခဲ့သည်ရှိသော် လမ်းခုလတ်တွင် အမောဖောက်လဲကျသွားသော မာရသွန်အပြေးသမားကဲ့သို့ ဖြစ်ပေလိမ့်မည်။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်နှင့် လွဲချော်သွားနိုင်၏။ ထို့ကြောင့် ရည်မှန်းချက်ပန်းတိုင်အရောက်သွားနိုင်ရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ရန် လိုအပ်ပေသည်။

အချို့သော ကျောင်းသား ကျောင်းသူများမှာ နှစ်စကတည်းက ပုံမှန်ကျက်မှတ်လေ့မရှိဘဲ အနီးရောက်မှ နှစ်လပြတ်၊ သုံးလပြတ် သင်တန်းများတက်ပြီး စာမေးပွဲဖြေကြသူများလည်း ရှိကြပါသည်။ ထိုကဲ့သို့သော ကလေးများသည် ကံစမ်းမဲနှိုက်သည်နှင့်တူ၏။ ကံဆိုးကံကောင်း၊ ကံကောင်းလျှင် အောင်လိမ့်မည်ဟု ကံကိုသာ ပုံချတတ်ကြသည်။ အမှန်စင်စစ် စာမေးပွဲသည် ကံအလုပ်မဟုတ်ပါ။ ဉာဏ်အလုပ်သာဖြစ်ပါသည်။ မိမိဉာဏ်ကို အရင်းတည်ပြီး ဝီရိယစိုက်ထုတ်ကြိုးစားသွားမည်ဆိုလျှင် သေချာပေါက်အောင်ပန်းဆွတ်ခူးနိုင်မည်ဖြစ်ပါသည်။ မှန်မှန်လေ့ကျင့်ကျက်မှတ်သွားရန်သာ လိုပါသည်။ တာထွက်ကောင်းလျှင် ပန်းဝင်လည်း ကောင်းပြီး မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်မှကလေးငယ်များ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်နေ ကလေးများ ဖွံ့ဖြိုးတိုးတက်အောင်ယူနီဆက်ဖ်မှဆောင်ရွက်ပေးမည်

စစ်တွေ ဇွန် ၅

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးငယ်များ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေးကိုဦးတည်လျက်ယူနီဆက်ဖ်အဖွဲ့မှ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း ရခိုင်ပြည်နယ်တွင် ကလေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်ပြည်နယ်အဆင့် လုပ်ငန်းစဉ်များ မိတ်ဆက်ခြင်းအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မင်းသူရိယခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးသာညွန့်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အစိုးရတာဝန်ရှိသူများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ မီဒီယာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ကိုယ်စား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက အမှာစကားပြောကြားရာတွင် ဤအစီအစဉ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ယူနီဆက်ဖ်တို့ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယူနီဆက်ဖ်အဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုကြောင်း၊ ဤအစီအစဉ်အောင်မြင်ပါက ရခိုင်ပြည်နယ်၏ ကလေးများသည် လာမည့်နှစ်များမှာ သူတို့၏ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ်မစ္စတာဘာထရန်ဘိန်းဘဲလ်က အမှာစကားပြောကြားရာ ရခိုင်ပြည်နယ်မှ ကလေးငယ်များသည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်နေကြောင်း၊ ဤသည်မှာ ကလေးများအတွက် စိန်ခေါ်မှုများပင်ဖြစ်ကြောင်း၊ လက်ပိုက်ကြည့်နေ၍မရကြောင်း၊ အားလုံးဝိုင်းဝန်းပြီး စဉ်းစားကြရမည်ဖြစ်ကြောင်း၊ အချိန်နောက်ကျပါက ကလေးများဘဝအတွက် အများကြီးဆုံးရှုံးမှုများဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ကလေးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူနီဆက်ဖ်အနေဖြင့် အစိုးရနှင့်လက်တွဲကာ နှစ်နှစ်တာအတွင်း အကူအညီပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။ ထို့နောက် ယူနီဆက်ဖ်၏တာဝန်ခံအသီးသီးက မိမိတို့၏ ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပေးကြသည်။

ဆောင်ရွက်သွားမည်

ယူနီဆက်ဖ်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ၎င်းတို့နှင့်ဆက်နွှယ်ပတ်သက်နေသော အစီအစဉ်များအတွက် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာ ၁၂ သန်းကူညီသုံးစွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ပြည်နယ်မှာရှိတဲ့ ကလေးတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခုလိုကူညီပေးမယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်။ ဒါပေမယ့် လက်တွေ့အကောင်အထည်ဖော်ရမှာက အဓိကပါ။ ဘယ်အလုပ်ပဲဖြစ်ဖြစ် လက်တွေ့အကောင်အထည်မဖော်နိုင်ရင်တော့ အလကားပါပဲ။ ပြောတဲ့အတိုင်းဖြစ်လာစေချင်ပါတယ်" ဟု အခမ်းအနားတက်ရောက်လာသော စစ်တွေမြို့ခံတစ်ဦးက ပြောကြားသည်။

လေးဝတီထွန်းစောခိုင်

ယဉ်ကျေးလိမ္မာသင်တန်းစာအောင်ဆုချီးမြှင့်ပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၅

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယဉ်ကျေးလိမ္မာသင်တန်းဌာန ၃၂ နေရာဖွင့်လှစ်၍ မြတ်ဗုဒ္ဓ၏အဆုံးအမများကို ခံယူတတ်စေပြီး ရတနာသုံးပါးကို မှီခိုအားထားဆည်းကပ်ပူဇော်တတ်စေရန်နှင့် စိတ်ထားဖြူစင်၍ ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပို့ချသင်ကြားခဲ့သော ၂၀၁၄ ခုနှစ် ယဉ်ကျေးလိမ္မာသင်တန်းစာအောင်ဆုချီးမြှင့်ပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးညွန့်ရွှေက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်သာသနာ့ နုဂ္ဂဟအသင်းကြီးထံသို့ ပြည်နယ်ဝန်ကြီးချုပ်မိသားစုက အလှူငွေကျပ်တစ်သိန်းကို မိသားစုကိုယ်စား ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်လုံကလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် စာအောင်ဆုများကို ပေးအပ်ချီးမြှင့်ရာ ကဗျာရွတ်ဆိုပြိုင်ပွဲ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိသည့် ပထမဆုရ ကျောင်းသား ကျောင်းသူ ရှစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ ဒုတိယဆုရရှိသူ ကိုးဦးအား လူမှုရေးဝန်ကြီးက လည်းကောင်း၊ တတိယဆုရ ၁၀ ဦးအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ စတုတ္ထဆုရရှိသူ ၁၂ ဦးအား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကလည်းကောင်း၊ ပဉ္စမဆုရရှိသူ ၁၀ ဦးအား ဗမာတိုင်းရင်းသားရေးရာဝန်ကြီးကလည်းကောင်း၊ အထူးဆုရရှိသူခြောက်ဦးနှင့် ဂုဏ်ပြုဆုရရှိသူ ၁၇ ဦးအား ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်းကောင်း ပေးအပ်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

the 2nd education & career 2014
ဒုတိယအကြိမ်ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၄
ပြပွဲအား Tone Plus မှအဓိကထောက်ပံ့ကူညီပေးထားပါသည်။
တပ်မတော်ခန်းမ
www.events-educationandcareer.com
ဇွန်လ ၂၀မှ ၂၂ရက်၊ ၂၀၁၄ခုနှစ်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများမြင်တွေ့နေရသဖြင့် အမေရိကန်အနေဖြင့် ကူညီဆောင်ရွက်ပေးမည်

နေပြည်တော် ဇွန် ၅

နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ အဆင့်မြင့်စီးပွားရေးလုပ်ငန်းရှင်များက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်အမရ၌ အလုပ်သဘော နေ့လယ်စာစားပွဲအခမ်းအနားဖြင့် တည်ခင်းဧည့်ခံရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်နှင့် ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒေါ်လဲ့လဲ့သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စပန်နီပရက်စ်ကာနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Derek Mitchell ၊ အစိုးရကိုယ်စားလှယ် (၈)ဦးနှင့် U.S.Company မှ အမှုဆောင်အရာရှိချုပ်များနှင့် ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စပန်နီပရက်စ်ကာက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လိုသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုလည်း မြင်တွေ့နေရပြီးဖြစ်၍ မိမိတို့အနေဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်ချုပ်ဆို

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဝဲပုံ)**

ယင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာစေ၍ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၆

၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာကားလ် ဘော့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစွာ တိုးတက်လုပ်ကိုင်နိုင်ရေး အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ရေးဆွေးနွေး

နေပြည်တော် ဇွန် ၅

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစွာ တိုးတက်လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်အနက် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်သည် နိုင်ငံနှင့်ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အပါအဝင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချို့ဌာနများ၏ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ ပြင်ဆင်ဆောင်ရွက်ပေးမှုကြောင့် များစွာအဆင်ပြေ တိုးတက်လာသော်လည်း အချို့ဌာနများ၏ လုပ်ထုံးလုပ်နည်းများသည် ဆက်လက်ပြင်ဆင်ဖြေလျှော့ရန် ကျန်ရှိသဖြင့် အချိန်ကာလသတ်မှတ်ပေးပြီး ဆောင်ရွက်လျက်ရှိသဖြင့် ယခုအစည်းအဝေး၌ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှုများကို တင်ပြဆွေးနွေးပြီး ပြင်ဆင်ဆောင်ရွက်ရန် အခက်အခဲရှိသည်များကို တင်ပြကြရန်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ် IFC အဖွဲ့အစည်း၏ Doing Business Report ပါ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ အချို့ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရာတွင် အခြားနိုင်ငံထက် အချိန်ပိုမိုကြန့်ကြာမှု၊ ငွေကုန်ကြေးကျပိုမိုကုန်ကျမှု၊ ဥပဒေလုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုမရှိသည်များကို ပြုပြင်ဆောင်ရွက်ပါက စီးပွားရေးလုပ်ငန်းများအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး လုပ်ကိုင်လာနိုင်ပြီး တိုင်းပြည်စီးပွားရေး တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းကို Delivery Unit (၇)ခုနှင့် ဇောက်ချလုပ်ကိုင်နေရာ မြန်မြန်ဆန်ဆန် ညှိနှိုင်းပြင်ဆင်ပြုစုပြီး အစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်သူများထံ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ Delivery Unit တာဝန်ခံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ အချိန်ကြန့်ကြာမှုမရှိစေရေး၊ ငွေကြေးကုန်ကျမှုလျှော့ချရေး၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြေလျှော့လုပ်ဆောင်မည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ရှေ့လုပ်ငန်းစဉ် အချိန်ဇယားသတ်မှတ်ဆောင်ရွက်ရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

ပုတီးကုန်းအထက်တန်းကျောင်း ဝရန်တာရက်မကျိုး၍ ထိခိုက်ဒဏ်ရာရ ကျောင်းသားကျောင်းသူ လေးဦးသာကျန်ရှိ

ရန်ကုန် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်အပေါ်ထပ်တွင် ဇွန် ၂ ရက်က ဝရန်တာအောက်ရက်မကျိုးကျမှုကြောင့် ထိခိုက်ဒဏ်ရာရ ကျောင်းသား ကျောင်းသူလူနာများအနက် ယနေ့တွင် ပုတီးကုန်းတိုက်နယ် ဆေးရုံတွင် နှစ်ဦး၊ ပြည်မြို့ပြည်သူ့ဆေးရုံတွင် တစ်ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တစ်ဦး စုစုပေါင်း ကျောင်းသားကျောင်းလူနာ လေးဦးသာ တက်ရောက်ဆေးကုသမှုခံယူကျန်ရှိတော့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

CLAIMS DAY NOTICE

M.V SPRING WIND VOY:NO(22)

Consignees of cargo carried by M.V SPRING WIND VOY: NO. (22) are here by notified that the vessel will arrive on about 8-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နိုင်ငံတကာသတင်း

ဂျီ–၇ ထိပ်သီးအစည်းအဝေးကျင်းပ ယူကရိန်းအရေးနှင့်ပတ်သက်က ရုရှားအပေါ် အရေးယူပိတ်ဆို့မှုအတွက် သတိပေး

ဘရပ်ဆဲလ် ဇွန် ၅

စက်မှုဖွံ့ဖြိုးနိုင်ငံအုပ်စု ဂျီ-၇ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးလျက်ရှိပြီး ယူကရိန်းအရေးနှင့်ပတ်သက်ကာ ရုရှားတို့အား အရေးယူပိတ်ဆို့မှုများ နောက်ထပ်တိုးမြှင့်ရန် ပြင်ဆင်လျက်ရှိသည်ဟု ဆိုကြသည်။

မတ်လကတည်းက ခရိုင်းမီးယားကို ရုရှားတို့သိမ်းယူလိုက်ခြင်း၏ နောက်ဆက်တွဲအဖြစ် ဂျီ-၇ အုပ်စုမှ ရုရှားကို ထုတ်ပယ်လိုက်ပြီး ယခုကဲ့သို့ ရုရှားမပါဘဲ ထိပ်သီးအစည်းအဝေးပွဲပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အစောပိုင်းက ပိုလန်ရောက် အမေရိကန်သမ္မတ အိုဘားမားက မော်စကိုတို့၏ ယူကရိန်းအပေါ်ထားရှိသော အနိုင်အထက်ပြုကျင့်မှုအပေါ် သတိပေးပြောကြားခဲ့သည်။ မစ္စတာ အိုဘားမားသည် ဥရောပသုံးနိုင်ငံ ခရီးစဉ်သွားရောက်လျက်ရှိပြီး လာမည့်သောကြာနေ့တွင် ပြင်သစ်နိုင်ငံ၌ကျင်းပမည့် ဒီဒေး နှစ် (၇၀)မြောက် နှစ်ပတ်လည်နေ့တွင် ခရီးစဉ်အဆုံးသတ်မည် ဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည်လည်း အဆိုပါအောင်ပွဲနေ့သို့ တက်ရောက်လိမ့်မည် ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဘရပ်ဆဲလ်မြို့တွင်ကျင်းပလျက်ရှိသော ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ခြင်းမရှိသော်ငြား အိုဘားမားမပါဝင်သော ဂျီ-၇ အုပ်စုဝင်ခေါင်းဆောင်များနှင့် ပါရီမြို့တွင် မျက်နှာစုံညီ တွေ့ဆုံလိမ့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဂျီ-၇ အုပ်စုဝင်ခေါင်းဆောင်များသည် ဗုဒ္ဓဟူးနေ့ညနေပိုင်း ထိပ်သီးအစည်းအဝေးဖွင့်ပွဲ ညစာစားပွဲကျင်းပရာ ဘရပ်ဆဲလ်မြို့တွင် စုစည်းမိကြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ယူကရိန်းအရေး တိုးတက်မှုရအောင် ဂျီ-၇ အုပ်စုမှ ကွဲပြားသော ဖြေရှင်းမှုတစ်ရပ်ကိုပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း ဆိုသည်။
ယခုကျင်းပသော ထိပ်သီးအစည်းအဝေးကို မူလက ရုရှားနိုင်ငံ ဆိုချီမြို့တွင် ကျင်းပမည်ဟု ရည်ရွယ်ထားခဲ့သည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံ၏ကလေးငယ်မွေးဖွားမှုနှုန်း ၂၀၁၃ ခုနှစ်မှတ်တမ်းများထက် လျော့နည်းလာ

တိုကျို ဇွန် ၅

ဂျပန်နိုင်ငံ၏ ကလေးငယ်မွေးဖွားမှုနှုန်းသည် ၂၀၁၃ ခုနှစ် ၁၀၂၉၈၀၀ ကိန်းဂဏန်းမှတ်တမ်းများထက် လျော့နည်းလာပြီး လူဦးရေကျဆင်းမှုနှုန်းသည် အမြန်ဆုံးဖြစ်လာခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ လူဦးရေစစ်တမ်းစာရင်းများအရ ပြီးခဲ့သည့်နှစ်အတွင်း သေဆုံးသူဦးရေ စုစုပေါင်း ၁၂၆၈၄၃၂ ရှိခဲ့ရာ ခန့်မှန်းခြေအားဖြင့် ၂၃၈၆၃၂ ဦးကျဆင်းသွားခဲ့ကြောင်း သိရသည်။

အလားတူကာလမှာပင် အမျိုးသမီးတစ်ဦးလျှင် ပျမ်းမျှကလေးမွေးဖွားမှုနှုန်း ၁ ဒသမ ၄၃ ရှိခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်တိုးလာခဲ့ပြီး အသက် ၃၀ အရွယ် အမျိုးသမီးများ၏ မွေးဖွားမှုနှုန်းသည် တိုးလာခဲ့သည်ဟု ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သို့သော်လည်း ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားနိုင်မည့် အသက်အရွယ်ရှိ အမျိုးသမီးအရေအတွက် လျော့နည်းလာသည့်အတွက် ကလေးအရေအတွက်သည်လည်း ဆက်လက်လျော့နည်းလာလိမ့်မည်ဟု ခန့်မှန်းရကြောင်း ၎င်းဝန်ကြီးဌာနမှ အရာရှိက ပြောကြားခဲ့သည်။ **(ဘာနားမား)**

ထိုင်းတပ်မတော်အစိုးရအား ထောက်ခံအားပေးကြရန် အိမ်နီးချင်းနိုင်ငံများအား တိုက်တွန်းပြောကြား

ဗန်ကောက် ဇွန် ၅

ထိုင်းအာဏာသိမ်းတပ်မတော်ခေါင်းဆောင်က နိုင်ငံတကာ၏ တရားဝင်ထောက်ခံမှုရရှိရန် ကြိုးစားနေချိန် ထိုင်းအစိုးရကို အိမ်နီးချင်းနိုင်ငံများက ထောက်ခံအသိအမှတ်ပြုပေးပါရန် ပြောကြားလိုက်သည်။

တရုတ်နှင့် ဗီယက်နမ်တို့က မိမိတို့အစိုးရကိုထောက်ခံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံကလည်း ထိုင်းအစိုးရကို အသိအမှတ်ပြုပါကြောင်း ထိုင်းတပ်မတော်မှပြောရေးဆိုခွင့်ရှိသူ ယောင်ယွတ်မာယာလတ်က ပြောကြားလိုက်သည်။

ဒါဇင်နှင့်ချီသော နိုင်ငံများက ထိုင်းအာဏာသိမ်းမှုအပေါ် စိုးရိမ်လျက်ရှိပြီး ခရီးသွားလာမှုမပြုရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။ ထိုင်းတပ်မတော်က အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။ မီဒီယာကိုထိန်းချုပ်ပြီး နိုင်ငံရေးသမားများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိစေရန် ရွေးကောက်တင်မြှောက်ထားသောအစိုးရကို ဖယ်ရှားလိုက်ရခြင်းဖြစ်ကြောင်း ထိုင်းတပ်မတော်ကပြောသည်။

ထိုင်းနိုင်ငံတွင် အလားတူ အာဏာသိမ်းမှု ၂၀၀၆ ခုနှစ်ကလည်းဖြစ်ပွားခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဟောင်း ရင်လတ်၏ အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝပ်အစိုးရကို ဖြုတ်ချခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းမှုအပေါ် အနောက်နိုင်ငံများကစိုးရိမ်ခဲ့ပြီး ထိုင်းနှင့် ဆက်ဆံရေးကို အဆင့်နှိမ့်ချခဲ့သည်။ ဩစတြေးလျနှင့် အမေရိကန်တို့ကလည်း ထိုင်းနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းလိုက်သည်။

သို့သော် ထိုင်း၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက ထိုင်းကိစ္စကို နှုတ်ဆိတ်နေခဲ့သည်ဟုဆိုသည်။ သို့ရာတွင် မြန်မာအစိုးရတာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံအနေဖြင့် ထိုင်းအစိုးရကို အသိအမှတ်ပြုကြောင်း ရိုက်တာသို့ ပြောကြားခဲ့သည်ဟုဆိုသည်။

"ထိုင်းနိုင်ငံဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တပ်မတော်အစိုးရကို ဘုရင်ကအသိအမှတ်ပြုပေးထားတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ပြောသည်။

ဗီယက်နမ်နှင့် တရုတ်ကိုယ်စားလှယ်များကလည်း ထိုင်းတပ်မတော်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး ပုံမှန်ဆက်ဆံရေးကိုမထိခိုက်ဟု ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ အခြေအနေသည် ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိလိမ့်မည်ဟုလည်း ထိုင်းအစိုးရကပြောသည်။ **(ဘီဘီစီ)**

ဆီးရီးယားသမ္မတရွေးကောက်ပွဲ အာဆတ်တတိယအကြိမ်အနိုင်ရ သူပုန်ထိန်းချုပ်ဒေသများ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိ

ဒမတ်စကတ် ဇွန် ၅

ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်သည် အင်္ဂါနေ့ သမ္မတရွေးကောက်ပွဲတွင် မဲအရေအတွက် ၈၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားပြီးနောက် တတိယသက်တမ်း ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း ပါလီမန်လွှတ်တော်က ကြေညာလိုက်သည်။

စောစောပိုင်းတွင် ဆီးရီးယားဖွဲ့စည်းပုံခုံရုံးက မဲပေးခွင့်ရှိသူ ၇၃ ဒသမ ၄၇ ရာခိုင်နှုန်းသာ မဲပေးခဲ့သည်ဟုဆိုသည်။ အဆိုပါရွေးကောက်ပွဲကို အစိုးရထိန်းချုပ်သောဒေသများ၌သာ ကျင်းပခြင်းဖြစ်ပြီး သူပုန်များထိန်းချုပ်ထားသောနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ ကျင်းပနိုင်ခြင်းမရှိဟု ဆိုသည်။ ဆီးရီးယားစစ်ပွဲသုံးနှစ်တာကာလအတွင်း လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး သန်းပေါင်းများစွာ နိုင်ငံစွန့်ခွာထွက်ပြေးကြရသည်။ သမ္မတအာဆတ်၏ အဓိကပြိုင်ဘက်များဖြစ်သည့် ဟတ်ဆန်အယ်လ်နော်ရီနှင့် ဗက်တာရာဂျာတို့သည် ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမဲရရှိခဲ့သည်။

ယင်းရွေးကောက်ပွဲသည် ဆယ်စုနှစ်များအတွင်း အာဆတ်မိသားစုဝင်များ အပြင်ဘက်မှ တစ်ဦးထက်မက ပထမဆုံးအကြိမ် သမ္မတလောင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုလိုက်ခြင်းပင်ဖြစ်သည်။

သို့သော်လည်း သူပုန်ထိန်းချုပ်သောဒေသများမှ ဆီးရီးယားအတိုက်အခံများက ယင်းရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပြည်တွင်းစစ်ကို ချုပ်ငြိမ်းသွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါရွေးကောက်ပွဲရလဒ်များကို ဗုဒ္ဓဟူးနေ့က ပါလီမန်အမတ် မိုဟာမက်အယ်လ်လာဟမ်က ကြေညာလိုက်ခြင်း ဖြစ်သည်။

ဒေါက်တာ ဘရှာဟာဖက်ခ် အယ်လ်အာဆတ်ဟာ "ဒီရွေးကောက်ပွဲမှာ မဲအပြတ်အသတ်နဲ့ အနိုင်ရရှိသွားပါတယ်"ဟု ၎င်းအမတ်က ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာလိုက်သည်။

အဆိုပါ သမ္မတရွေးကောက်ပွဲရလဒ် ကြေညာလိုက်စဉ်မှာပင် မြို့တော်ဒမတ်စကတ်၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦးသေဆုံးခဲ့ရကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဆီးရီးယားဖွဲ့စည်းပုံခုံရုံးက စောစောပိုင်းတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၅ ဒသမ ၈၅ သန်းအနက် ၁၁ ဒသမ ၆၃ သန်း ဆန္ဒမဲပေးခဲ့ကြောင်း ကြေညာလိုက်သည်။

ဆီးရီးယားရွေးကောက်ပွဲအပေါ် အမေရိကန်နှင့် အီးယူတို့က စိုးရိမ်ပူပန်လျက်ရှိပြီး ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲမဖြစ်နိုင်ဟု ဆိုသည်။ သို့သော် ဒမတ်စကတ်သို့ ရောက်ရှိနေသော အီရန်၊ ရုရှားနှင့် ဗင်နီဇွဲလားတို့အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်က ဆီးရီးယားရွေးကောက်ပွဲကို ထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃။)
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အောက်ဖော်ပြပါ အကြမ်းဖက်မှုကို ကျူးလွန်သူ၊ ကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့် ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ခ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့် နိုင်ငံခြားသားကဖြစ်စေ၊ ယင်းတို့တစ်ဦးဦးအပေါ်တွင်ဖြစ်စေ ပြည်ပတွင်ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဂ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက်အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမား တစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သောငွေကြေးထောက်ပံ့မှု၊

(င) ပြည်ပရှိ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့်ကောင်စစ်ဝန်ရုံး အပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် အခြားစက်တပ်ယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြေးဆွဲသော သို့မဟုတ် ငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ်နှင့် အခြားစက်တပ်ယာဉ်တစ်ခုခုပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါ ထိုသူကကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ကျူးလွန်သည့်အကြမ်းဖက်မှုများ၊

(ဋ) နိုင်ငံတော်၏ နေရာတစ်ခုခုမှ ပိုင်နက်ပင်လယ်ပြင်ပကို ဖြတ်သန်း၍ နိုင်ငံတော်အတွင်းရှိ အခြားနေရာတစ်ခုသို့ သွားလာသော သို့မဟုတ် ခရီးစဉ်အတိုင်း ခုတ်မောင်းသွားလာသော ရေယာဉ်များကဖြစ်စေ၊ ထိုရေယာဉ်များကိုဖြစ်စေ၊ နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပ၌ နိုင်ငံတော်နှင့် နယ်နိမိတ်ချင်းကပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်မျဉ်းနှင့်ကပ်လျက် ဖြတ်သန်းသွားလာသော ရေယာဉ်ကဖြစ်စေ၊ ထိုရေယာဉ်များကိုဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အကြမ်းဖက်မှု** ဆိုသည်မှာ အကြမ်းဖက်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ပြုလုပ်မှုနှင့် ပြုလုပ်ရန် ပျက်ကွက်မှုများကို ဆိုသည်-

(၁) အခန်း (၄) တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဥပဒေနှင့် မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု၊

(၂) အခန်း (၅) တွင် ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်သည့် ပြုလုပ်မှု၊

(၃) အခန်း (၆) တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြုလုပ်မှု၊

(၄) အခန်း (၇)တွင် ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှု၊

(၅) အခန်း (၈) တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့် မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု၊

(၆) အခန်း (၉) တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့် မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု၊

(၇) အခန်း (၁၀)တွင် ပြဋ္ဌာန်းထားသော အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု၊

(၈) အခန်း (၁၁) တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု၊

(၉) အခန်း (၁၂) တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မှုနှင့် သက်ဆိုင်သည့်ပြစ်မှု၊

(၁၀) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(၁၁) ပြည်ပရှိ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့်ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှု၊

(၁၂) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့်ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့် ပြုလုပ်မှုများ၊

(၁၃) အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ၊

(၁၄) အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့်အကြမ်းဖက်မှုများ၊

(၁၅) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု ၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(၁၆) အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(၁၇) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန် အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းပြုလုပ်မှုများ၊

(၁၈) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ။

(ဂ) **ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံ** ဆိုသည်မှာ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး သို့မဟုတ် ထုတ်ယူအသုံးပြုရေးအတွက်ဖြစ်စေ၊ အခြားစီးပွားရေးအတွက်ဖြစ်စေ ရည်ရွယ်၍ ပင်လယ်ကြမ်းပြင်တွင် အခိုင်အမာတပ်ဆင် ဆောက်လုပ်ထားသော ဖန်တီးထားသည့်ကျွန်း သို့မဟုတ် နေရာအဆောက်အအုံကို ဆိုသည်။

(ဃ) **အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများ** ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရာမှ ရရှိသည့်အကျိုးအမြတ်များ၊ အကြမ်းဖက်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်ခုက အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်စု သို့မဟုတ် အဆိုပါအုပ်စု၏ကိုယ်စား အခြားသူတစ်ဦးဦးက ပိုင်ဆိုင်ထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုတစ်ခုအား ထောက်ပံ့ရန် သို့မဟုတ် အကြမ်းဖက်မှုတစ်ခုအား ရန်ပုံငွေထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခဲ့သည့်ငွေကြေးနှင့် ပစ္စည်းများနှင့် အဆိုပါငွေကြေးနှင့်ပစ္စည်းများမှ ဆင့်ပွားဆင်းသက်လာသည့် ငွေကြေးနှင့် အကျိုးအမြတ်များကို ဆိုသည်။

(င) **လေယာဉ်ဝန်ဆောင်မှုပေးချိန်** ဆိုသည်မှာ မြေပြင်မှ လေယာဉ်မထွက်ခွာမီ အမှုထမ်းများ လေယာဉ်ပျံသန်းရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှစ၍ လေယာဉ်ဆင်းသက်ပြီး ၂၄ နာရီ ကြာသည်အထိ ဝန်ဆောင်မှုပေးနေသော အချိန်ကာလကို ဆိုသည်။ ယင်းစကားရပ်တွင် လေယာဉ်ပျံသန်းချိန် တစ်လျှောက်လုံး ဝန်ဆောင်မှုပေးနေသည့် အချိန်ကာလလည်း ပါဝင်သည်။

(စ) **အခြေခံအဆောက်အအုံများ** ဆိုသည်မှာ အများပြည်သူ အကျိုးငှာ အများပြည်သူပိုင်အနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်အနေဖြင့်ဖြစ်စေ အသုံးပြုသော၊ ရယူထားသော၊ ဖြည့်ဆည်းထောက်ပံ့ပေးသော သို့မဟုတ် ဖြန့်ဖြူးပေးသောရေ၊ မိလ္လာအညစ်အကြေး၊ စွမ်းအင်၊ လောင်စာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ တံတား၊ လေဆိပ် သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစသည့် အသုံးအဆောင်ပစ္စည်းများကို ဆိုသည်။

(ဆ) **နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်၏ အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ မှ အရာထမ်း၊ အမှုထမ်းများအတွက် ယင်းတို့၏ တရားဝင်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သော အဆောက်အအုံ သို့မဟုတ် အသုံးပြုသောယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတို့ကိုဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာ အကာအကွယ် ပေးရမည့် ပုဂ္ဂိုလ်** ဆိုသည်မှာ နိုင်ငံတော်အတွင်းသို့ ပြည်ပနိုင်ငံတစ်ခုခုမှ မည်သည့်အချိန်အခါ၌မဆို ရောက်ရှိနေသည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်-

(၁) သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏ အကြီးအကဲ၊ နိုင်ငံ၏ အကြီးအကဲ ကဲ့သို့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သောအဖွဲ့၏ အဖွဲ့ဝင်၊ အစိုးရအဖွဲ့အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် သံတမန်များ၊

(၂) ပုဒ်မခွဲငယ် (၁) ပါ ပုဂ္ဂိုလ်နှင့်အတူ လိုက်ပါသော ယင်းတို့၏ မိသားစုဝင်များ၊

(၃) အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အထူးအကာအကွယ် ရထိုက်ခွင့်ရှိသော သံတမန်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားလှယ်၊ အရာရှိတစ်ဦးဦး သို့မဟုတ် အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် အခြားကိုယ်စားလှယ်။

(ဈ) **ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်** ဆိုသည်မှာ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်တို့ကို ဆိုသည်။

(ည) **ဇီဝလက်နက်** ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာတစ်မျိုးမျိုးကို ဆိုသည်-

(၁) ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးအတွက်ဖြစ်စေ၊ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ဖြစ်စေ၊ အခြားငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ မှန်ကန်ကြောင်းထင်ရှားပြသမှုမရှိဘဲ မူလအနေအထား သို့မဟုတ် ထုတ်လုပ်မှု နည်းလမ်းအရ မည်သည့်ပုံသဏ္ဌာန်၊ မည်သည့် အရေအတွက်မဆိုရှိသည့် အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်းနှင့် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ၊

(၂) ရန်လိုသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ၊

စာမျက်နှာ ၆ သို့

ပြည်တွင်းသတင်း

ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်မှုများကို လွှတ်တော်ဘက်ကလည်း ပါဝင်သင့်ပါဝင်ရမည့် အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၅

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စု လွှတ်တော်နာယကက ပြောကြားရာတွင် နိုင်ငံတော်သမ္မတကငြိမ်းချမ်းရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ကလည်း ငြိမ်းချမ်းရေးရရှိရေးဖြစ်စဉ်နှင့် လုပ်ဆောင်ချက်များကို အလေးထားထောက်ခံဆောင်ရွက်လျက်ရှိကြောင်း။

၎င်းနေရာတွင် အထူးပြောကြားလိုသည်မှာ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးတာဝန်မှာ အဓိကဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက်ကိုလည်း လွှတ်တော်၏ လုပ်ငန်းဦးစားပေးအဆင့်တွင် ထားရှိဆောင်ရွက်နေပါကြောင်း။

အချိန်အခါနှင့် အခြေအနေပေးလာသည့် ဤကာလတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှု၊ ရိုးသားပွင့်လင်းမှု၊ တည်ကြည်ဖြောင့်မတ်မှုများကို အခြေခံ၍ ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်မှုများကို ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်က KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့၏ တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုပါကြောင်းနှင့် အလေးအနက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဘက်ကလည်း ပါဝင်သင့်ပါဝင်ရမည့် အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးတင်ဝင်း၊ ဦးခင်မောင်စိုးနှင့် ဦးညီထွန်းတို့တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စောရော်ဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးအဆင့်ရှိ စောဂျော်နီ၊ KNU ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့်စစ်ရေးအကြံပေး စောတူးတူးလေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များ၊ KNU ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

❊ ရှေ့ဖုံးမှ

နိမိတ်လက္ခဏာကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်ဟု ဝီလ်ကင်ဆွန် ကယူဆကြောင်း စသည်ဖြင့်ရေးသားဖော်ပြသည်။

မေ ၂၇ ရက်ထုတ် ယူကေ သတင်းစာတစ်စောင် ဖြစ်သော Telegraph သတင်းစာက ဒါမီဗီရာလင်းသည် မြန်မာနိုင်ငံသို့သွားရောက်ခဲ့သော ခရီးစဉ်အကြောင်း ပြန်ပြောင်းပြောဆိုခဲ့ပြီး နှစ်ပေါင်း ၇၀ ကြာသည်အထိ ရှိနေဆဲဖြစ်သော အဆိုပါ ခရီးစဉ်ရိုက်ခတ်မှုအကြောင်းကိုဖွင့်ဟခဲ့ကြောင်း၊ ယခုအခါ အသက် ၉၇ နှစ်ရှိပြီဖြစ်သော ဒါမီဗီရာသည် ၁၉၄၄ ခုနှစ်က အီဂျစ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် တိုက်ပွဲဝင်နေကြသောတပ်ဖွဲ့ဝင်များထံ သွားရောက်ပြီး Forces Sweetheart ဟု လူသိများထင်ရှားသည့် တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း၊ ၎င်းသည် D-Day နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်အတွင်း "National Treasure" ဟု အမည်ပေးထားသော တေးအယ်ဘမ်သစ်တစ်ခုဖြန့်ချိမည်ဖြစ်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားသည်။

မေ ၂၆ ရက်နေ့ထုတ် အီတလီသတင်းစာတစ်စောင်ဖြစ်သော Il Messaggero ကန်းရုပ်ရှင်ပွဲတော်အကြောင်းတင်ပြရာတွင် ယခုနှစ်တွင် ရုပ်ရှင်ကားပေါင်း ၅၂၀၀ စံချိန်တင်ပြသခဲ့ပြီးနိုင်ငံ ၁၁၇ နိုင်ငံမှလာရောက်ပြသခဲ့ကြကြောင်း၊ ပါဝင်သည့်နိုင်ငံများအနက်မှ ပထမဆုံးအကြိမ် ပါဝင်ပြသသော နိုင်ငံများမှာ အီရတ်၊ ကာဒစ္စတန်၊ ဆီးရီးယား၊ မြန်မာ၊ ဘရူနိုင်းနှင့်လာအိုနိုင်ငံတို့ဖြစ်ကြပြီး တရုတ်နိုင်ငံ၏ ပါဝင်တင်ဆက်မှု ၄၀ ရာခိုင်နှုန်းတိုးခဲ့ကြောင်း ရေးသားဖော်ပြသည်။

ဧပြီ ၃၀ ရက်ထုတ် ယူကေသတင်းစာဖြစ်သော Financial Times UK က အမေရိကန်သည် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး အဆင့်အတန်းကို လက်လွှတ်ဆုံးရှုံးရတော့မည့်ဆဲဆဲ အခြေအနေတွင်ရှိပြီး အများမျှော်လင့်ထားသည်ထက်စော၍ ယခုနှစ်အတွင်း တရုတ်၏နောက်တွင် နောက်ကောက်ကျန်ရစ်ခဲ့ဖွယ်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် နိုင်ငံတကာနှိုင်းယှဉ်ခြင်းအစီအစဉ်မှပြုစုသော အစီရင်ခံစာကို ယနေ့ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ လူနေမှုကုန်ကျစရိတ် နှိုင်းယှဉ်ချက်အရ ကုန်ကျစရိတ်အများဆုံး လေးနိုင်ငံမှာ ဆွစ်ဇာလန်၊ နော်ဝေ၊ ဘာမူဒါနှင့် ဩစတြေးလျနိုင်ငံတို့ ဖြစ်ကြပြီး ကုန်ကျစရိတ် အချိုသာဆုံးလေးနိုင်ငံမှာ အီဂျစ်၊ ပါကစ္စတန်၊ မြန်မာနှင့် အီသီယိုးပီးယားနိုင်ငံတို့ ဖြစ်ကြသည်ဟု အစီရင်ခံစာမှ တွေ့ရှိရကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

စာမျက်နှာ ၅ မှ

လက်နက်ကိုင် ပဋိပက္ခများအတွက်ဖြစ်စေ အဆိုပါ အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများအသုံးပြုရန် ဒီဇိုင်းပုံစံရေးဆွဲပြုလုပ်ထားသော လက်နက်များ၊ ပစ္စည်းကိရိယာများ သို့မဟုတ် သယ်ဆောင်သည့် ပစ္စည်းများ။

(ဋ) **ဓာတုလက်နက်** ဆိုသည်မှာ အောက်ပါ အဆိပ်အတောက် ဓာတုပစ္စည်းများ၊ လက်နက် ပစ္စည်းကိရိယာများ အတူတကွရှိသည်ဖြစ်စေ၊ တသီးတခြားစီ ရှိသည်ဖြစ်စေ ယင်းဓာတုလက်နက်ပစ္စည်းများကို ဆိုသည်-

(၁) စက်မှု၊ စိုက်ပျိုးရေး၊ သုတေသန၊ ဆေးဝါးဆိုင်ရာ သို့မဟုတ် အခြားငြိမ်းချမ်းစွာ အသုံးချရေးအတွက် သော်လည်းကောင်း၊ အဆိပ်အတောက် ဓာတုပစ္စည်းများနှင့် ဓာတုလက်နက်များအား တိုက်ရိုက်ကာကွယ်ရေးအတွက် သော်လည်းကောင်း၊ ဓာတုအဆိပ် အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့် စစ်ရေးကိစ္စများအတွက် သော်လည်းကောင်း၊ ပြည်တွင်း ဆူပူအုံကြွမှုများအား နှိမ်နင်းရေးအတွက် သော်လည်းကောင်း အသုံးပြုရန် မရည်ရွယ်သည့် အဆိပ်အတောက် ဓာတုပစ္စည်းများ၊

(၂) ပုဒ်မခွဲငယ် (၁) ပါ အဆိပ်အတောက် ဓာတုပစ္စည်းများဖြင့် လူကိုသေစေရန် သို့မဟုတ် ဘေးဥပဒ်ဖြစ်စေရန် အထူးစီမံ ထုတ်လုပ်ထားသည့် လက်နက်ပစ္စည်းများနှင့်ပစ္စည်းကိရိယာများ၊

(၃) ပုဒ်မခွဲငယ် (၂) ပါ လက်နက်ပစ္စည်းများ၊ ပစ္စည်းကိရိယာများကို တိုက်ရိုက်အသုံးပြုရေးအတွက် အထူးစီမံထုတ်လုပ်ထားသည့် အခြားပစ္စည်းကိရိယာများ။

(ဌ) **နျူကလီးယားလက်နက်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ ပြုစုထားသော နျူကလီးယားဒြပ်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှု ပဋိညာဉ်စာချုပ် ၁၉၈၀ ပါ အခန်း (၁)၊ အပိုဒ် ၁ (က) နှင့် (ခ) တွင် ဖွင့်ဆိုထားသည် နျူကလီးယားဒြပ်ပစ္စည်းများ ပါဝင်သော လက်နက်ကိုဆိုသည်။

(ဍ) **ပစ္စည်းကိရိယာ** ဆိုသည်မှာ မည်သို့သော နျူကလီးယား ပေါက်ကွဲမှု ဖြစ်စေသည့် ပစ္စည်းကိုမဆို သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ပျံ့နှံ့စေသော သို့မဟုတ် ဓာတ်ရောင်ခြည် ထုတ်လွှတ်စေသောပစ္စည်း၏ ဓာတ်ရောင်ခြည်ဆိုင်ရာ ဂုဏ်သတ္တိများကြောင့် သေဆုံးခြင်း၊ ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပစ္စည်းများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းတို့ကို ဖြစ်စေနိုင်သော ပစ္စည်းကိုဆိုသည်။

(ဎ) **နျူကလီးယားဒြပ်ပစ္စည်း** ဆိုသည်မှာ ပလူတိုနီယံ-၂၃၈အိုင်ဆိုတုပ်ပါဝင်မှု ၈၀% ထက်ပို၍ ပါဝင်သော ပလူတိုနီယံမှအပ ဖြစ်သော ပလူတိုနီယံ၊ ယူရေနီယံ -၂၃၃၊ ပါဝင်ကိန်း မြှင့်တင်ထားသော ယူရေနီယံအိုင်ဆိုတုပ် -၂၃၃ သို့မဟုတ် ၂၃၅၊ သတ္တုရိုင်း သို့မဟုတ် ကြွင်းကျန်သတ္တုရိုင်းမှအပ သဘာဝအလျောက်ဖြစ်ပွားလာသည့် ယူရေနီယံပါဝင်သည့် အိုင်ဆိုတုပ်အရောများ၊ ဖော်ပြပါ ဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ပါဝင်သော မည်သည့်ဒြပ်ပစ္စည်းများကိုမဆို ဆိုသည်။

(ဏ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့် အလိုအလျောက် ပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယပ်များပါဝင်သည့် ရေဒီယိုသတ္တိကြွအရာဝတ္ထုများ (ယင်းဖြစ်စဉ်တွင် တစ်ခု သို့မဟုတ် တစ်ခုထက်မကပိုသော အိုင်းယွန်းဖြစ်ဓာတ်ရောင်ခြည် အယ်လဖာ၊ ဘီတာ၊ နယူထရွန်အမှုန်နှင့် ဂမ္မာရောင်ခြည်များ ထွက်ရှိပြီး) နှင့် ၎င်းတို့၏ ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲထွက်ခြင်းဖြင့် နျူကလီးယားစွမ်းအင်ထုတ်လွှတ်နိုင်စွမ်းသော ဂုဏ်သတ္တိများကြောင့် သေစေနိုင်ခြင်း၊ ခန္ဓာကိုယ်အား အပြင်းအထန်နာကျင်စေခြင်း သို့မဟုတ် ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းဖြစ်စေနိုင်သော ပစ္စည်းများကို ဆိုသည်။

(တ) **နျူကလီးယားအဆောက်အအုံ** ဟုဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် သို့မဟုတ် အာကာသယာဉ် တစ်မျိုးမျိုးပေါ်တွင် အဆိုပါယာဉ်များ ရွေ့လျားနိုင်ရေးအတွက် စွမ်းအင်ပင်ရင်းအဖြစ် အသုံးပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် အသုံးချရန် တပ်ဆင်ထားသော နျူကလီးယား ဓာတ်ပေါင်းဖိုအပါအဝင် နျူကလီးယားဓာတ်ပေါင်းဖိုများ၊

(၂) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းတို့အတွက် အသုံးပြုသည့်မည်သည့် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ အဆောက်အအုံကိုမဆို သို့မဟုတ် ယာဉ်စက်ပစ္စည်းကို မဆို၊

(၃) နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့် အဆောက်အအုံများနှင် စက်ပစ္စည်းကိရိယာများ ပူးတွဲပါရှိသည့် အဆောက်အအုံတစ်ခုကို ဆိုသည်။ ယင်းအဆောက်အအုံကို ပျက်စီးစေပါက သို့မဟုတ် နှောင့်ယှက်မှု ဖြစ်စေပါက သိသာများပြားသော ပမာဏရှိသည့် ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများ ထုတ်လွှတ်စေနိုင်သည့် အဆောက်အအုံ။

(ထ) **အပြည်ပြည်ဆိုင်ရာ နျူကလီးယားဒြပ်ပစ္စည်းသယ်ယူပို့ဆောင်မှု** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းကို မည်သို့သောနည်းလမ်းဖြင့်မဆို စတင်တင်ပို့ရာနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ ပို့ဆောင်ရန်အလို့ငှာ ထိုနိုင်ငံမှ ကုန်တင်ပို့သူ၏ အဆောက်အအုံ တစ်ခုခုမှ ထွက်ခွာမှုဖြင့် စတင်ပြီး အဆုံးသတ် အသုံးချမည့်နိုင်ငံရှိ ကုန်လက်ခံသူ၏ အဆောက်အအုံတစ်ခုခုသို့ ရောက်ရှိမှုဖြင့် အဆုံးသတ်ခြင်းကို ဆိုသည်။

(ဒ) **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း** ဆိုသည်မှာ အောက်ပါ ပစ္စည်းကိရိယာတစ်ခုခုကို ဆိုသည်-

(၁) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာ ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်စေတတ်သော လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊

(၂) အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများထုတ်လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲ တီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။

(ဓ) **ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်း** ဆိုသည်မှာ ပျော့ပျောင်းသော သို့မဟုတ် ဆွဲဆန့်လျှင် ရှန်းတတ်သော ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် ပေါက်ကွဲစေရန် ပြုလုပ်ထားသော ပလတ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများကို စုံစမ်းထောက်လှမ်း ရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဖြစ်သည်ဟု သတ်မှတ်သော အခြားအရာဝတ္ထုပစ္စည်းတစ်ခုခုလည်းပါဝင်သည်။

(ဆက်လက်ဖော်ပြပါမည်)

လွှတ်တော်ရေးရာကဏ္ဍ

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရှိလာရန်အတွက် ဆွေးနွေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စ ပန်နီပရက်စ်ကာဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက နှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရှိလာရန်လိုအပ်၍ ယင်းကိစ္စအတွက် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စ ပန်နီပရက်စ်ကာအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အလုပ်ခွင်သို့ဝင်ရောက်ခွင့်မရှိသေးသည့် ဘွဲ့ရဆရာဝန်များ လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရန် စီစဉ်လျက်ရှိ

နေပြည်တော် ဇွန် ၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း**က မြောက်ဥက္ကလာပမြို့နယ်အတွင်း ရေကြီးရေလျှံမှုများသည် အခြေအနေဆိုးရွားနေဆဲဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းရာ **သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်း**က မြောက်ဥက္ကလာပမြို့နယ် ရပ်ကွက်များအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် ခ-ရပ်ကွက်၊ ဆ-ရပ်ကွက်၊ ဇ-ရပ်ကွက်၊ ဈ-ရပ်ကွက်၊ ည-ရပ်ကွက်နှင့် ဌ-ရပ်ကွက်များအတွင်းရှိ ရေမြောင်းများကို ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်အထိ စက်ယန္တရားများဖြင့် တူးဖော်ရှင်းလင်း ခဲ့ပါကြောင်း၊ အလားတူ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း မြောက်ဥက္ကလာပ ဆေးတက္ကသိုလ်(၂)နှင့် ဆေးရုံကြီးရှေ့တို့တွင် ရေစီးရေလာကောင်းမွန်စေရန် အတွက် (ပေ၃၅၀၀ × ၄ပေ × ၄ပေ) အုတ်ရေမြောင်းနှင့် (ပေ၂၀ × ၄ပေ × ၄ပေ) ရေထုတ်ပြွန် ခြောက်လုံးကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့ပြင် ရွှေလေ့ချောင်းနှင့် မဏိရတနာချောင်းတို့ကို စက်ယန္တရားကြီးများ အသုံးပြု၍ ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်မှ စတင်တူးဖော်ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး သုနန္ဒာချောင်းကို ဆက်လက်တူးဖော် ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်း နှစ်စဉ်ရေကြီးရေလျှံမှု လျှော့ပါးစေရန်နှင့် ရပ်ကွက်များအတွင်း ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ခေမာ

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။

(သတင်းစဉ်)

သီလမ်းဖြတ်၊ မေဓာဝီလမ်းဖြတ်၊ သုခမိန်လမ်းဖြတ်၊ မဇ္ဈေလမ်းဖြတ် (E.O ရုံးအနီး)၊ ဃ-ရပ်ကွက် နွယ်နီလမ်းနှင့် သုမေ္မာလမ်းဆုံ၊ ဝဇီယာလမ်းနှင့် သုမေ္မာလမ်းဆုံ၊ စ-ရပ်ကွက် ဝဇီယာလမ်းနှင့် မေဓာဝီလမ်းဆုံ၊ ဌ-ရပ်ကွက် စပါယ်လမ်းနှင့် စပါယ်(၄) လမ်းဆုံ၊ ဆဒ္ဒါလမ်းနှင့် သဇင်လမ်းဆုံ တို့၌ ရေထုတ်ပြွန် တစ်လုံးစီ၊ ည-ရပ်ကွက် ဘုမ္မာလမ်းနှင့် ဘုမ္မာကျောင်းလမ်းဆုံ၌ ရေထုတ်ပြွန်နှစ်လုံးနှင့် ဈ-ရပ်ကွက် စက္ကဝတ်လမ်းတစ်လျှောက် လမ်းသွယ်များ၌ ရေထုတ်ပြွန် ၁၀ လုံးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ ဆရာဝန်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းစစ် စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်း မပြုဘဲ ဘွဲ့ရအမှတ်စဉ်အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ လွန်ခဲ့သော (၁၀)နှစ်မှ နှစ်အလိုက်ဆေးပညာဘွဲ့ရ ဦးရေနှင့် အလုပ်ခန့်နိုင်မှု ဦးရေ၊ ယခုအချိန်တွင် အလုပ်ခွင်သို့ဝင်ရောက်ခွင့်မရသေးသည့် ဦးရေနှင့် နောင်တွင်ဘွဲ့ရလာမည့် ဆရာဝန်များ လုပ်ငန်းခွင်သို့ အချိန်နှင့် တစ်ပြေးညီ ဝင်ရောက်နိုင်ရေးအတွက် မည်သို့ စီမံချက်များ ချမှတ်ထားသည်ကို သိရှိလိုသည်နှင့်စပ်လျဉ်း၍ **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က ဆေးသိပ္ပံ ဦးစီးဌာနအနေဖြင့် ဆရာဝန်ဘွဲ့ရ ကျောင်းသား/ကျောင်းသူများကို အရည်အချင်းစစ်စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရနံပါတ်စဉ် (စီးရီး)အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နိုင်ငံဝန်ထမ်းဥပဒေပုဒ်မ ၇ (က)အရ ဝန်ထမ်း အဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသည့် ဝန်ထမ်းများကို ခန့်ထားရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဦးစီးဌာန၏ လက်ထောက်ဆရာဝန် ရာထူးအင်အားတွင် ခွင့်ပြု ၇၉၀၈ ဦး၌ ခန့်ထား ၅၄၀၂ ဦးဖြစ်ပြီး လစ်လပ်အင်အားမှာ ၂၅၀၆ ဦး ရှိပါကြောင်း၊ ၂၀၁၄ခုနှစ် ဇွန်လ နောက်ဆုံးအပတ်တွင် သစ်လွင် လက်ထောက်ဆရာဝန် ၁၁၆၄ ဦး ခန့်အပ်မည်ဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆရာဝန်များကိုလည်း ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လစ်လပ်လျက်ရှိသည့်

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းစဉ်။

(သတင်းစဉ်)

လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန် ရာထူးနေရာများ အပြင် ပြန်နံးတီးအင်အား (အငြိမ်းစား၊ နုတ်ထွက်၊ ကွယ်လွန်) နေရာများ အတွက်လည်း နှစ်စဉ်ဖြည့်ဆည်း ခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ခွင်သို့ ဝင်ရောက်ခွင့်မရှိသေးသည့် ဘွဲ့ရဆရာဝန်များ လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရန် ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် တိုးချဲ့ဖွဲ့စည်းပုံအသစ်အရ ဖြည့်တင်းနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ်ကျသင့်ငွေများကို တယ်လီဖုန်း ခေါ်ဆိုခများကဲ့သို့ ပြောင်းလဲကောက်ခံရန်၊ ငွေတောင်းခံလွှာများကို သုံးစွဲသူများထံ အချိန်မီ စာတိုက်မှဖြစ်စေ၊ Online မှ ဖြစ်စေ တောင်းခံရန်နှင့် ADSL အင်တာနက် ချွတ်ယွင်းမှုရှိပါက တာဝန်ခံဖြေရှင်းပေးမည့် Service ဌာနတစ်ခုဖွဲ့စည်း တာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၌ ADSL Service ကို (512)kbps မှ (2.5)Mbps အထိ Service Plan ငါးမျိုးခွဲထားပြီး နှုန်းထားငါးမျိုးဖြင့် ကောက်ခံလျက်ရှိပါကြောင်း၊ ADSL အင်တာနက် သုံးစွဲသူများအတွက် လစဉ်ကျသင့်ငွေများကို သုံးစွဲမှုအလိုက် ပြောင်းလဲကောက်ခံရန် အတွက် လက်ရှိ ADSL စနစ်၌ Billing နှင့် သက်ဆိုင်သည့် စက်ပစ္စည်းအချို့ကို ထပ်မံတပ်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တပ်ဆင်မည့် စက်ပစ္စည်းများ အတွက် ခန့်မှန်းကုန်ကျငွေ တွက်ချက်မှုများဆောင်ရွက်ကာ ရန်ပုံငွေရရှိရန် တောင်းခံသွားပြီး ရန်ပုံငွေရရှိပါက စက်တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်၍ ယခုအသုံးပြုလျက်ရှိသည့် ပုံသေနှုန်း ကောက်ခံလျက်ရှိသည့် စနစ်မှ သုံးစွဲမှုအလိုက်သော်လည်းကောင်း၊ သုံးစွဲသည့် အချိန်အလိုက်သော်လည်းကောင်း နှစ်သက်ရာစနစ်ကို သုံးစွဲသူများက ရွေးချယ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲကောက်ခံရာတွင်လည်း အများပြည်သူသိရှိနိုင်ရန် ကြိုတင်အသိပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ADSL Internet ချွတ်ယွင်းမှုရှိပါက သက်ဆိုင်ရာ မြို့နယ်အိတ်ချိန်းတာဝန်ခံများနှင့် ၁၀၂ (သို့မဟုတ်) ၁၀၆ Complaint Phone များသို့ ဆက်သွယ် အသိပေးအကြောင်းကြားနိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက "တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အနိမ့်ဆုံး ခုတင် ၅၀ ဆံ့၊ ခရိုင်မြို့ကြီးများတွင် ၂၅ ခုတင်ဆံ့နှင့် မြို့နယ်များတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်**က တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ အခက်အခဲ၊ တိုင်းရင်းဆေးရုံ/ဆေးခန်းဖွဲ့စည်းပုံ မရှိခြင်းတို့ကြောင့် တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ဒေသတွင်းအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၅

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်လေးဦး၏ လျှပ်စစ်ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် နည်းပညာကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **"နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအိမ်တိုင်း အရောက်သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မိုင်းစိတ်ကျေးရွာအတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားတောင်းခံ၍ ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ မေးခွန်းများနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖြေကြားရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **"မင်းတပ်မြို့နယ်အတွင်းရှိ ရှိရွာကြီးမှ လုံခါးရွာကိုဖြတ်၍ တီတိန်ရွာသို့ ၁၂ မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် လုပ်ရှဲရွာမှ ခွဲလုံရွာနှင့်ဒိုင်းရုံးရွာကိုဖြတ်၍ ယောချောင်းသို့ ယင်းမှ ကျောင်းနူးရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာသို့ ၁၆ မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါလမ်းများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားတင်ပြထားခြင်းမရှိပါကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်းလုပ်ငန်းများအား ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဦးစားပေး အစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးတင်ဝင်း၏ **"မကွေးတိုင်းဒေသကြီး အောင်လံ မြို့နယ် ပြလို့-ပြလို့မြင့်-အင်းရွာကြီး ကျေးရွာချင်းဆက်လမ်းမကြီး၏ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါလမ်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားခြင်းမရှိပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများအား တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ပထမဦးစားပေးအနေဖြင့် ၁၈ ပေ အကျယ် မြေသားလမ်း ၈ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း ၃ မိုင်၊ Box Culvert ခြောက်စင်းနှင့် ကွန်ကရစ်တံတား တစ်စင်းတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ***စာမျက်နှာ ၁၀ ကော်လံ ၅ သို့***

မြန်မာနိုင်ငံ၌ အမေရိကန်ကုမ္ပဏီများပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Penny Pritzker ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အမေရိကန်ကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အမေရိကန်ကုန်သွယ်ရေးဌာနအနေဖြင့် ရန်ကုန်မြို့၌ မကြာမီ နိုင်ငံခြားကုန်သွယ်မှု ဝန်ဆောင်မှုရုံးခွဲ ဖွင့်လှစ်မည့်အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်လိုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Penny Pritzker အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Yun Byung-se ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ကိုရီးယားနိုင်ငံက နည်းပညာနှင့် ငွေကြေးများကူညီပေးနေမှု၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကူညီဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးရဲထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E.Mr. Lee Baek-soon လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Yun Byung-se ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ဒုတိယသမ္မတ ဦးညာဏ်ထွန်း အလွတ်တန်းဆောင်းပါး စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မင်းမင်း(ပုံကျွန်း) ကိုယ်စား ကိုသော်ဇင်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

၂၀၁၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ တက်ရောက်ကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

လူတစ်ဦးချင်းစီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို မိမိတို့တတ်နိုင်သမျှ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသွားမည်ဖြစ်ပါကြောင်း။

ယနေ့ ကျရောက်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ပထမဆုံး စတင်ဆွေးနွေးခဲ့ကြသည့် ၄၂ နှစ် ပြည့်မြောက်သည့်နှစ် ဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ ကမ္ဘာမြေပူနွေးလာမှုနှင့် ယင်းအကျိုးဆက်ကြောင့် ဖွံ့ဖြိုးဆဲကျွန်းစုနိုင်ငံလေးများ ထိခိုက်လွယ်မှုကို ဖော်ညွှန်းနေသာ ခေါင်းစဉ်ဖြစ်သည်ကို တွေ့ရပါကြောင်း။

ရာသီဥတု ပြောင်းလဲမှုသည် အခြားနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များတွင်ပြင်းထန်သောစိန်ခေါ်မှုအမျိုးမျိုးကို ခံစားရလျက်ရှိပါကြောင်း၊ လက်ရှိအတိုင်းနှစ်စဉ်ကာဗွန်ထုတ်လွှတ်မှုနှုန်းကို မလျှော့ချနိုင်ပါက ကာရေဘီယံ ကျွန်းစုနိုင်ငံများအနေဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် စီးပွားရေးအရ ဆုံးရှုံးနိုင်မှု ပမာဏသည် ၂၀၈၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၇ ဘီလီယံအထိရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း။

ရာသီဥတု ပြောင်းလဲမှုပြဿနာကို ကောင်းမွန်ကျနစွာ မကိုင်တွယ်မဖြေရှင်းနိုင်ပါက ယင်း၏ဆိုးကျိုးများကြောင့် ပိုမိုရှုပ်ထွေးလာပြီး ၂၀၁၅ ခုနှစ်တွင် ရာသီဥတုဆိုင်ရာ ညီလာခံတစ်ရပ်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပမည်ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေးမတိုင်မီအထိ မိမိတို့ အားလုံးသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မလာစေရန်အတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် ကမ္ဘာမြေပူနွေးလာမှု ၂ ဒီဂရီ စင်တီဂရိတ်အောက် ကျရောက်စေရန် ပိုမိုကျယ်ပြန့်စွာ ပြောဆိုလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် ကမ်းရိုးတန်းမှ ၉၅ မိုင်အတွင်း နေထိုင်လျက်ရှိပြီး လူဦးရေထူထပ်သည့် မြေနိမ့်လွင်ပြင်များတွင် တည်ရှိသည့်အတွက် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပါက ဖွံ့ဖြိုးဆဲကျွန်းစုနိုင်ငံငယ်များ ရာသီဥတုပြောင်းလဲခြင်းဒဏ် ခံစားရသကဲ့သို့ အဆိုပါမြို့တော်များလည်းမလွဲမသွေ ခံစားရမည်ဖြစ်ပါကြောင်း၊ အစွန်းရောက်ရာသီဥတုပြောင်းလဲမှု၏ အဖျက်စွမ်းအားကြီးမားလှသော အကျိုးဆက်များကို မြန်မာနိုင်ငံအနေဖြင့်လည်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ်အခါက ရင်ဆိုင်တွေ့ကြုံခဲ့ရပြီးဖြစ်ပါကြောင်း။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုအပါအဝင် ရာသီဥတုနှင့် ဆက်စပ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန်အတွက် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရမည်ဖြစ်ပြီး ပတ်ဝန်းကျင်မထိခိုက်စေသော အစိမ်းရောင် စီးပွားရေးအသွင်သို့ ကူးပြောင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အစိမ်းရောင်စီးပွားရေးသည် ရာသီဥတုတည်ငြိမ်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးဆုံးလုပ်ငန်းများအနက်မှ တစ်ခုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိမ်းရောင်စီးပွားရေး လုပ်ငန်းစဉ်များဖြစ်သော ကာဗွန်ထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှု လျှော့ချရေး၊ စွမ်းအင်နှင့်သယံဇာတများ ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဆုံးရှုံးမှုအား တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝ သယံဇာတများနှင့် ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ရန်အတွက် စဉ်ဆက်မပြတ် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းသည် အလွန်အရေးကြီးပါကြောင်း၊ သဘာဝ သယံဇာတများသည် မိမိတို့သာမကဘဲ အနာဂတ် မျိုးဆက်သစ်များအတွက်ဖြစ်ပါကြောင်း၊ သယံဇာတများကို မဆင်မခြင်သုံးစွဲမှုများသည် စဉ်ဆက်မပြတ်ထုတ်လုပ်မှုကို ထိခိုက်စေမည် ဖြစ်ပါကြောင်း၊ လူသားများအားလုံး ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို ထိခိုက်မှုမရှိစေရအောင် တစ်ဦးချင်း၏အမူအကျင့်များကို အခြေခံကျကျ ပြောင်းလဲသွားကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရမည်၊ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည့် အစိမ်းရောင်စီးပွားရေးမူဝါဒများကို ခိုင်မာစွာ ချမှတ်ထားပြီးလည်းဖြစ်ပါကြောင်း၊ လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတများ ယုတ်လျော့ပျက်စီးစေမည့် နည်းလမ်းကို မသုံးဘဲ သယံဇာတများကို ထိခိုက်မှုအနည်းဆုံးဖြင့် ဖြစ်နိုင်ပါက တိုးပွားစေမည့် နည်းလမ်းများကို တတ်နိုင်သမျှအသုံးပြု ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသည်ကို တွေ့ရပါကြောင်း၊ ဆင်းရဲနွမ်းပါးသူများသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းရာတွင် ဂေဟစနစ်၏ ပံ့ပိုးဝန်ဆောင်မှုနှင့် ပစ္စည်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့် မှီတည်ဆောင်ရွက်နေရသည်ကို တွေ့နိုင်ပါကြောင်း၊ ဂေဟစနစ်ပျက်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားဖြစ်မှုစသည်တို့ဖြစ်ပေါ်လာပါက အခြားသူများထက် ဆင်းရဲသားများက ပိုမိုခံစားရလျက်ရှိပါကြောင်း၊ တစ်ဖန်ဆင်းရဲမွဲတေမှုသည် ပတ်ဝန်းကျင်ပျက်စီးရာ ပျက်စီးကြောင်း၏ အကြောင်းရင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင် ကောင်းအောင် ပြုလုပ်ခြင်းသည် ဆင်းရဲသားများကို ဆင်းရဲတွင်းမှ လွတ်မြောက်အောင်၊ လူသား အားလုံး ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ်များမှ ကင်းဝေးအောင် ဆောင်ရွက်ပေးရာကျသည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်တက်ကြွကြွအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ယခုနှစ် မတ် ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ကောင်းမွန်လာအောင်၊ စီးပွားရေးတိုးတက်လာအောင်နှင့် လူသားအားလုံး ကောင်းကျိုးအတွက် မိမိတို့လုပ်နိုင်သည်များ အများကြီးရှိပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး ခံယူလုပ်ဆောင်သင့်သည်မှာ “လုပ်နိုင်သည်က စလုပ်ပါ၊ ပူနွေးကမ္ဘာ တားဆီးမှာ” ဆိုသကဲ့သို့ လူတစ်ဦးချင်းစီကစတင်၍ မိမိတို့လုပ်နိုင်သည့် လုပ်ငန်းများဖြစ်သည့် စွမ်းအင်ချွေတာခြင်း၊ ရေချွေတာခြင်း၊ သဘာဝသယံဇာတများ ချွေတာသုံးစွဲခြင်း၊ ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ ရေ၊ မြေ၊ လေ မညစ်ညမ်းအောင် စွန့်ပစ်ပစ္စည်းများကို သတိထား ဆောင်ရွက်ခြင်း စသည်တို့ဖြင့် သယံဇာတသုံးစွဲရာတွင် ကြာရှည်တည်တံ့အောင် စဉ်းစားပြီးသုံးစွဲကြရန် တိုက်တွန်းလိုပါကြောင်း၊ အစိုးရအဖွဲ့အစည်းများရော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကပါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေ စဉ်းစားထည့်သွင်း လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏သဝဏ်လွှာကို လည်းကောင်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မှ ဌာနေကိုယ်စားလှယ် Ms. Bu Thi Lan က ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Mr. Achim Ateiner သဝဏ်လွှာကိုလည်းကောင်း ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မင်းမင်း(ပုံကျွန်း)ကိုယ်စား ကိုသော်ဇင်၊ ဒုတိယဆုရဒေါက်တာမြင့်ကိုယ်စားမောင်ချစ်ဦးကို တတိယဆုရ ကျော်ဆွေဦးနှင့် အထူးဆုရရှိသူသုံးဦးတို့အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေ ညွှန်ကြားရေးမှူး Mr. Toily Kurbanov က ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အလွတ်တန်း စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မောင်ဗညားအောင် ကိုယ်စား မောင်ပြည့်ဖြိုးကျော်၊ ဒုတိယဆုရ မယု(စက်မှု)၊ တတိယဆုရ ဒေါ်ဝေဝေလှိုင်နှင့်အထူးဆုရရှိသူ သုံးဦးတို့အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသည့် ပင်လယ်မျက်နှာပြင် မြင့်တက်မှု တားဆီးရေးပညာပေးဗီဒီယို အစီအစဉ်ကို ပြသပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

✳ ကျော်ဖုံးမှ

ပြီးခဲ့သည့် အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးတွင် တက်ရောက်သူများ၏ အကြံပြုချက်များအပေါ် ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အချက်(၇) ချက် ထည့်သွင်းဆွေးနွေးသွားမည်ဟု သိရှိရပါကြောင်း၊ ယင်းအချက်များမှာ ကျန်းမာရေးဝန်ထမ်းများကို လိုအပ်ချက်နှင့်အညီ ထပ်မံဖြည့်ဆည်းခန့်ထားရန်၊ ပြည်သူများအား ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာစေရေးအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများအား စံကိုက်ဖွဲ့စည်းပုံအတိုင်းခန့်ထား၍ စနစ်တကျစီမံခန့်ခွဲမှုများပြုလုပ်ရန်၊ ကျန်းမာရေးဝန်ထမ်းများက စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးမူ ချမှတ်ရန်၊ နိုင်ငံတကာအဆင့်မီဆေးရုံများပေါ်ပေါက်လာရေးအတွက် Private Sector မှဖြစ်စေ၊ Public Sector မှဖြစ်စေ၊ Public Private Partnership (PPP) ဖြင့်ဖြစ်စေ၊ မြန်မြန်ဆန်ဆန် ပေါ်လာနိုင်ရေးဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေးမြှင့် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကဆေးရုံများတွင် အထူးကုဆရာဝန်များသီးခြားခန့်ထားခြင်း၊ စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း စသည်တို့အတွက် မူဝါဒများချမှတ်ပေးရန်၊ ပြည်သူလူထုဘက်က သွားလာစရိတ်၊ ကုန်ကျစရိတ်လျှော့ချနိုင်ရန်အတွက် လူနာညွှန်းပို့စနစ်ကို စနစ်တကျဆောင်ရွက်ရန်၊ တိုးမြှင့်ရရှိသော ကျန်းမာရေးအသုံးစရိတ်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေးများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ပြည်သူလူထု၏ စိတ်ကျေနပ်မှု ပိုမိုရရှိရေးဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ထမ်းလိုအပ်ချက် ထပ်မံဖြည့်ဆည်းခန့်ထားပေးရန်အတွက် သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာဝန်ထမ်းနှင့် အရေအတွက် လိုအပ်ချက်ကိစ္စဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများစံကိုက်ဖွဲ့စည်းပုံအတိုင်းခန့်ထားရန်အတွက် အရေအတွက် မပြည့်စုံခဲ့ခြင်းအပေါ် မခန့်အပ်နိုင်ခဲ့သည့်ကိစ္စများ ဖြေရှင်းပေးခြင်း၊ စံညွှန်းကုထုံးကုနည်းလိုက်နာရန်မူချမှတ်ရန်ကိစ္စတွင် လူနာတစ်ဦးမကုသခင်တွင် ရောဂါ၏ရာဇဝင်မေးမြန်းခြင်း၊ ခန္ဓာကိုယ်ကို စမ်းသပ်ခြင်း၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းဖြင့် စစ်ဆေးခြင်း၊ ရောဂါအမည်တပ်ခြင်းနှင့်ကုသမှုပေးခြင်းစသည့် အစီအစဉ်ဖြင့် ယခင်ကလည်း ဆောင်ရွက်လာခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီဆေးရုံ ပေါ်ပေါက်လာရေးကိစ္စရပ်တွင် အစိုးရ(သို့)ပုဂ္ဂလိက(သို့) အစိုးရပုဂ္ဂလိက ပူးပေါင်းမှုဖြင့်ဆောင်ရွက်မည့်ကိစ္စမှာ နိုင်ငံ့ဂုဏ်သိက္ခာ၊ ကျန်းမာရေးလောက ဂုဏ်သိက္ခာ၊ ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သော လုပ်ငန်းရှင်များ၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသည့်အတွက် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသင့်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍက ဆေးရုံဆေးခန်းများ၏ အရည်အသွေးမြှင့်ပေးသည့် သင်တန်းများဖွင့်လှစ်သည့်ကိစ္စတွင် CME, Seminar တွင် ဆွေးနွေးစေခြင်း၊ ဘွဲ့လွန်သင်တန်း တက်ရောက်နိုင်ရန် နည်းလမ်းရှာဖွေခြင်း၊ ပုဂ္ဂလိကဆေးရုံတွင် အထူးကုဆရာဝန်များ သီးသန့်ခန့်ထားနိုင်စေရန်နှင့် စံညွှန်းကုထုံးကုနည်းနှင့်အညီ လိုက်နာဆောင်ရွက်စေမည့် မူဝါဒချပေးရန်ကိစ္စတွင် အသေးစိတ်ဆွေးနွေးသင့်ပါကြောင်း၊ ပြည်သူဘက်က သွားလာစရိတ်၊ ကုန်ကျစရိတ်သက်သာစေရန် Telemedicine, Video Conferencing ကဲ့သို့မျိုး လူနာညွှန်းပို့စနစ် စနစ်တကျ ဆောင်ရွက်သင့်ပါကြောင်း၊ တိုးမြှင့်ရလာသည့် ဘဏ္ဍာရေးအသုံးစရိတ်နှင့်အညီ ဝန်ဆောင်မှုအရည်အသွေးတိုးစေရန်နှင့် ပြည်သူများစိတ်ကျေနပ်မှုရရှိရေးဆောင်ရွက်ရန်မှာ လူနာများအပေါ်ဝန်ထမ်းများ၏ ဆက်ဆံရေးပျူငှာရန် လိုအပ်သလို အဝေးမှလာသော လူနာစောင့်များအတွက် အဆင်ပြေစွာစောင့်ရှောက်နိုင်စေရန် သင့်တင့်သည့်နေရာများရှိစေရန် စီမံပေးသွားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေး ဝန်ဆောင်ကုသမှုပေးရာတွင် မြင်နိုင်တွေ့နိုင် လက်ဆုပ်လက်ကိုင်ပြနိုင်သည့်အပိုင်းဖြစ်သော ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ ကျန်းမာရေးဆိုင်ရာ၊ စက်ပစ္စည်း၊ အရေအတွက်၊ အရည်အသွေးပြည့်စုံစွာ ထောက်ပံ့ပေးနိုင်မှု၊ မပေးနိုင်မှုအပေါ် မူတည်သည့်အပြင် မတွေ့နိုင် မမြင်နိုင်သည့် အရည်အသွေးဖြစ်သည့် ဝန်ထမ်းများ၏လူနာအပေါ် နွေးထွေးပျူငှာမှု၊ စေတနာမေတ္တာထားရှိမှု စသည့်အချက်များအပေါ်တွင်လည်း မူတည်မည်ဖြစ်ပါကြောင်း။

လက်ရှိကျန်းမာရေးစောင့်ရှောက်ကုသမှုပေးရာတွင် နိုင်ငံတကာအဆင့်ကဲ့သို့ ကုသမှုအရည်အသွေးမျိုး မမျှော်လင့်ကြသေးပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံနှင့် လိုက်ဖက်သည့်အဆင့်၊ လိုက်ဖက်သည့် အရည်အသွေးကုသမှုမျိုးကိုဖြင့် မျှော်လင့်ကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကကျေနပ်လောက်သည့် ရလဒ်များ ရနိုင်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာခင်ဝင်းသက်က ဆွေးနွေးပွဲလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာ သီတာလှနှင့် ဒေါက်တာမိုးခိုင်တို့က ကုသမှုအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို စံကိုက်ဖွဲ့စည်းပုံအတိုင်းခန့်ထား၍ စနစ်တကျစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရေး၊ စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထု၏စိတ်ကျေနပ်မှုရရှိရေး၊ လူနာညွှန်းပို့မှုစနစ် စနစ်တကျဖြစ်စေရေး၊ နိုင်ငံတကာအဆင့်မီ ဆေးရုံများပေါ်ထွက်လာရေး စသည့် ခေါင်းစဉ်များဖြင့် အကြောင်းအရာအလိုက် အုပ်စုဖွဲ့ဆွေးနွေးခြင်းများပြုလုပ်ကြမည်ဖြစ်ပြီး ဇွန် ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr .Yun Byung-se ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စု လွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးခင်မောင်စိုး၊ ဦးညီထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek Soon တက်ရောက်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်အတွင်းရှိ လမ်းငါးလမ်းကို ယာဉ်မရပ်ရလမ်းများအဖြစ် ထပ်မံတိုးချဲ့သတ်မှတ်

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဇွန် ၃ ရက်တွင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ မြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကာ အများပြည်သူသွားလာရေး အဆင်ပြေရန်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်အတွင်းရှိ အဓိကလမ်းမကြီး ၃၇ လမ်းအား ပထမအကြိမ် ယာဉ်မရပ်နားရ လမ်းများအဖြစ် ၈-၁၁-၂၀၁၃ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အဓိကလမ်းမကြီး ၂၀ အား ၁၂-၁၂-၂၀၁၃ ရက်တွင် လည်းကောင်း၊ တတိယအကြိမ် အဓိကလမ်းမကြီး ၁၀ လမ်းအား ၂၇-၁-၂၀၁၄ ရက်တွင်လည်းကောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး စုစုပေါင်းလမ်းမကြီး ၆၇ လမ်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ အရေးယူဆောင်ရွက်ရာ၌ အချို့လမ်းများတွင် ယာဉ်များရပ်နားထားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ၂၀-၅-၂၀၁၄ ရက်တွင် နောက်ထပ်လမ်း ၁၀ လမ်းအား စတုတ္ထအကြိမ် ယာဉ်မရပ်နားရလမ်းများအဖြစ် ထပ်မံထုတ်ပြန်ခဲ့ရာ စုစုပေါင်း ၇၇ လမ်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ လမ်းငါးလမ်းကို လတ်တလောအခြေအနေတွင် ယာဉ်လမ်းကြောင်းများ၌ ခရီးသည်အတင်အချပြုရန်မှတစ်ပါး မည်သည့်ယာဉ်မျှ ရပ်နားခြင်းမပြုရန် ယာဉ်မရပ်ရလမ်းများအဖြစ် ထပ်မံတိုးချဲ့သတ်မှတ်လိုက်ကြောင်း၊ ယင်းလမ်းများမှာ- မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံမှ အနောက်မြင်းပြိုင်ကွင်းလမ်းအတိုင်း ဦးချစ်မောင် လမ်းဆုံအထိ။

လေးထောင့်ကန်လမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံမှ အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း မြောက်မြင်းပြိုင်ကွင်းလမ်းဆုံ(အဝိုင်းလေး)အထိ၊ ၎င်းမှ မိုးကောင်းလမ်းအတိုင်း ကံဘဲ့လမ်းဆုံအထိ။

ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းဆုံမှ ရန်ရှင်းလမ်းအတိုင်း စက်မှု(၁)လမ်းဆုံအထိ။

ကြားတောရလမ်းနှင့် ဗဟန်းလမ်းဆုံမှ ကြားတောရလမ်းအတိုင်း ရေတာရှည်လမ်းဟောင်းအထိ။

အာဇာနည်လမ်းနှင့် ဦးထောင်ဘိုလမ်းဆုံမှ အာဇာနည်လမ်းအတိုင်း အနောက်ရွှေဂုံတိုင်လမ်းဆုံအထိတို့ဖြစ်ကြောင်း ပါရှိသည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မူကြိုအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေး မိဘအားလုံးဆောင်ရွက်ပေး

ရေနံ့သာမောင်ကျော်ညွန့်

သူငယ်တန်း (Grade-1)သည် အခြေခံပညာရေး၏ ပညာအခြေခံကို စတင်သင်ယူရသည့် အတန်းဖြစ်ပါသည်။ အသက် ငါးနှစ်ပြည့်ပြီးသူကလေးများကို သူငယ်တန်းတွင် စတင်လက်ခံသင်ကြားပေးလျက်ရှိပါသည်။ သူငယ်တန်း၏ ပညာအခြေခံတောင့်တင်းခိုင်မာမှ အခြေခံပညာရေး၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်ဖြစ်ပေသည်။ ပညာအခြေခံကို စတင်သင်ယူကြရမည့် သူငယ်တန်းဝင်ကျောင်းသား ကျောင်းသူများ၏ သင်ယူရန် အဆင်သင့်ဖြစ်နေမှုသည် အရေးကြီးလှပါသည်။ အခြေခံပညာသင်ယူရန်အတွက် သင်ယူရန်အဆင်သင့်ဖြစ်ပေါ်နေအောင် ဆောင်ရွက်ပေးနိုင်သည့်အစီအစဉ်မှာ မူကြိုပညာရေးအစီအစဉ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့မိဘများသည် အခြေခံပညာကျောင်းများသို့ အပ်နှံနိုင်သည့် ကျောင်းနေအရွယ်မတိုင်မီကလေးများကို မူကြိုကျောင်းများသို့ အပ်နှံပေးရန် အထူးပင်အရေးကြီးလှပါသည်။

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများရှိ မူကြိုတန်းသင်ကျောင်းပေါင်း ၃၃၀၀ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၇၇၈၄၈ ဦး၊ လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်သော မူကြိုကျောင်း ၆၆ ကျောင်းတွင် မူကြိုအရွယ်ကလေးပေါင်း ၁၀၀၅၁ ဦးနှင့် မိခင်ဝိုင်း ၂၃၄ ဝိုင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၉၂၈၂ ဦး၊ အသိအမှတ်ပြုပြီး ပုဂ္ဂလိက မူလတန်းကြိုကျောင်း ၂၁၀ တွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၂၁၀၀ ဦး၊ အသိအမှတ်ပြုပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၈၁၄ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၂၉၆၉၈ ဦး၊ ပညာတန်ဆောင်မှကြီးမှူးဖွင့်လှစ်သည့် မိခင်ဝိုင်း ၃၅၄ ဝိုင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၅၃၁၀ ဦး၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော မူလတန်းကြို ၉၉၅ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၃၂၈၁၄ ဦး၊ ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှဖွင့်လှစ်သော မူလတန်းကြို ၁၁၅ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၁၀၁၇၀ ဦး၊ မေတ္တာဖောင်ဒေးရှင်းက ဖွင့်လှစ်သော မူလတန်းကြို ၁၁၅ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၂၇၆၁၀ ဦး၊ ကရုဏာဖောင်ဒေးရှင်းမှ ဖွင့်လှစ်သော မူလတန်းကြို ၁၂၉ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၆၂၃၃ ဦး၊ မြန်မာဗက်ပတစ်ကွန်ဗင်းရှင်းမှ ဖွင့်လှစ်သော မူလတန်းကြို ၁၅၀ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၄၃၉၃၂ ဦး၊ ကချင်ဗက်ပတစ်ကွန်ဗင်းရှင်းမှဖွင့်လှစ်သော မူလတန်းကြို ၆၄၇ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၂၆၅၂၀ဦး၊ ကရင်ဗက်ပတစ်ကွန်ဗေးရှင်းမှ ဖွင့်လှစ်သော မူလတန်းကြို ၈၃၀ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၂၄၉၀၀ ဦး၊ အက်စ်စီ (Save the Children)မှဖွင့်လှစ်သော မူလတန်းကြို ၅၄၂ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၁၆၂၆၀ ဦး၊ ဝေါ်ဗင်းရှင်း (World Vision)မှ ဖွင့်လှစ်သော မူလတန်းကြို ၃၃၂ ကျောင်းတွင် မူကြို အရွယ်ကလေးငယ်ပေါင်း ၉၄၉၄ ဦး စုစုပေါင်း မူလတန်းကြိုကျောင်း ပေါင်း ၈၈၃၃ ကျောင်းတွင် မူကြိုအရွယ်ကလေးငယ်ပေါင်း ၃၃၂၂၂၂ ဦး သင်ကြားလျက်ရှိကြောင်းကို ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအစီရင်ခံစာ(မူကြမ်း)အရ လေ့လာသိရှိရပါသည်။

အဆိုပါ မူကြိုကျောင်းများကို လေ့လာကြည့်ပါမူ ပညာရေးဝန်ကြီးဌာနမှဖွင့်လှစ်သော ကျောင်းအခြေပြုမူလတန်းကြိုအတန်းများ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော နေ့ကလေးထိန်းကျောင်းများနှင့် မူကြိုကျောင်းများ၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီးမှ ဖွင့်လှစ်ထားသည့် မူကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများ၊ ကိုယ်ပိုင်မူကြိုကျောင်းများ၊ မိခင်ဝိုင်းများ၊ မိဘပညာပေးလုပ်ငန်းများနှင့် Play Group တို့ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရသည်။

အဆိုပါမူကြိုကျောင်းများ စီမံခန့်ခွဲရေးကော်မတီများတွင် သင်တန်းတက်ရောက်ပြီးသော ကော်မတီဝင် ၃၂၁၈၂ ဦးတို့က ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ မူကြိုဆရာအဖြစ် သင်တန်းတက်ရောက်ပြီးသော အရည်အချင်းပြည့်မီသည့် မူကြိုဆရာဆရာမပေါင်း ၁၇၂၅၉ ဦးတို့က မူကြိုအရွယ်ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးနေကြပါသည်။ ထို့ပြင် မိဘများအသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးကြမည့် သင်တန်းတက်ရောက်ပြီးသူ အမျိုးသား အမျိုးသမီး ၆၂၉၉ဦးတို့ကလည်း မိဘပေါင်း ၁၂၉၂၅၅ ဦးအား မိဘအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြပြီဖြစ်ပါသည်။ နှစ်စဉ်တိုးတက်လာမည့် မူကြိုအရွယ်ကလေးငယ်ဦးရေနှင့် လိုက်လျောညီထွေရှိမည့် မူကြိုကျောင်းများကိုလည်း ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ ပညာရေးစေတနာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါသည်။ သို့ဖြစ်လင့်ကစား မြန်မာနိုင်ငံ၏ မူကြိုကျောင်းတက်နှုန်းမှာ ၂၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိသေးသဖြင့် အာဆီယံနိုင်ငံများ၊ အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာနိမ့်ကျလျက်ရှိနေပါသည်။ မူကြိုကျောင်းတက်ရောက်မှုနှုန်း နိမ့်ကျနေခြင်းသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးမားသော အဟန့်အတား စိန်ခေါ်မှုဖြစ်နေသည်ကို ကျွန်ုပ်တို့မိဘများအားလုံး လေးနက်စွာ သတိပြုဆင်ခြင်အပ်ပေသည်။

အခြေခံပညာကျောင်းများသို့စတင်အပ်နှံနိုင်သည့်ကျောင်းနေအရွယ် အသက်မှာ ငါးနှစ်ပြည့်ပြီးသူများဖြစ်ပါသည်။ ကလေးတို့၏အသက် သုံးနှစ်မှ ငါးနှစ်မပြည့်မီအရွယ်ကို မူကြိုအရွယ်ကလေးများဟူ၍ သတ်မှတ်ထားပါသည်။ ထိုမူကြိုအရွယ်ကလေးများကို မူကြိုကျောင်းများတွင် အပ်နှံ၍ မူကြိုပညာကို သင်ယူစေခြင်းအားဖြင့် အခြေခံပညာသင်ယူရန် အဆင်သင့်ဖြစ်နေပေမည်။ အခြေခံပညာသင်ယူရန် အဆင်သင့်ဖြစ်နေခြင်းသည် ပညာအခြေခံများကို သင်ယူရာတွင် လွန်စွာမှထိရောက်အောင်မြင်မှုရရှိသည်ကို တွေ့ရှိနိုင်ပါသည်။

အခြေခံပညာကျောင်းများသို့ တက်ရောက်သင်ယူခွင့်မရရှိသေးသော မူကြိုအရွယ်ဟု စတင်သတ်မှတ်ထားသည့် သုံးနှစ်အရွယ်ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုသည် အလျင်မြန်ဆုံးဖြစ်ပြီး သုံးနှစ်အရွယ် ကလေး၏ ဦးနှောက်သည် လူကြီးဦးနှောက်၏ ၈၅ ရာခိုင်နှုန်းခန့် ဖွံ့ဖြိုးနေပြီဖြစ်ကြောင်းကို နယူးဂျာစီပြည်နယ်၏ ဆေးပညာနှင့်သွားဘက်ဆိုင်ရာတက္ကသိုလ်၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာဌာနမှ Richard S.Nowakowski ၏ သုတေသနတွေ့ရှိချက်တွင် ဖော်ပြထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့မိဘများသည် ဦးနှောက်ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးဖြစ်သော သုံးနှစ်အရွယ်သားသမီးများကို ပြုစုပျိုးထောင်ပေးနေသည့်မူလတန်းကြိုကျောင်းများရှိရာသို့ သွားရောက်အပ်နှံပြီး သင်ယူစေရမည်ဖြစ်ပါသည်။

ယနေ့ကာလတွင် ရေပန်းစားပြီးရှေ့တန်းတင်လာသော မူကြိုပညာရေးဟူသည် မူလတန်းအကြိုပညာရေးဖြစ်သည်။ မူကြိုအတန်းဟူသည် မူလတန်းအကြိုအတန်းဖြစ်၏။ မူကြိုအရွယ်ဟူသည် မူလတန်းအကြိုအရွယ်ကိုခေါ်ဆိုရမည်ဖြစ်သည်။ မူကြိုပညာရေးဖြင့် မူကြိုအရွယ်ကလေးများ၏ စိတ်ပိုင်းအမှီအခိုကင်းပြီး လူမှုဆက်ဆံရေးတိုးတက်ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်လျက်ရှိပါသည်။ မူကြိုအရွယ်ကလေးငယ်များကို ဘာသာစကားနှင့်သင်္ချာသဘောတရားအခြေခံကျွမ်းကျင်မှု၊ ကာယဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ ရသခံစားမှု၊ ပတ်ဝန်းကျင်လေ့လာမှု၊ မျိုးချစ်စိတ်ဓာတ်စွဲတည်လာမှုတို့ဖြစ်ပေါ်လာအောင် သိမှုနယ်ပယ်ဖွံ့ဖြိုးရေးအတွက် သင်ကြားပေးရင်း ကျွမ်းကျင်မှုနယ်ပယ်ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်ပေးလျက်ရှိပါသည်။ ထို့ကြောင့် မူကြိုကလေးများသည် မူလတန်းကျောင်းသို့ တက်ရောက်မသင်ကြားရမီကတည်းက နာယူနိုင်မှုစွမ်းရည်မြင့်မားနေပြီး ပြောဆိုမှုစွမ်းရည်မြင့်မားနေပြီဖြစ်ပါသည်။ တစ်နည်းဆိုရသော် မူလတန်းအဆင့် သူငယ်တန်းတွင် သင်ယူနိုင်ရန် အဆင်သင့်ရှိနေပြီဖြစ်ပါသည်။ သူငယ်တန်းရှိကျောင်းသားများအနက် မူကြိုအတန်းကို တက်ရောက်ခဲ့ကြသူများသည် မတက်ရောက်ခဲ့ရသူများထက် လျင်မြန်သွက်လက်ဖျတ်လတ်ကာ ပေါင်းသင်းဆက်ဆံရေးအဆင်ပြေချောမွေ့ပြီး သင်ကြားမှုအပေါ် စိတ်ပါဝင်စားလျက် ဉာဏ်ရည်ထက်မြက်စွာဖြင့် သင်ယူနိုင်ခြင်း အကျိုးရလဒ်ကို ပိုင်ဆိုင်နေကြရသူများဖြစ်ပါသည်။

မူကြိုကျောင်းသည် မူကြိုကလေးများအား စာသင်ပေးရာဌာနမဟုတ်ဘဲ မူကြိုအရွယ်ကလေးငယ်တို့၏ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှုတိုးတက်မြင့်မားအောင် လေ့ကျင့်ပေးရာဌာနဖြစ်ပါသည်။ မူကြိုဆရာ ဆရာမများသည် မူကြိုအရွယ်ကလေးငယ်များအား ကစားရင်းဖြင့် သင်ယူလိုစိတ်ရှိလာအောင် လှုံ့ဆော်ပေးခြင်း၊ ကလေးများသင်ယူမှုဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးခြင်း၊ ကလေးများအား တတ်ကျွမ်းမှုစွမ်းရည်နောက်တစ်ဆင့်ရအောင် ကူညီပံ့ပိုးပေးခြင်း၊ ကလေးများ၏ဝေဖန်ပိုင်းခြား သုံးသပ်မှုစွမ်းရည်များဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးပေးခြင်း၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဆိုင်ရာစွမ်းရည်များဖွံ့ဖြိုးလာစေရန်ကူညီ ပံ့ပိုးပေးခြင်းတို့ကို လေ့ကျင့်အားပေးနေကြသူများ ဖြစ်ပေသည်။

သို့ဖြင့် မူကြိုအရွယ်ကလေးငယ်များသည် ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ၊ သစ်ပင်များနှင့် လူသားများ၏ အပြန်အလှန်ဆက်သွယ်မှုကိုသိရှိလာမည်။ စူးစမ်းလေ့လာတတ်လာမည်။ ပြဿနာဖြေရှင်းတတ်လာမည်။ မေးခွန်းများ မေးမြန်းတတ်လာမည်။ ခံစားချက်များကို ရုပ်ပုံများဖြင့် ဖော်ပြတတ်လာမည်။ ပတ်ဝန်းကျင်ရှိလူများ၊ တိရစ္ဆာန်များနှင့် သစ်ပင်များကို ချစ်မြတ်နိုးလာမည်။ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ကိန်းဝပ်လာမည်။ ထို့ပြင် မူကြိုကလေးငယ်များသည် လုပ်ဆောင်ရမည့် အလုပ်များကိုသိရှိလာခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာခြင်း၊ ကျန်းမာသန်စွမ်းလာခြင်း၊ စိတ်လက်ကြည်သာပျော်ရွှင်လာခြင်း၊ အာဟာရပြည့်ဝလာခြင်း၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်လာခြင်း၊ ဆက်လက်သင်ယူရန် စိတ်အားထက်သန်လာခြင်းစသော အကျိုးကျေးဇူးများကိုလည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် မူကြိုအတွေ့အကြုံရှိသည့်ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲနှုန်းသည် မူကြိုအတွေ့အကြုံမရှိသည့် ကလေးများထက် မြင့်မားနေခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့မိဘပြည်သူများသည် အသက်သုံးနှစ်မှ ငါးနှစ်အရွယ်မူကြိုကလေးများ၏ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုစသည့် ဘက်စုံဖွံ့ဖြိုးမှုများရရှိစေပြီး ဘဝတစ်သက်တာအခြေခံကောင်းများကို ရရှိစေရန်အတွက် မူလတန်းကြိုကျောင်းများသို့ အပ်နှံကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မူလတန်းကြိုအတန်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းများသို့ မူကြိုအရွယ်မူကြိုကျောင်းသား ကျောင်းသူများအပ်နှံရန် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ ကူညီထောက်ပံ့ခြင်းဖြင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည့် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် တစ်မျိုးသားလုံးအင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသော အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❀ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင်ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖရက်ဒရစ် ရိန်းဖဲ့လ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်အတိုင်း တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **“တောင်ကိုရီးယားနှင့် မြန်မာ ပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင် အရေးပါသည့် နည်းပညာကဏ္ဍ ဖွံ့ဖြိုး

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် ဖြေကြားစဉ်။ (သတင်းစဉ်)

တိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ဒေသတွင်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့်ပူးပေါင်း၍ မြန်မာပိုလီတက်ကနစ်တက္ကသိုလ် တည်ထောင်နိုင်ရေးအတွက် Feasibility Study ပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ကာ Feasibility Study နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြပါကြောင်း၊ ကိုရီးယားပိုလီတက်ကနစ်တက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ မြန်မာပိုလီတက်ကနစ်တက္ကသိုလ်ကို တည်ထောင်နိုင်ရန် နားလည်မှု စာချွန်လွှာ(မူကြမ်း)အား လက်မှတ်ရေးထိုးရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူ ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ Feasibility Study ဆောင်ရွက်ပြီးပါက သင်ကြားမည့်ဘာသာရပ်၊ သင်ကြားမည့် အစီအစဉ်များနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက် ရမည့် အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ကလည်းကောင်း၊ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ**

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းကလည်းကောင်း တင်သွင်းကြရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာ ယင်းဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

ပင်လောင်း ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု ဆောင်းပြောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် PNO ဥက္ကဋ္ဌ ဦးခွန်မောင်တီး၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇွန် ၅

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် ညနေ ၆ နာရီက ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် တိုင်းအားကစားခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ဗိုလ်လုပွဲသို့ တက်ရောက်လာသော ထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြိတ်မြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီမြို့နယ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်း

ရာဇာမင်း ရန်ကုန်-ကော့ကရိတ် အထူးမှန်လုံယာဉ် လမ်းဘေးထိုးကျ

ဘားအံ ဇွန် ၅

ကရင်ပြည်နယ် ဘားအံမြို့နယ် ရှမ်းကုန်းကျေးရွာအနီးတွင် ဇွန် ၂ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်-ကော့ကရိတ် လိုင်းပြေးဆွဲနေသည့် ရာဇာမင်းအထူးမှန်လုံယာဉ်မှာ ရှေ့မှ မျက်နှာချင်းဆိုင် မောင်းနှင်လာသော ယာဉ်တစ်စီးအား ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းစောင်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်-ကော့ကရိတ် ပြေးဆွဲနေသည့် ရာဇာမင်း အထူးမှန်လုံယာဉ်အမှတ် 8I/----မော်တော်ယာဉ်အား ယာဉ်မောင်း ဦးခင်မောင်ဦး (၅၃ နှစ်)၊ ယာဉ်နောက်လိုက် စောရန်နိုင်(၁၉ နှစ်)တို့ မောင်းနှင်၍ ရန်ကုန်မြို့မှ ကော့ကရိတ်မြို့သို့ ထွက်ခွာလာရာ ဘားအံမြို့နယ် ရှမ်းကုန်းကျေးရွာအနီး ဘားအံ-မြဝတီကားလမ်း တံတားအမှတ် ၁/၂၇ နှင့် မိုင်တိုင်အမှတ် ၂၆/ ၂ အကြားတွင် မြဝတီမြို့မှ မောင်းနှင်လာသည့် ၁၂ ဘီးကား ကုန်တင်ယာဉ်တစ်စီးကို မျက်နှာချင်းဆိုင် ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်အနိမ့်ပိုင်းသို့ ထိုးကျတိမ်းစောင်းသွားခဲ့သော်လည်း ယာဉ်ပေါ် လိုက်ပါစီးနင်းလာသည့် ခရီးသည် ၂၆ ဦးတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။ လမ်းဘေးထိုးကျ ယာဉ်တိမ်းစောင်းမှုကြောင့် ယာဉ်အရှေ့ညာဘက်ခြမ်း၊ အောက်ပိုင်းပျက်စီး၊ ယာဉ်ညာဘက်ဘော်ဒီအနည်းငယ်ပျက်စီး၊ ယာဉ်နောက်ပိုင်းညာဘက်ခြမ်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရာဇာမင်း အထူးမှန်လုံယာဉ် လမ်းဘေးထိုးကျ တိမ်းစောင်းမှုနှင့်ပတ်သက်၍ သာယာကုန်းရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက သွားရောက် ကြည့်ရှုစစ်ဆေး၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးခင်မောင်ဦးကို အိန္ဒုနယ်မြေရဲစခန်းမှ ရဲအုပ်ရဲထွန်းအောင်က စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

တရုတ်နိုင်ငံမှလာသည့် တန်ပိုကျောက်တင်ကားကြီးများကြောင့် လမ်းများပျက်စီး

နမ့်ခမ်း ဇွန် ၅

မူဆယ်-နမ့်ခမ်း နယ်စပ်ဒေသတွင် ကုမ္ပဏီခုနစ်ခုမှ နမ့်ခမ်းမြို့နယ်အတွင်း တောင်ပေါ်ဆီလီကွန်ကျောက်ထွက်ရှိရာနေရာမှ နမ့်ခမ်းမြို့တွင်းလမ်းကိုဖြတ်၍ တရုတ်နံပါတ်တပ်ထားသော တရုတ်ကုန်ကားကြီးများဖြင့် နမ့်ခမ်း-မူဆယ် လမ်းတစ်လျှောက်တွင် သတ္တုကျောက်ကို သတ်မှတ်တန်ချိန်ထက်ကျော်လွန်၍ နေ့စဉ်ညဉ့်နက်သည်အထိ ဖြတ်သန်းသယ်ယူပြီး တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိရာ နမ့်ခမ်းမြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ နမ့်ခမ်း-မူဆယ်လမ်းများသည် မြေကျွံကျခြင်း၊ ကတ္တရာလမ်းချိုင့်ဝင်ပျက်စီးခြင်းနှင့် လမ်းအနေအထားပျက်စီးခြင်းများ ရှိနေသည်။ **(ယာပုံ)**

ညအချိန်မတော်သွားလာခြင်းများကြောင့် သက်ကြီးရွယ်အိုများ၊ မမာမကျန်းသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ ဒေသခံပြည်သူများအတွက် ကောင်းမွန်စွာသွားလာနိုင်ရန် ခင်းထားသောလမ်းများသည် ပျက်စီးလျက်ရှိသည်။

“အရင်တုန်းက နမ့်ခမ်း-မူဆယ်ကို နာရီဝက်ပဲမောင်းရတယ်။ အခုဆိုရင်ကားကိုအရှိန်နဲ့မောင်းလို့ မရဘူး။ မြင်တဲ့အတိုင်းပဲ။ ကားလမ်းက ရေလှိုင်းလိုဖြစ်နေတယ်။ တချို့နေရာတွေဆို ချိုင့်ခွက်တွေ၊ မြေကျွံတာတွေဖြစ်နေတယ်။ မောင်းချင်တိုင်းမောင်းလို့မရဘူး။ နမ့်ခမ်း-မူဆယ်(၁၉)မိုင်ကို တစ်နာရီနီးပါးမောင်းရတယ်ဗျ” ဟု ယာဉ်ငယ်မောင်းသူ တစ်ဦးက ပြောသည်။ လမ်းကို ၁၆ တန်သာ သွားလာခွင့်ပြု ထားသော်လည်း ကျောက်သယ်သည့် ကားကြီးများသည် ကုန်မပါဘဲ တန် ၂၀ အထက်ရှိပြီး ကျောက်တင်ပြီးပါက တန် ၅၀ ခန့် ရှိသည့်အတွက် လမ်းမှာ ဝန်အားမမျှဘဲ ပျက်စီးရသည်။

“ကျွန်မတို့ရွာနဲ့ နမ့်ခမ်းကိုလာတဲ့လမ်းက အရင်က တော်တော်ကောင်းတယ်။ ကျောက်တင်တဲ့တရုတ်ကားကြီးတွေ သွားလာတာများတော့ ပျက်ကုန်ပြီ။ သွားလာရတာ လုံးဝအဆင်မပြေဘူး။ အခု မိုးရာသီဆိုရင်ပိုပြီးပျက်တယ်။ ဒီလိုသာဆက်ပြီး သွားလာနေမယ်ဆိုရင် ပိုပြီးဆိုးလာမှာ သေချာတယ်” ဟု နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

နိုင်ငံတော်က အများပြည်သူသွားလာရေး လွယ်ကူချောမွေ့စေရေး လမ်းတံတား ကောင်းမွန်စေရန် ဆောင်ရွက်နေသော်လည်း တစ်ဖက်နိုင်ငံမှ စည်းကမ်းမဲ့ ကျောက်တင်ကားများ အစစ်အဆေးမရှိ ဝင်ထွက်သွားလာနေကြရာ အများပြည်သူလမ်းမှာ ပျက်စီးသဖြင့် သွားလာသူများ စိတ်မချမ်းမသာဖြစ်ကြရသည်။ သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးမည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နမ့်ခမ်းသား

တောင်ငူတွင် ငွေကျပ် ၁၈၈ သိန်း တန်ဖိုးရှိ သက်သေခံရွှေထည်ပစ္စည်းများ ပိုင်ရှင်ထံပြန်အပ်နှံ

တောင်ငူ ဇွန် ၅

တောင်ငူမြို့ (၁၂) ရပ်ကွက် ၅ လမ်းနေ ဒေါ်သန်းသန်း ဆေးပစ္စည်းအရောင်းဆိုင်ပိုင်ရှင်နေအိမ်မှ မေ ၁၉ ရက်က ပျောက်ဆုံးသွားသည့် ရွှေထည်လက်ဝတ်ရတနာပစ္စည်း ၁၅ မျိုး စုစုပေါင်းကာလတန်ဖိုး ၁၈၈ သိန်းကို အမှတ် (၂) နယ်မြေရဲစခန်းမှ နာရီပိုင်းအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အဆိုပါ ရွှေထည်ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူထံ ဇွန် ၁ ရက်က ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေကျပ် ၁၈၈၅၀၀၀၀ တန်ဖိုးရှိ သက်သေခံ ရွှေထည်ပစ္စည်းများ ပိုင်ရှင်ထံပြန်အပ်နှံပွဲသို့ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသန်းထွန်း၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေနှင့် မြို့မိမြို့ဖများ တက်ရောက်ဂုဏ်ပြုအားပေးခဲ့ကြပြီး စခန်းမှူး ရဲအုပ်အေးဇော်က ချိပ်ပိတ်သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများကို တာဝန်ရှိသူများ ရှေ့မှောက်တွင် ဖွင့်ဖောက်၍ ပိုင်ရှင် ဒေါ်သန်းသန်းထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် တောင်ငူမြို့ အမှတ် (၂)နယ်မြေရဲစခန်းမှူး ရဲအုပ်အေးဇော်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းထိုက်ထွေးတို့ ဦးဆောင်သောအဖွဲ့သည် အချိန်နှင့်တစ်ပြေးညီ အခင်းဖြစ်ရပ်ကို စစ်ဆေးခြင်း၊ ဆက်စပ်သက်သေများစစ်ဆေးခြင်း၊ လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် ပိတ်ဆို့ရှာဖွေခြင်းများ ပြုလုပ်ခဲ့ပြီး အလားတူပြစ်မှုဖြင့် ပြစ်ဒဏ်ကျဖူးသူ တောင်ငူမြို့ (၁၃)ရပ်ကွက် ယက္ကန်းချောင်လမ်းနေ ဖြိုးဝင်းပိုင် (၂၄နှစ်)ကို တိုင်ချက်ဖွင့်ပြီး ၁၃ နာရီအကြာ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ ခေတ်သစ်ဦး လက်ဖက်ရည်ဆိုင်အနီး၌ သက်သေခံပစ္စည်းများဖြင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ **(၁၂၃)**

အလုံ ကရင်ခြံရပ်ကွက် အမှိုက်ကန်မှ ကျည်ဆန်များတွေ့

ရန်ကုန် ဇွန် ၅

ဇွန် ၃ ရက် နံနက် ၆ နာရီခွဲခန့်က အလုံမြို့နယ် ကရင်ခြံရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ အုတ်အမှိုက်ကန် အမှတ် အလ ၀၀၁ အတွင်းမှ အသုံးပြု၍ရသော ၉မမ ကျည်ဆန် ကိုးတောင့်၊ အသုံးပြု၍မရသည့် ၉မမ ကျည်ကတ် တစ်ခုကို တွေ့ရှိခဲ့သည်။ **(အောက်ပုံ)**

တွေ့ရှိသူမှာ သန့်ရှင်းရေးလုပ်သား လပြည့်ဆိုသူဖြစ်ပြီး သန့်ရှင်းရေးတာဝန်ခံ ဦးဟန်မျိုးလှိုင်သို့ သတင်းပို့အပ်နှံကာ ဦးဟန်မျိုးလှိုင်က သက်ဆိုင်ရာ စည်ပင်သို့ ဆက်လက်တင်ပြ၍ အလုံမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံခဲ့ခြင်းဖြစ်သည်။

ကိုကြီးတင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်ထောင်စုဝန်ကြီးများ တက္ကသိုလ်များစစ်ဆေး

နေပြည်တော် ဇွန် ၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့သည် ဇွန် ၂ ရက်က နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကိုကိုဦးတို့သည် နည်းပညာတက္ကသိုလ် (သန်လျင်)သို့ရောက်ရှိကာ ဒုတိယ ပါမောက္ခချုပ် ဌာနမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူများသည် ကျောင်း၏ချမှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာနေထိုင်သွားကြရန်နှင့် စာကြိုးစားနေထိုင်သွားကြရန် သွန်သင်ဆုံးမပေးကြရမည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည့် သုတေသနလုပ်ငန်းများအား လုပ်ဆောင်သွားကြရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်နိုင်ရေးအဆောင်များ စီစဉ်ထားပေးရန်လိုအပ်ကြောင်း၊ Syllabus နှင့် Curriculum များ ရေးဆွဲရန်အတွက် မူဝါဒများချမှတ်လုပ်ဆောင်ကြရန်နှင့် ပြန်လည်လေ့လာခြင်း (Review) နှင့် ပြောင်းလဲခြင်း (Changing) လုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာပြီး လိုအပ်ပါက လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နည်းပညာတက္ကသိုလ် (သန်လျင်)၊ ပါမောက္ခချုပ်(တာဝန်)ဒေါက်တာကေသီလွင်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် နောင်ဆောင်ရွက်မည့်အစီအစဉ် တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆရာ ဆရာမများနှင့် နည်းပညာတက္ကသိုလ် (သန်လျင်)၏ စီမံချက်များနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိခိုက်ဒဏ်ရာ ရရှိသူအား အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ ဥက္ကဋ္ဌ ဒေါ်မေသူနှင့် အဖွဲ့ဝင်များသည် ဇွန် ၂ ရက်က သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ပတ္တမြား နှစ်ထပ်ကျောင်းဆောင် အပေါ်ထပ်ဝရန်တာပြုတ်ကျသဖြင့် ခါးဆစ်ရိုးထိခိုက်မှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော အဌမတန်းကျောင်းသူ မသဲပုံချစ်အား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အလှူငွေကျပ်ငါးသိန်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သန့်စင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၀၈၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၉၀၀၀-၁၅၅၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၀-၉၇၀
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၃၀-၃၀.၅
အိန္ဒိယ	တစ်ရူပီး	၁၅-၁၆
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ာအသစ်)	တစ်အိတ်	၁၆၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၀၀၀၀-၂၀၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၆၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၄၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၀၀-၁၅၀၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၁၂၇၅-၁၃၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၉၀-၆၁၀
ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၂၀၀-၂၄၀၀
ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံစုတင်ပြသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးတပ်ဆင်ရေးဆောင်ရွက်

နောင်ချို ဇွန် ၅

နောင်ချိုမြို့နယ်အတွင်း ပြေးဆွဲနေသောလုပ်ငန်းသုံးယာဉ်၊ ခရီးသယ်ယာဉ်၊ ဌာနဆိုင်ရာသုံးမော်တော်ယာဉ်နှင့် အိမ်စီးယာဉ်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက(DCP) မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိရေး ဇွန် ၃ ရက်က ဆောင်ရွက်ကြသည်။

ကားလမ်းအသုံးပြုသွားလာမောင်းနှင်နေသော မော်တော်ယာဉ်များသည် မကြာခဏဆိုသလို ယာဉ်အပူရှိန်မြင့်မားလွန်ကဲ၍ မီးလောင်မှုများဖြစ်ပွားကြသဖြင့် မော်တော်ယာဉ်များတစ်စီးလျှင် မီးသတ်ဆေးဘူးတစ်ဘူး တပ်ဆင်ထားရှိရန် လိုသည့်အတွက် မီးသတ်ဆေးဘူးများတပ်ဆင်ခြင်းဖြင့် မီးအန္တရာယ်ကိုကြိုတင်ကာကွယ်ရေးအတွက်လည်း အထောက်အကူများစွာရရှိနိုင်ကြောင်း နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလွင်က ပြောကြားသည်။ **(၀၆၁)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

မြေကွက်ရောင်းမည် (ပွဲစားမလို)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၁၉ ရှိ အလျား ပေ(၈၀+၈၆)၊ အနံ ပေ(၅၄+၃၀)၊ ကိုယ်ပိုင်မီတာ၊ လမ်းကျယ်၊ လမ်းကောင်း မြေကွက်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း-၀၉-၄၅၀၀၂၀၉၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၃၇၄၊ မြေကွက်တည်နေရာ အမှတ် ၃၇၄၊ ရွှေဇဟိုရ်ပတ်လမ်း၊ ရွှေပြည်သာ ဦးလှကျော် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှကျော်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝင်း ၁၂/ကမရ(နိုင်)၀၀၈၉၆၅က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ထောင်ဦးစီး ဇယားမပါရှိ၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အထက(၁) နဝမတန်း(အောင်)မှ မစုဝတ်ကြည်၏ ဖခင်အမည်မှန်မှာ ဦးနေဒွန်း (အစား) ဦးနေထွန်း ၁၄/ဘကလ(နိုင်) ၁၅၅၃၈၉ ဖြစ်ပါကြောင်း။

အမည်မှန်

မချိုချိုမြင့်(ခ)မခင်ချိုမြင့် ၇/တငန (နိုင်)၁၂၃၉၀၄၏ အမည်မှန်မှာ မခင်ချိုမြင့်ဖြစ်ပါသည်။

မခင်ချိုမြင့်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နေ ဦးအောင်ထွန်း ၁၃/တကန(နိုင်)၀၈၅၉၄၆၏သားမောင်အောင်နိုင်ထွန်း(ခ)သားငယ် ၁၃/တကန(နိုင်)၁၄၆၇၉၈သည် မိဘ၏ ဆိုဆုံးမမှုကို လက်မခံသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

ဦးအောင်ထွန်း ၁၃/တကန(နိုင်)၀၈၅၉၄၆

ဦးထွန်းထွန်းဝင်း (၁၂/သဃက(နိုင်)၀၀၀၅၁၁) နှင့် အများသိစေရန် ကြေညာခြင်း

[illegible]

ဒေါ်ခင်မာဝေ (LL.M)

[illegible]

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ တိုက်အမှတ် ၂၀၁၊ အခန်း ၁၉သည် ကျွန်ုပ်မိတ်ဆွေ၏ မိခင် ဒေါ်မိမိ ၁၂/ရကန(နိုင်)၀၁၈၄၂၂၏ အမည်ဖြင့် ချထားပေးသော အခန်းဖြစ်ပါသည်။ မိခင် ဒေါ်မိမိသည် (၁၁-၄-၂၀၁၀)ရက်က ကွယ်လွန်ခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် ဩရသသမီးကြီးဖြစ်သည့်အတွက် ပထွေးဖြစ်သူ ဦးလှရွှေထံမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိခင်ကျန်ခဲ့သော အမွေပုံပစ္စည်းကို အမွေတောင်းဆိုပိုင်ခွင့်ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ မိခင်ကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်သည့် တိုက်ခန်းကို အမည်ပြောင်းခြင်း၊ လွှဲပြောင်းငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ထားလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက လွှဲပြောင်းရယူသူ၏ တာဝန်သာဖြစ်မည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အေးအေးမီ

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၆)
အမှတ် (၃၁)၊ ဇဋီလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂ (တိုးချဲ့)ရပ်ကွက်မှ အောက်ဖော်ပြပါမြေကွက်နှစ်ကွက်ကို အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်အရ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးသန့်ဇင် ၁၂/မဘန (နိုင်)၀၀၅၁၆၅ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၁။ ၄၂(တိုးချဲ့)ရပ်ကွက်၊ မြေကွက်အမှတ် ၁၆၉၊ ဧရိယာပေ(၄၀×၆၀)ကျယ်ဝန်းသော ဒေါ်တင်ကြည် HG-၁၄၁၈၂၀ အမည်ပေါက် ပါမစ်-မြေကွက်။

၂။ ၄၂(တိုးချဲ့)ရပ်ကွက်၊ မြေကွက်အမှတ် ၁၇၀၊ ဧရိယာပေ(၄၀×၆၀)ကျယ်ဝန်းသော ဦးမြင့်ဆွေ PGU-၂၁၈၀၈၅ အမည်ပေါက် ပါမစ်-မြေကွက်။

အဆိုပါမြေကွက်နှစ်ကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်သိန်းသန်း ၁၂/ဗဟန(နိုင်)၀၂၂၆၀၇ ဖုန်း-၀၉-၅၁၉၉၈၃၉
ဦးကျော်မင်းဦး ၁၂/လမတ(နိုင်)၀၀၂၇၃၈ ဖုန်း-၀၉-၃၀၃၅၀၈၁၀၊ ၀၉-၅၅၀၄၉၁၈

ကန့်ကွက်နိုင်ပါသည်

[illegible]

ပြည်တွင်းသတင်း

ထရန်စဖော်မာမှ ဓာတ်ကြိုးပြုတ်ကျ၍ ဓာတ်လိုက်

ရန်ကုန် ဇွန် ၅

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်း မြို့နယ် အမှတ် (၁) ရပ်ကွက်အတွင်း ထရန်စဖော်မာအိုးမှ ဓာတ်ကြိုးပြုတ်ကျပြီး လူပေါ်သို့ ထိမိကာ မိန်းကလေးတစ်ဦး ပြင်းထန်သော ဒဏ်ရာဖြင့် ဆေးရုံသို့တင်ပို့လိုက်ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၄ ရက် နံနက် ၆ နာရီက မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် ၆ လမ်း အိမ်အမှတ် ၅၉၉ နေ မနှင်းယုထွေး (၂၈နှစ်) သည် မိမိနေအိမ်မှ ဈေးရောင်းချရန် သမိုင်း (၁)လမ်းနှင့် အလောင်းဘုရားလမ်းရှိ မိမိဈေးဆိုင်တွင် ဈေးရောင်းပစ္စည်းများဖြစ်သည့် ကုန်များကို ပြင်ဆင်နေစဉ် မလှမ်းမကမ်းရှိ သမိုင်း(၁)လမ်းနှင့် အလောင်းဘုရားလမ်းထိပ်ရှိ ထရန်စဖော်မာအိုးမှ ကြေးနီဓာတ်ကြိုး ပြုတ်ကျလာပြီး ကိုယ်ခန္ဓာတွင် ရစ်ပတ်ငြိတွယ်ပြီး ဓာတ်လိုက်နေစဉ် အနီးရှိ ဈေးရောင်းဖော်တို့က ထရန်စဖော်မာရှိ မိန်းခလုတ် သွားရောက်ပိတ်လိုက်မှ မြေပေါ်သို့ လဲခွေကျသွားပြီး မနှင်းယုထွေးမှာ ဒဏ်ရာများဖြင့် အင်းစိန်ဆေးရုံကြီးသို့ ဘုရင့်နောင်ရဲစခန်း ရဲကင်းမှူး ကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များက ပို့ဆောင်ပေးခဲ့ကြသည်။

အင်းစိန်ဆေးရုံကြီးတွင် တင်ပို့ကုသလျက်ရှိရာ မရမ်းကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အုပ်ချုပ်ရေးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများက လူနာအား ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ဖြစ်ပွား

ယခု ထရန်စဖော်မာမှာ အစဉ်မပြတ် ဆိုသလို ဖြစ်ပွားခဲ့သည်ဟု အနီးရှိ ဈေးအတူရောင်းနေသူ ဦးစိုးမြင့်က ပြောပြကြောင်း သိရသည်။

ညီညီ(သမိုင်း)

နိုင်ငံတကာ ဖောင်ပိတ်သတင်း

ကျေးရွာများကို စီးနင်းတိုက်ခိုက်စဉ် ဘိုကိုဟာရမ်စစ်သွေးကြွများက ရွာသားများအား ရာနှင့်ချီ၍ သတ်ဖြတ်ခဲ့

ကာနို(နိုင်ဂျီးရီးယား) ဇွန် ၅

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း၊ ကင်မရွန်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ဘော်နိုပြည်နယ်တွင် ဘိုကိုဟာရမ်စစ်သွေးကြွများက စီးနင်းတိုက်ခိုက်မှုများပြုလုပ်စဉ် အတွင်း လူပေါင်းရာနှင့်ချီ၍ သတ်ဖြတ်ခဲ့ရာ သေဆုံးသူဦးရေ ၄၀၀ မှ ၅၀၀ အထိရှိကြောင်း သတင်းရင်းမြစ်အချို့ကဆိုသည်။

စစ်သားများအသွင်ဝတ်ဆင်ထားပြီး လက်နက်အမြောက်အမြားကိုင်ဆောင်ထားကြသည့် စစ်သွေးကြွများသည် ဂဝိုဇာခရိုင်အတွင်းရှိ ကျေးရွာလေးရွာကို တိုက်ခိုက်ခဲ့စဉ် ဒေသခံများကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြပြီး နေအိမ်များကိုလည်း မီးတင်ရှို့ခဲ့ကြသည်။

အသက်ဘေးမှလွတ်မြောက်သွားကြသည့် ရွာသားများမှာ ကင်မရွန်းနှင့် နယ်စပ်ဒေသရှိ မန်ဒါရာတောင်ပေါ်ဒေသများစီသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

သတ်ဖြတ်မှုပမာဏမှာကြီးမားကြောင်း အရေအတွက်မည်မျှအသတ်ခံကြရသည်ကို မည်သူမျှ မပြောနိုင်ကြောင်း၊ သို့ရာတွင် ရာနှင့်ချီ၍ရှိကြောင်းဖြင့် အဆိုပါဒေသမှ အောက်လွှတ်တော်အမတ်တစ်ဦးက ပြောကြားသည်။

အဆိုပါဒေသမှာ သောင်းကျန်းသူတို့၏ လက်အောက်တွင်ရှိနေသေးကြောင်း၊ ၎င်းတို့၏ အန္တရာယ်ကြောင့် ဒေသခံတို့မှာ သေဆုံးသူတို့ကို မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက်ပင် မပြန်နိုင်သေးကြောင်း ၎င်းကဆိုသည်။

ဗုဒ္ဓဟူးနေ့ကမူ သောင်းကျန်းသူများ သိမ်းပိုက်ထားသည့် ကျေးရွာများမှ ဘိုကိုဟာရမ်တို့၏ စခန်းချရာနေရာများကို စစ်လေယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ယာယီအားဖြင့် ဆုတ်ခွာသွားခဲ့ကြသော်လည်း စစ်လေယာဉ်ထွက်ခွာသွားပြီးနောက် သောင်းကျန်းသူများ ချက်ချင်းပြန်လည်ဝင်ရောက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(စီအင်န်အင်န်)

လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြပါရှိသောသတင်းအရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်ခဲ့ရာ ယာဉ်တိုက်မိဟန်ဆောင်၍ ငွေကြေးတောင်းခံသူငါးဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၅

မေ ၂၉ ရက်က လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ ကမာရွတ်မြို့နယ် သံလွင်လမ်း၌ လူတစ်စုက မော်တော်ယာဉ်နှင့် တိုက်မိသကဲ့သို့ ဟန်ဆောင်ကာ အုပ်စုဖွဲ့လုယက်ရန်ပြုခဲ့ကြောင်း သတင်းပေးဖော်ပြလာသည်ကိုတွေ့ရသည်။

အဆိုပါသတင်းကို သိရှိသည်နှင့်တစ်ပြိုင်နက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သတင်းပါအချက်များအပေါ် အတည်ပြုစုံစမ်းဖော်ထုတ်ပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရန်အတွက် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့များကို သတင်းရရှိသည့်ညပိုင်းမှစ၍ အခင်းဖြစ်ပတ်ဝန်းကျင်၌ အသွင်ယူစုံစမ်းဆောင်ရွက်စေခဲ့သည်။

အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပတ်ဝန်းကျင်၌ နေ့၊ ည အသွင်ယူ၍ စောင့်ကြည့်စုံစမ်း ဆောင်ရွက်ခဲ့ရာ ဇွန် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက် သံလွင်လမ်းရှိ ခြံတစ်ခြံရှေ့၌ အုပ်စုဖြင့် မသင်္ကာဖွယ် တွေ့ရှိသူ မင်းမင်းလတ် (၂၈ နှစ်) မောင်စိန်ရပ်ကွက် ဒလမြို့နယ်၊ ကွက်ကလေး (ခ)သီဟဇော်(၂၀နှစ်) ကျန်စစ်သားရပ်ကွက် ဒလမြို့နယ်၊ အောင်အောင်(၂၅နှစ်) မှော်စက်ရပ်ကွက် ဒလမြို့နယ်၊ ကုလား(ခ) ဝင်းတင်(၂၀နှစ်) မှော်စက်ရပ်ကွက် ဒလမြို့နယ်နေသူနှင့် သံချောင်း(၂၁နှစ်) ကမာကဆစ်ရပ်ကွက် ဒလမြို့နယ်နေသူ ငါးဦးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းတို့ငါးဦးသည် ယင်းနေ့ ၈ နာရီ ၄၅ မိနစ်ခန့်က သံလွင်လမ်းတွင် မောင်းနှင်လာသည့် အနက်ရောင် မော်တော်ယာဉ်၏ ယာဘက်ခြမ်းကို သီဟဇော်က လက်ဖြင့်ရိုက်၍ လှဲချကာ ယာဉ်ဖြင့်တိုက်မိသကဲ့သို့ ဟန်ဆောင်ပြီး ငွေတောင်းရန်ပြုခဲ့သော်လည်း ယာဉ်မှာရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်သွားသဖြင့် ယာဉ်ပိုင်ရှင်၏နေအိမ်ကို စုံစမ်းကာ သွားရောက်၍ ငွေကြေးတောင်းရန်ပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကျူးလွန်ခဲ့မှုများနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ၎င်းတို့ငါးဦးသည် ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက တာမွေမြို့နယ် တာမွေသင်္ချိုင်းဟောင်း အနီးတွင် အမျိုးသားတစ်ဦးမောင်းနှင်လာသော အနက်ရောင်မော်တော်ယာဉ်၏ ယာဘက်ဘေးကို ဇော်လင်းထိုက်က လက်ဖြင့်ရိုက်၍လှဲချကာ ယာဉ်ဖြင့် တိုက်မိဟန်ဆောင်ပြီး ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ မေလအတွင်းက ဗဟန်းမြို့နယ် ဖိုးစိန်လမ်း သျှင်ပါကူဆေးရုံအနီးတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ မောင်းနှင်လာသော အနက်ရောင် မော်တော်ယာဉ်၏ ယာဘက်ဘေးကို ဝင်းတင်က လက်ဖြင့်ရိုက်ကာ ဇော်လင်းထိုက်က ယာဉ်ဖြင့် တိုက်မိဟန်ဆောင်ပြီး လှဲချကာ ဆေးဖိုးအဖြစ် ငွေကျပ် ၇၀၀၀၀ ကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် ဗဟိုလမ်း အာရှတော်ဝင် ဆေးရုံအနီးတွင် အမျိုးသမီးတစ်ဦးမောင်းနှင်လာသော အဖြူရောင်မော်တော်ယာဉ်၏ ယာဘက်ဘေးကို မင်းမင်းလတ်က လက်ဖြင့်ရိုက်၍လှဲချကာ ယာဉ်ဖြင့်တိုက်မိဟန်ဆောင်ပြီး ငွေကျပ် ၆၀၀၀၀ ကို လည်းကောင်း၊ လွန်ခဲ့သော တစ်ပတ်ခန့်က ဗဟန်းမြို့နယ် ဖိုးစိန်လမ်း အတွင်း အမျိုးသားတစ်ဦး မောင်းနှင်လာသော အစိမ်းရောင် မော်တော်ယာဉ်၏ ယာဘက်ခြမ်းကို ဝင်းတင်က လက်ဖြင့်ရိုက်၍လှဲချကာ ယာဉ်ဖြင့် တိုက်မိဟန်ဆောင်ပြီး ဆေးဖိုးအဖြစ် ငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း တောင်းယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ၎င်းတို့ငါးဦးအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ လူမှုကွန်ရက်စာမျက်နှာတွင် သတင်းပေးပို့တင်ပြလာမှုအရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ချက်ချင်း အရေးယူဆောင်ရွက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ရာ ရဲတပ်ဖွဲ့က ပြည်သူဗဟိုပြုသည့် ရဲလုပ်ငန်းစနစ် ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ထိရောက်အောင်မြင်မှုများရှိလာခဲ့ခြင်း ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အထူးကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင်လည်း ပြည်သူများက ယခုကဲ့သို့ ပူးပေါင်းပါဝင်၍ သတင်းပေးပို့ကြပါရန် တိုက်တွန်းအသိပေး တိုက်တွန်းထားသည်။

(ရန်ကုန်တိုင်းရဲ)

အမည်ပြောင်း

အထက(၂) မြို့မ၊ ရေကြည်မြို့၊ ပဥ္စမတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်အောင်ပိုင်ဝင်း (ဘ) ဦးအိုက်ရီအား မောင်အေးချမ်းစစ်သွေးလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အေးချမ်းစစ်သွေးလွင်**

ဖောင်းကြွန်ပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် BB/8075၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်း

၆-၆-၂၀၁၄ ရက်တွင် ကျရောက်သော ပပချစ်နှင့် မာမီတို့၏ (၃၂)နှစ်မြောက် လက်ထပ်မင်္ဂလာရက်မြတ်မှသည် ရတုပေါင်းများစွာပိုင်ဆိုင်ပြီး ချစ်သားသမီးမြေးများနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ
ဦးသန့်ဇင်ဦး-ဒေါ်အိမ့်မြတ်မွန်
ဒေါက်တာသန့်ဟိန်းသော်-ဒေါ်သင်းနွယ်အေး
ဒေါက်တာခန့်ဝင်းဇင်-ဒေါက်တာခိုင်စံပယ်သန်း
ချစ်မြေးများ
သားသားကြီး၊ သားသားလေး
ပေါက်ပေါက်၊ ပန်ပန်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းမောင်(Principle Legal Manager, Kelvin Chia Yangon Ltd.)
(ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်)-
ဒေါက်တာကြည်ကြည်ဆွေတို့၏ တစ်ဦးတည်းသောသား

မောင်နေလင်းမောင်
B.A(English)
Project Manager (SMART Technical Services Co.,Ltd.)

နှင့်

မုံရွာမြို့နေ
(ဦးစိန်-အငြိမ်းစားရဲအရာရှိ)၊ ဒေါ်မြမြတို့၏သမီး

မလွင်လွင်ကြည် B.C.Sc
DA(LCCI, UK) DCA(LCCI, UK)
Accountant (MCS Co.,Ltd)

တို့ကို ၁-၅-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ ၄-၅-၂၀၁၄ရက် မုံရွာမြို့၊ သဲအင်းဂူတရားပြကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ၁၈-၅-၂၀၁၄ရက် ရန်ကုန်မြို့၊ IBC ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ငွေး၊မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)နှင့်ဇနီး ဒေါ်မေရီတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီး ဒေါ်လှမြင့်သန်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးကြပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးပါသော ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအေးမြတ်ထူးမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခင်မွေးကြူ၊ မင်္ဂလာသတို့သားအရံ မောင်ကျော်ဇေယျာဟိန်းနှင့် မောင်မြတ်မင်းစံ၊ မင်္ဂလာသတို့သမီးအရံ မဇင်ဇင်သူနှင့် မနန်းခင်ခင်တင့်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်၊ ဆံပင်အလှဆင်ပေးပါသော တော်ဝင်သူမေဦးမောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ IBC မှ Manager နှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်းမောင်-မလွင်လွင်ကြည်

စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များအတွက်
ကွန်ပျူတာစနစ်သုံး ငွေပေးချေစက်နှင့် ငွေစာရင်းသွင်းစက်များ
POS အသုံးပြုရလွယ်ကူ၍ ကွန်ပျူတာအခြေခံမျှပင်တတ်သားစရာမလိုပါ POS
POS One Stop and Total Solutions for POS Systems နှင့် ဆက်စပ်ပစ္စည်းများ POS
AZTAM Myanmar Ltd
01-860 4321, 09-25040 2121, 09-4211 33864
contact@aztam.com , www.aztam.com

ပျောက်ဆုံးကြောင်း

Shambhala Co.,Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်ကတ် (309/1993-1994) ပျောက်ဆုံးသွားသောကြောင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **Shambhala Co.,Ltd.၊ (၄၇)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉ B၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ ၃၉-B ရပ်ကွက်၊ ဒဂုံမြောက်(ဦးလှသိန်း-၅)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှသိန်း(၅) ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/ပဇတ(နိုင်)၀၂၄၃၂၈က ဦးလှသိန်း(၅)ကွယ်လွန်၏ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

စပိန်တိုက်စစ်ကို စမ်းသပ်မယ့် အယ်လ်ဆာဗေဒိုနဲ့ပွဲ

မိုးမြင့်လင်းလက်

ကမ္ဘာ့ဖလားအကြိုခြေစမ်းပွဲတွေကတော့ ဆက်တိုက်ဆင်နွှဲနေဆဲ ဖြစ်ပါတယ်။ ဇွန် ၇ ရက်မှာ ကစားကြမယ့် ပွဲစဉ်တွေထဲမှာ အာဂျင်တီးနားနဲ့ ဆလိုဗေးနီးယား၊ အယ်လ်ဆာဗေဒိုနဲ့ စပိန်၊ အင်္ဂလန်နဲ့ ဟွန်ဒူးရပ်စ်၊ အမေရိကန်နဲ့ နိုင်ဂျီးရီးယားတို့ရဲ့ ပွဲစဉ်တွေက ပရိသတ်တွေကို အကဲခတ်ခွင့်ရရှိစေဦးမှာ ဖြစ်ပါတယ်။

အာဂျင်တီးနားနှင့် ဆလိုဗေးနီးယား

ခြေစမ်းပွဲနောက်ဆုံးသုံးပွဲကစားခဲ့တဲ့ အနေအထားကို ကြည့်ရင် အာဂျင်တီးနားတို့ ရှုံးပွဲမရှိခဲ့ပါဘူး၊ ရိုမေးနီးယား၊ ဘော့စနီးယား၊ အီကွေဒေါအသင်းတွေနဲ့ပွဲမှာ အသင်းလိုက် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေက အာဂျင်တီးနားအတွက် အားရစရာတော့ မရှိသေးပါဘူး။ ဒါပေမယ့် အခုဆလိုဗေးနီးယားနဲ့ ပွဲမှာ မက်ဆီတို့အုပ်စု ပါဝင်ကစားဖွယ်ရှိနေတာမို့ ရလဒ်ကောင်းမှာ ဖြစ်ပေမယ့် တိုက်စစ်စွမ်းရည်ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အယ်လ်ဆာဗေဒိုနှင့် စပိန်

ဒီနှစ်ကမ္ဘာ့ဖလားပိုင်ရှင်အဖြစ် ရေပန်းစားနေတဲ့ စပိန်အသင်းဟာ တောင်အာဖရိက၊ အီတလီ၊ ဘိုလီဗီးယားတို့ကို အနိုင်ကစားခဲ့ပေမယ့် ပြတ်သားတဲ့ရလဒ်ကို ပုံမဖော်နိုင်သေးပါဘူး။ ကွင်းလယ်ကစားအားကောင်းပြီး ခံစစ်ပိုင်းလည်း သိပ်သည်းမှု ရှိနေပေမယ့် ပြိုင်ဘက်အသင်း ခံစစ်ကြောင်းကို ဖြတ်ကျော် ဂိုးသွင်းနိုင်ရေးမှာ ခက်ခဲနေဆဲပါပဲ။ စပိန်နည်းပြ ဒဲလ်ဘော့စ်ရဲ့ နည်းဗျူဟာကို ဒီပွဲမှာလည်း ကြည့်ရဦးမှာ ဖြစ်ပါတယ်။

အင်္ဂလန်နှင့် ဟွန်ဒူးရပ်စ်

အင်္ဂလန်အသင်းရဲ့ တိုက်စစ်ဟာ အကောင်းဆုံးပုံစံမရသေးတာမို့ ရင်ပူစရာပါပဲ။ ခြေစွမ်းတူတဲ့ ပြိုင်ဘက်တွေနဲ့ဆုံတိုင်း တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေက ကျဆင်းနေဆဲဖြစ်တာမို့ အခုထိတိုက်စစ်ပုံစံပြောင်းလဲမှုတွေရှိနေဆဲဖြစ်ပါတယ်။ ဟွန်ဒူးရပ်စ်အသင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ဗင်နီဇွဲလားကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အီကွေဒေါကို နှစ်ဂိုးစီသရေပွဲဖြစ်ကာ တူရကီကိုတော့ နှစ်ဂိုးပြတ်နဲ့ ရှုံးထားပါတယ်။ အင်္ဂလန်တို့ကတော့ ခြေစမ်းပွဲမှာ ဂျာမနီကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပြီး ဒိန်းမတ်ကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ အခုဟွန်ဒူးရပ်စ်နဲ့ပွဲဟာ ဘယ်လိုအခြေအနေနဲ့ ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာပါ။

ဒီဂိုကော်စတာပေါင် ၃၂ သန်းဖြင့် ချယ်လ်ဆီးသို့ရောက်လာမည်

စပိန်တိုက်စစ်မှူးဒီဂိုကော်စတာအား ချယ်လ်ဆီးက ပေါင် ၃၂ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ဆေးစစ်မှု ပြီးစီးသွားပြီဖြစ်သည်။ အသက် ၂၅ နှစ်ရှိ အက်သလက်တီကို တိုက်စစ်မှူး ကော်စတာအား စာချုပ်သက်တမ်းကိစ္စစတင် ဆွေးနွေးနေပြီဖြစ်သည်။ ဘရာဇီးဖွား တိုက်စစ်မှူး ကော်စတာသည် ဘရာဇီးကမ္ဘာ့ဖလားတွင် စပိန်အသင်းမှ ပါဝင်ကစားမည်ဖြစ်သည်။ ကော်စတာသည် ပြီးခဲ့သော ရာသီက စပိန်လာလီဂါတွင် ၂၇ ဂိုးသွင်းယူခဲ့ရာ စီရော်နယ်ဒို ၃၁ ဂိုးနှင့် မက်ဆီ ၂၈ ဂိုးတို့ ပြီးလျှင် တတိယ ဂိုးအများဆုံး သွင်းခဲ့သူဖြစ်သည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကကော်စတာသည် ရာသီကာလတွင် အဓိကတိုက်စစ်မှူးဖြစ်လာဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။ ကော်စတာသည် ပြီးခဲ့သည့် ချန်ပီယံဆီမီးဖိုင်နယ်တွင်လည်း ချယ်လ်ဆီးနှင့် ကစားစဉ် အက်သလက်တီကိုအတွက် ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့သူလည်း ဖြစ်သည်။ ယင်းဂိုးသည် ချန်ပီယံလိဂ်ဂိုး ရှစ်ဂိုးသွင်းယူခဲ့ရာတွင် တစ်ဂိုးဖြစ်သည်။

စတာလင်းအနီကတ်ဖြင့် ထုတ်ပယ်ခံရ

ကမ္ဘာ့ဖလား ပွဲကြိုအဖြစ် အီကွေဒေါနှင့်အင်္ဂလန်တို့ မီယာမီ၌ ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ယင်းပွဲတွင် စတာလင်း အနီကတ်ဖြင့်ထွက်ရပြီး ချန်ဘာလိန်း ဒူးဒဏ်ရာရရှိသွားခဲ့သည်။

လီဗာပူးလူငယ်ကစားသမား စတာလင်းသည် မန်ယူကစားသမား ဗလင်စီယာနှင့်ခိုက်ရန်ဖြစ်ပြီး အနီကတ်ဖြင့်ထုတ်ပယ်ခံရခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်း ဘောလုံးပြန်ကစားဖွယ်ရှိ

ဒေးဗစ်ဘက်ခမ်းက သူ၏ ဘောလုံးသမားဘဝကို မေဂျာလိဂ်တွင် စတင်ဖွယ်ရှိကြောင်း အရိပ်အမြွက်ပြောဆိုလိုက်သည်။ ၄င်းသည် မီယာမီကလပ်တွင်ကစားရန် ကြိုးစားလျက်ရှိသည်။ အသက် ၃၉ နှစ်ရှိအင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းဘက်ခမ်းသည် ဘောလုံးသမားဘဝကို နှစ် ၂၀ ကြာ ကစားခဲ့ပြီး၂၀၁၃ ခုနှစ်မေလက ပီအက်စ်ဂျီတွင် အဆုံးသတ်ခဲ့သည်။ မန်ယူနှင့် ရီးရဲမက်ဒရစ်ကစားသမားဟောင်း ဘက်ခမ်းသည် အမေဇုန်တောနက်ကြီး အတွင်း ၁၂ ရက်ကြာ ခရီးအဖြစ် မော်တော်ဆိုင်ကယ်၊ ကနူးလှေနှင့် လေယာဉ်ပျံတို့ အသုံးပြုကာ သွားရောက်ခဲ့ပြီးနောက် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် ၁၁၅ ပွဲကစားပေးခဲ့သည်။ နိုင်ငံလေးနိုင်ငံရှိ အဓိကကလပ်များတွင် ကစားခဲ့သည်။ ၄င်းအနေဖြင့် အမေရိကန်ဘောလုံးကလပ်တစ်ခုတွင် ဘောလုံးသမားဘဝကို ပြန်လည်စတင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

ကောင်းမြတ်သူ–စုစည်းသည်

ကမ္ဘာ့ဖလား အုပ်စု(က)မှ ကစားသမားစာရင်း (သီဟ)

၁။ ဘရာဇီး (ကမ္ဘာ့အဆင့်–၄) – နည်းပြ – စကိုလာရီ(ဘရာဇီး)

ဂိုး – ဆီဆာ(တိုရွန်တို)၊ ဂျက်ဖာဆန်(ဘိုတာဖိုဂို)၊ ဗစ်တာ(အက်သလက်တီကို မီနိုင်ရို)/ **နောက်တန်း** – မာဆယ်လို(ရီးရဲမက်ဒရစ်)၊ အဲလ်ဗက်စ်(ဘာစီလိုနာ)၊ မိုင်ကွန်(ရိုးမား)၊ မက်စ်ဝဲလ် (ပီအက်စ်ဂျီ)၊ သီယာဂိုဆေးလ်ဗား(ပီအက်စ်ဂျီ)၊ ဒေးဗစ်လူးဝစ်(ချယ်လ်ဆီး)၊ ဒန်တီ(ဘိုင်ယန်မြူးနစ်)၊ ဟင်နရီကွက်(နာပိုလီ)

အလယ်တန်း – ပေါလင်ဟို(စပါး)၊ ရာမီရက်စ် (ချယ်လ်ဆီး)၊ ဝီလီယန် (ချယ်လ်ဆီး)၊ အော်စကာ(ချယ်လ်ဆီး)၊ ဟာနာနက်စ်(အင်တာ)၊ ဂတ်စ်တာဗို (ဝုဖ်ဘတ်)၊ ဖာနန်ဒင်ဟို (မန်စီးတီး)

ရှေ့တန်း – ဘားနတ်(ရှက်တာဒိုးနက်)၊ နေမာ(ဘာစီလိုနာ)၊ ဖရက်ဒ်(ဖလူမီနီ)၊ ဂျို(အက်သလက်တီကို မီနိုင်ရို)၊ ဟော့ခ်(ဇင်းနစ်)

၂။ ခရိုအေးရှား (ကမ္ဘာ့အဆင့်–၂၀) – နည်းပြ – နီကို ကိုဗက်စ်(ခရိုအေးရှား)

ဂိုး – ပလက်တီကိုဆာ(ရော့စတော့)၊ ဆူဘာဆက်(မိုနာကို)၊ ဇီလီနီကာ (ဒိုင်နမိုဇာဂရက်)/ **နောက်တန်း** – ဆာနာ(ရှက်တာဒိုးနက်)၊ လိုဗရန် (ဆောက်သမ်တန်)၊ ကော်လူကာ(လိုကိုမိုးတစ်မော်စကို)၊ ဂေါ်ဒွန်၊ ပရန်ဂျစ်–(ပါနာသီနာကို့စ်)၊ ဗီတာ (ဒိုင်နမိုကိဗ်)၊ ဗာဆယ်ကို(ဂျီနိုအာ)

အလယ်တန်း – မိုဒရစ် (ရီးရဲမက်ဒရစ်)၊ ရာကီတစ် (ဆီဗီလာ)၊ ဗူကိုဂျီဗစ် (ဒိုင်နမိုကိဗ်)၊ ပါရီဆစ်(ဝုဖ်ဘတ်)၊ ကိုဗာဆစ်(အင်တာ)၊ ဘရိုဇိုဗစ် (ဒိုင်နမိုဇာဂရက်)၊ ဆမ်မာ(ဂီတာဖေး)၊ မိုစီနစ်(ရီဂျက်ကာ)

ရှေ့တန်း – မန်ဇူကစ်(ဘိုင်ယန်မြူးနစ်)၊ အိုလစ်(ဝုဖ်ဘတ်)၊ အဒူယာဒို (ရှက်တာဒိုးနက်)၊ ဂျီလာဗစ်(ဟားလ်စီးတီး)၊ အန်တီရီဘစ်(ဖီအိုရင်တီးနား)

၃။ မက္ကဆီကို (ကမ္ဘာ့အဆင့်–၁၉) – နည်းပြ – ဟီရီယာ(မက္ကဆီကို)

ဂိုး – ကော်ရိုနာ(ခရုဇ်အဇူး)၊ အိုချိုအာ(အဂျာစီယို)၊ တာလာဗီရာ(တိုလူကာ)

နောက်တန်း – လာယန်(အမေရိက)၊ဆယ်စီဒို(တီဂရက်စ်)၊ ပေါအဂူလာ (အမေရိက)၊ ဂွာဒါဒို(လေဗာကူဆင်)၊ မိုရီနို(အက်စ်ပန်ညို)၊ ရိုဒရီဂွက်ဇ် (အမေရိက)၊ ရီယက်စ်(ပေါ်တို)၊ မားကွက်ဇ်(လိုင်ယွန်)

အလယ်တန်း – ပွန်စီ(တိုလူကာ)၊ ဗက်ဇ်ကွက်ဇ်(လိုင်ယွန်)၊ အက္ကွီနို(ဗီလာရီးရဲလ်)၊ ဟီရီယာ(ပေါ်တို)၊ ဘရီဇူလာ(တိုလူကာ)၊ ဖာဘီယန် (ခရုဇ်အဇူး)၊ ပီနား (လိုင်ယွန်)

ရှေ့တန်း – ပီရယ်တာ(ဆန်းတို့စ်)၊ ဟာနန်ဒက်ဇ်(မန်ယူ)၊ ဒေါ့ဆန်းတို့စ် (ဗီလာရီးရဲလ်)၊ ဂျီမီနက်ဇ်(အမေရိက)၊ ပူလီဒို(တီဂရက်စ်)

၄။ ကင်မရွန်း (ကမ္ဘာ့အဆင့်–၅၀) – နည်းပြ – ဖော်လ်ကာဖင်ကီ(ဂျာမနီ)

ဂိုး – အိုင်တန်ဒီဂျီ(ကွန်ယာစပေါ်)၊ အန်ဒီဂျော့(ဖီသီယီစပေါ)၊ ဖီအူဂျီး (ကော်တွန်စပေ့ါ)

နောက်တန်း – အလန်းနိုင်ယွန်(ဂရန်နာဒါ)၊ နွန်ကီ(ဘက်ဆစ်တပ်)၊ ဒီဂျီဂိုအူး(ကော်တွန်စပေ့ါ)၊ ချက်ဒူး(ဂါလာတာစာရေး)၊ အန်ကိုလူ(မာဆေး)၊ ဘီဒီမို(လိုင်ယွန်)၊ အက်ဆော့ခ်ကော့တို(စပါး)

အလယ်တန်း – အန်နော့ချ်(အန်တယ်ယက်စ်ပေါ်)၊ မာကွန်း(ရန်းနက်စ်)၊ မာတစ် (ရှော်လ်ကေး)၊ အမ်ဘီရာ(ကျူပီအာ)၊ အန်ဂွိမို(ဘော်ဒိုး)၊ ဆောင်း(ဘာစီလိုနာ)၊ ဆယ်လီ(လန်းစ်)

ရှေ့တန်း – အီတူး(ချယ်လ်ဆီး)၊ ချူပိုမိုတင်း(မိန့်ဇ်)၊ မောင့်ခ်ကန်ဂျို(နန်စီ)၊ အဘော့ဘာကာ(လော်ရီယန့်)၊ ဝီဘို(ဖီနာဘာချီ)၊ အိုလင်ဂါ(ဝါရီဂမ်)

နေလမင်း

အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးအိမ်ခြံမြေများကိုရောင်းခြင်း၊ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျ ဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံး ဆောင်ရွက်ပေးနေပြီ····

- တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်တိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာ စာချုပ်ချုပ်ဆိုပေးခြင်း၊ GP, SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့လာရောက်လျှင် ကားဝင်း၌လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသောမြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်နှင့် ရပ်ကွက်ကြီး (၁၂) ရေချမ်းအိုးတွင်ရှိသော မြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျီးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးရှိမြေကွက်များ၊ ရ·က·က (၁၃)၊ ဆင်ခေါင်းလေး၊ နောင်လုံး၊ ရေသရောက်ကုန်း၊ အနီးစခန်း၊ အောင်ချမ်းသာ ကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံး မြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကိုပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ် ဝယ်ယူနိုင်ပါသည်။

(စုံစမ်းချိန် – နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ)

စုံစမ်းရန် – နေလမင်း အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
အမှတ်(၂၈)၊ မန္တလေး–လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊ ရွှေလီဦးအထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့။
ဖုန်း–၀၉–၄၇၁၃၆၁၀၄၊ ၀၉–၄၀၂၅၅၁၂၀၃၊ ၀၉–၄၉၂၇၆၉၉၉

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
တက္ကသိုလ်အဆောင်ကြီးကြပ်ရေးကော်မတီ
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းဆောင်များတွင် နေထိုင်ကြမည့် ကျောင်းသားကျောင်းသူများအတွက် စားသောက်ကျွေးမွေးရေးတာဝန်ယူနိုင်မည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃–၂၀၁၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလမှစတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား အဆောင်နေထိုင်ခွင့်ပြုရန် စီစဉ်လျက်ရှိပါသည်။ ကျောင်းဆောင်များတွင်နေထိုင်ကြမည့် ကျောင်းသားကျောင်းသူများအတွက် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/–ထက်မပိုသောနှုန်းဖြင့် စားသောက်ကျွေးမွေးရေးကို တာဝန်ယူနိုင်မည့်လုပ်ငန်းရှင်များအား အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်းတွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/– နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၂–၆–၂၀၁၄ရက် နံနက် ၁၀း၀၀နာရီဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ရုံး၊ ဖုန်း–၀၁–၆၁၃၈၅၅၊ ၀၉–၄၅၀၀၂၅၈၅၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အဆောင်များကြီးကြပ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ကန်ကြီးအောင်လမ်းသွယ်၊ အမှတ် ၇၂၄ဟုခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၂၀×၁၁၄)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးကျော်ဝ ၁၂/တကန(နိုင်)၀၀၅၈၆၉ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်နှင့်တိုက်အိမ်တွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအေးမင်း LL.B၊ အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း–၀၉–၇၃၀၉၃၄၇၀

အမည်ပြောင်း

နေပြည်တော်၊ သာဝတ္တိမြို့၊ အထက(၆)၊ ဆဋ္ဌမတန်းမှ ဦးဇော်မင်းထွန်း ၉/လဝန(နိုင်) ၁၉၂၉၅၀၏သမီး မဝင်းပပရွှေဇင်မင်းထွန်းအား ယနေ့မှစ၍ မလင်းလဲ့ရွှေရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မလင်းလဲ့ရွှေရည်**

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (၁၃)၊ ဆဋ္ဌမတန်းမှ မောင်ခိုင်ဇော်ဟိန်း၏ ဖခင်အမည် ဦးမြတ်ကို ၈/မကန(နိုင်) ၁၆၅၄၅၂နှင့် ဦးမြကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

MJTD Myanmar Japan Thilawa Development Ltd.

We are seeking dynamic candidates who intend to participate in development of Thilawa Special Economic Zone Project together with our company.

1. Administrative Manager/ HR Manager M/F (2) Posts
- Age Between (30-45)
- Bachelor/Master Degree and must have (5) years experiences
2. Civil Engineer M (1) Post
- B.E (Civil) and must have experiences in road work and drainage infrastructure work
3. Senior Accountant F (1) Post
- B.Com/D.A/LCCI level (III)/ACCA part (2) and must have (4) years experiences
4. Cashier F (1) Post
- D.A/ LCCI level (III) and must have (2) years experiences
5. Administrative Assistant M/F (1) Post
- Any graduated and must have (2) years experience
6. IT & Admin Staff M (1) Post
- Bachelor in IT and must have (2) years experiences
7. Documentation Staff M/F (1) Post
- Any graduate and responsible for legal documentation, contracting, resolution, meeting minutes in English language
8. Sales & Marketing Assistant M/F (1) Post
- Any graduated and must have (2) years experiences in Sale & Marketing field

All the applicant must be good in English and Computer skills, age between (20-35).
Interest applicant submit with expected salary, CV, certificate attachment, recent photo, copies of education documents, N.R.C, labour registration card to [illegible] or to above address not later than 20th June, 2014.

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

GSM SIM Card များ ပိုမိုဖြန့်ဖြူးရောင်းချပေးနိုင်ပါရန်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအား အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ တယ်လီဖုန်း သိပ်သည်းဆ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် တယ်လီဖုန်းသိပ်သည်းဆအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၇၅ ရာခိုင်နှုန်း-၈၀ ရာခိုင်နှုန်း အသီးသီး ရောက်ရှိအောင် ရည်မှန်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသာမက Telenor နှင့် Ooredoo စသည့် ပြည်ပအော်ပရေတာကြီး နှစ်ခုနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့မှလည်း ရည်မှန်းထားသော တယ်လီဖုန်းသိပ်သည်းဆ ပြည့်မီစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မကြာမီကာလအတွင်း ပြည်သူများအနေဖြင့် လိုအပ်ချက်အတိုင်း အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်သည့်အပြင် ပြည်ပအော်ပရေတာများအနေဖြင့် ဆက်သွယ်ရေးခက်ခဲသည့် နယ်စွန်နယ်ဖျားကျေးရွာများကိုပါ ဆက်သွယ်မှုကွန်ရက် တည်ဆောက်သွားရန် ကတိကဝတ်ရှိပါသဖြင့် မကြာမီကာလတွင် နယ်စွန်နယ်ဖျားကျေးရွာများပါ ဆက်သွယ်မှု ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ **သံတွဲမြို့နယ်ရှိ စမ်းတောင် Micro Wave စခန်းတွင် လျှပ်စစ်မီးစက်ကို အချိန်ပြည့်နီးပါး မောင်းနှင်ရသည့်အတွက် ကုန်ကျစရိတ်များပြားလျက်ရှိပါသည်။ ၎င်းကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သည် မေလတွင် သံတွဲမြို့သို့ ဝင်ရောက်လာမည်ဖြစ်ပါသည်။ စမ်းတောင်စခန်းတွင် အသုံးပြုနေသော လျှပ်စစ်ကို မဟာဓာတ်အားလိုင်းမှ သုံးစွဲမည်ဆိုလျှင် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ကို ယူငင်သုံးစွဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** သံတွဲမြို့နယ် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါက စမ်းတောင်မိုက္ကရိုဝေ့ဖ်စခန်းသို့ လျှပ်စစ်မီးသွယ်တန်း အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ **ယခုအခါ မိုဘိုင်းဖုန်းများမှာ ဈေးနှုန်းသက်သာစွာဖြင့် အများပြည်သူလက်ဝယ်သို့ ရောင်းချပေးလျက်ရှိသဖြင့် များစွာကျေးဇူးတင်ရှိပါသည်။ အိမ်သုံးကြိုးဖုန်းများမှာ ငွေကျပ် ၆၅၀၀၀၀ ဖြင့် ရောင်းချပေးနေခြင်းမှာ မိုဘိုင်းဖုန်း ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အလွန်ဈေးကြီးနေပါသည်။ သို့ပါ၍ အများပြည်သူအသုံးပြုနိုင်ရန်အတွက် သင့်လျော်သောဈေးနှုန်းသို့ လျှော့ချပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** အော်တိုကြိုးဖုန်းများအား ဈေးနှုန်းလျှော့ချပေးနိုင်ပါရန် ကိစ္စနှင့်စပ်လျဉ်း၍နောင်တွင် ဈေးကွက်စီးပွားရေးစနစ်အရ အော်တိုဖုန်းကနဦး တပ်ဆင်ခဈေးနှုန်းများ ပြောင်းလဲသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၅။ **ငွမြို့နယ်တွင်တစ်မြို့နယ်လုံး GSM ဖုန်းဆက်၍မရပါ။ တာဝါတိုင်များကို တိုးချဲ့တပ်ဆင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ငွမြို့နယ်တွင် တာဝါတိုင်နှစ်တိုင် တည်ဆောက်တပ်ဆင်ပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွမြို့နယ်၊ သဲကုန်း၊ ဆပ်သွား၊ ညောင်ချောင်းတို့တွင် တာဝါတိုင်များ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၆။ **ငွမြို့နယ်တွင် အင်တာနက်လိုင်းများ နှေးကွေးနေပါသည်။ ပြုပြင်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** အင်တာနက်လိုင်းများ နှေးကွေးနေခြင်းကိစ္စနှင့်စပ်လျဉ်း၍ မိုဘိုင်းအင်တာနက်လိုင်းများမှာ မျှဝေသုံးစွဲရသဖြင့် နှေးကွေးရခြင်းဖြစ်ပါသည်။ ငွမြို့နယ်အတွင်း တည်ဆောက်နေသည့် GSM မိုဘိုင်းစခန်းသုံးခုပြီးစီးပါက အထိုက်အလျောက် မြန်ဆန်လာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၇။ **ငွမြို့တွင် အော်တိုအိတ်ချိန်းတည်ဆောက်နေပါသည်။ ၆၅၀၀၀၀ အား ဈေးနှုန်းလျှော့ချပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** အော်တိုဖုန်း တပ်ဆင်ခနှုန်းထား ငွေကျပ် ၆၅၀၀၀၀ အား လျှော့ချပေးပါရန် ကိစ္စနှင့်စပ်လျဉ်း၍ နောင်တွင် ဈေးကွက်စီးပွားရေးစနစ်အရ အော်တိုဖုန်း ကနဦးတပ်ဆင်ခဈေးနှုန်းများ ပြောင်းလဲသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၈။ **တန်ဖိုးနည်း SIM Card များအား ရောင်းချပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ တန်ဖိုးနည်းဖုန်းများအား ၁၅ ရက်အတွင်း ငွေဖြည့်ရခြင်း၊ တစ်လ ငွေကျပ် ၂၅၀၀ မသုံးမနေရခြင်းကို ဧပြီလမှစ၍ ပယ်ဖျက်ပေးပြီးဟု သိရှိရပါသည်။ နောင်ရောင်းချမည့်ကတ်များတွင် သက်တမ်းရှိပါသလား၊ ငွေဖြည့်ကတ်သွင်းတိုင်းဖြစ်နေမှာလား အများပြည်သူသိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** တန်ဖိုးနည်း ၁၅၀၀ တန်မိုဘိုင်း SIM Card များ ရောင်းချခြင်း၊ တစ်နှစ်ပြည့် ဧပြီလမှစ၍ ၁၅ ရက်အစား တစ်လအတွင်း Activate ပြုလုပ်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းရောင်းချသည့် SIM Card များလည်း အကျုံးဝင်ပါသည်။ တစ်လ ငွေကျပ် ၂၅၀၀ မသုံးမနေရခြင်းအား ပယ်ဖျက်ခြင်းသည်လည်း အကျုံးဝင်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

၁။ **ရမ်းဗြဲဒေါရထလမ်း(၃)မိုင် (ဆိပ်ခံတံတားလမ်း)အား အဆင့်မြှင့်တင်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ရမ်းဗြဲဒေါရထလမ်း (၃)မိုင်အနက် နှစ်မိုင် သုံးဖာလုံမှာ လမ်းကျဉ်းသဖြင့် ယခုနှစ်တွင် လမ်းချဲ့ပေးပြီး နောက်နှစ်တွင် နှစ်လမ်းသွားလမ်းဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ကျောက်ဖြူ-ရမ်းဗြဲလမ်း ၄၈ မိုင်တွင်ကျန်ရှိသော ကျောက်လမ်းအား ယခုနှစ်(သို့) နောင်နှစ်တွင် ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ကျောက်ဖြူ-မင်းပြင်-ရမ်းဗြဲလမ်း ၄၈ မိုင်ရှိပြီး ကျောက်လမ်း ၁၃ မိုင် ခြောက်ဖာလုံ၊ ကတ္တရာလမ်း ခုနစ်မိုင်၊ တံတား ၁၅ စင်း တည်ဆောက်ထားပြီးဖြစ်ပါသည်။ ယခုနှစ်တွင်ပေ ၃၀ တံတားတစ်စင်း လမ်းကျဉ်းနေရာအား တစ်မိုင်လမ်းချဲ့ပေးခြင်း၊ ၁၀ ပေ သံကူကွန်ကရစ်တံတား ခြောက်စင်း၊ ၅ပေ ရေထွက်ပေါက်သုံးစင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်လုပ်ငန်းများအား နှစ်အလိုက်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရမ်းဗြဲ-ကျောက်နီမော်အပိုင်းသည် ၂၅ မိုင် ၄ ဖာလုံရှိပါသည်။ ၎င်းလိုင်းကို လေယာဉ်ကွင်းအထူးအဖွဲ့ ၇ မိုင်မှ မိုင် ၂၀ ခန့်လမ်းဖောက်လုပ်နေကြောင်း တွေ့ရှိရပါသည်။ အားရကျေနပ်ဖွယ်ကောင်းပါသည်။ ကျန် ၄ မိုင် ၄ ဖာလုံကို နောက်နှစ်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံထားခြင်းရှိ/မရှိနှင့် ရမ်းဗြဲ-ကျောက်နီမော်လမ်းရှိ သစ်ပုတ်ချိန်တံတား ၁၈၀ ပေအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရမ်းဗြဲ-ကျောက်နီမော်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီးဖြစ်ပါသည်။ ကျန် ၅ မိုင်အား ယခုဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားပါမည်။ ကျန်ရှိသည့် ၄ မိုင် ၄ ဖာလုံအား ဒီနှစ်တွင် အဖြစ်နိုင်ဆုံးလုပ်ငန်းပြီးစီးသွားအောင် ရန်ပုံငွေတင်ပြတောင်းခံထားပါသည်။ သစ်ပုတ်ချိန်တံတား ပေ ၁၈၀ မှာ ယခင်က အောက်တိုင်စဉ် RC ၈ လက်မယာယီတိုင်ဖြစ်သောကြောင့် ၂၀၁၃-၂၀၁၄ မှာ သစ်သားတိုင်စဉ် အစားထိုးလဲလှယ်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် ဇွန် ၅

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၈) နယ်မြေရဲကင်းစခန်းမှ ဝန်ထမ်းမိသားစုဝင်များအား ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ဇွန် ၃ ရက် နံနက် ၈ နာရီက ရဲကင်းမှူး ရုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အမှတ်(၈) နယ်မြေရဲကင်းစခန်းမှ ရဲကင်းမှူး ဒုရဲအုပ် ခိုင်ဇော်လင်းက ယနေ့နိုင်ငံတော်က အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းပညာသင်ကြားခြင်းကို အခမဲ့ပညာသင်ရေးစနစ်ဖြင့် သတ်မှတ်၍ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံရာတွင် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသည့် ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ပေးအပ်၍ ပညာသင်ကြားခွင့် ရရှိသောကြောင့် ဝမ်းသာမဆုံး ဖြစ်မိပါကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ဌာနတွင် တာဝန် ထမ်းဆောင်နေရသည့် ဝန်ထမ်းသားသမီးများကို ဌာနအနေနဲ့ တတ်နိုင်သရွေ့ ယခုကဲ့သို့ ပညာသင်ထောက်ပံ့စရိတ်နှင့်စာရေးကိရိယာများကို ပေးအပ်ရသည့်အတွက် ကျောင်းသားများအနေဖြင့် ပညာသင်ကြားရေးတွင် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၈)နယ်မြေရဲကင်းစခန်းတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အမှုထမ်းများ၏ သားသမီးများဖြစ်သည့် မူလတန်းကျောင်းသား ကျောင်းသူ သုံးဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ လေးဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ သုံးဦး စုစုပေါင်း ၁၀ ဦးကို အမှတ်(၈)နယ်မြေ ရဲကင်းစခန်း ရဲကင်းမှူး ဒုရဲအုပ်ခိုင်ဇော်လင်းက ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ခန္တီး ဇွန် ၅

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုလုပ်ငန်းများကို တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခဲ့ရာ ဒေသခံတိုင်းရင်းသားကော်မတီမှ တာဝန်ယူဆောင်ရွက်သော လဟယ်-ဆပ္ပလော်ရှောင်-ခါးငွေး-ကုန်းလမ်း လမ်းကြောင်းပေါ်ရှိ သစ်သားတံတားများကို မေ ၂၈ ရက်က နာဂဦးစီးဥက္ကဋ္ဌ ဦးရှုစံကြူး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ထင်ကျော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ချန်လော

ရန်ကုန်မြို့၊ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်

နှိုးဆော်လွှာ

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၊ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၏ အဆိုအမိန့်များနှင့်အညီ ဆရာကြီး၏ လက်ရင်းသားတပည့်များဖြစ်သော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်း၊ ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က တရားဟောပြောပြသ တရားစခန်းဖွင့်လှစ်ရန် မူလသစ္စာဒီပကဓမ္မရိပ်သာအဆောက်အအုံကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ ကုန်းဘောင်အိမ်ရာ၌ ဆောက်လုပ်ပြီးစီးရန် အနည်းငယ်မျှသာလိုအပ်ပါသောကြောင့် အပြီးသတ်ဆောက်လုပ်ရန် ယောဂီများ၊ အလှူရှင်များမှ သဒ္ဓါတရားအလျောက် ထည့်ဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ဦးမြသောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖုန်း-၀၁-၂၉၂၀၅၀၊ ၀၉-၃၀၂၂၈၇၈၅
ဦးညွန့်လှိုင်၊ ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ ဖုန်း-၀၁-၅၄၆၈၃၈၊ ၀၉-၃၀၁၆၆၈၀၅
ဦးသန်းလွင်၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း-၀၁-၅၂၅၁၀၉၊ ၀၉-၃၁၉၄၆၇၄၈

အမှုဆောင်အဖွဲ့
မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
ရန်ကုန်မြို့

တစ်ချက်တည်းကျင်းဝင်

(ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)

၂၀၁၄ခုနှစ် မေ ၃၁ရက် မွန်းလွဲ ၂း၀၀နာရီတွင် ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးတင်ဦးမောင်သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးဇော်ထွန်း၊ ဦးမျိုးသိန်းဆန်း၊ ဦးအိုက်ပီး၊ ဦးစိုင်းရွှေတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၅၃)ကိုက်အကွာမှ Titleist Pro V(1) ဘောလုံးအား XXIO Iron (8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

အမည်ပြောင်း

ဦးသိန်းဝင်း၏သား အမက(၁)ဗဟန်း စတုတ္ထတန်း(D)မှ မောင်သိုက်အား ယနေ့မှစ၍ မောင်သန့်စင်ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်စင်ထွဋ်

အမည်ပြောင်း

မွန်ပြည်နယ်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ ရွာဦးရပ်နေ ဦးတင်ရွှေ၊ ဒေါ်အေးအေးမူတို့၏သား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော မောင်မင်းခန့်သော်အား ယနေ့မှစ၍ မောင်ပြည့်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ ကုလားပါးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ စတုတ္ထတန်းကိုအောင်မြင်ခဲ့သော မောင်သန့်ဇင်ဝင်းဝေဟိဏ်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်း ၈/မဘန(နိုင်)၀၆၅၁၄၃ ဖြစ်ပါသည်။

ပဲခူးမြို့၊ ရတနာမဉ္ဇူသီလရှင်စာသင်တိုက်

ပုလဲရတုစာပြန်ပွဲကျင်းပမည်

မြန်မာ့ရိုးရာစာတော်ပြန်ကြ နယုန်လတွင် နှစ်စဉ်ကျင်းပမြဲ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်လုံးဆိုင်ရာ အကြိမ်(၃၀)မြောက် အာဘိဓမ္မိကစာပြန်ပွဲတော်ကြီးကို နယုန်လဆန်း ၁၀ရက်မှ နယုန်လပြည့်နေ့ မဟာသမယအခါတော်နေ့အထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ကုသိုလ်တော်ယူနိုင်ကြစေရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ မတည်ပင်စိုက်ငွေ၊ နဝကမ္မစာအောင်ဆုလှူဒါန်းလိုသူများသည် ရတနာမဉ္ဇူသီလရှင်စာသင်တိုက် ဖုန်း-၀၅၂-၂၃၉၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရတနာမဉ္ဇူသီလရှင်စာသင်တိုက်၊ ပဲခူးမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သိန်းမြ ၁၂/ဒဂတ(နိုင်)၀၂၈၀၃၀ ပိုင်ဆိုင်ထားရှိသော ကြီးပွားရေးမြောက်ပိုင်းရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ် ၈၃၊ ပထမထပ်(ခြေရင်းခန်း) တိုက်ခန်း၏ ပိုင်ဆိုင်မှုအဆင့်ဆင့် အရောင်းအဝယ်စာချုပ်မူရင်းအားလုံးသည် ၂၇-၅-၂၀၁၄ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် လက်ခံရရှိထားပါက ပြန်လည်လာရောက်ပေးအပ်ပါရန်။

အထက်ပါတိုက်ခန်း၏ အရောင်းအဝယ်စာချုပ်များနှင့်ပတ်သက်၍ သက်ရှိပိုင်ဆိုင်ထားသူ ဒေါ်သိန်းမြကိုယ်တိုင် လိုက်ပါဆောင်ရွက်ခြင်းမရှိဘဲနှင့် ရောင်းချပေါင်နှံ မကောင်းကြံစည်ခြင်းများရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်သည်။

ဖုန်း-၄၃၀၉၇၀၁၂၊ ၂၅၄၂၅၅၀၃၁

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား (၂၀၀၄-၂၀၀၅-၂၀၀၆)ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများမှဦးဆောင်၍ အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်သဖြင့် ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသားဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ပေးပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အချိန် - နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ
နေ့ရက် - ၁၂-၇-၂၀၁၄ ရက် (စနေနေ့)
နေရာ - စိုးစံအမျိုးသမီးဆောင်၊ ဘီလမ်း၊ ပြင်ဦးလွင်မြို့။

အလှူငွေများကို အောက်ပါ ကျောင်းသားဟောင်းများထံသို့သာလျှင် ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန် - မသန္တာထွန်းဝေ ဖုန်း-၀၉-၄၀၁၆၃၂၅၆၄
မအိဇာအောင် ဖုန်း-၀၉-၅၀၈၉၇၂၀
မန္တလေး - မဖြူဖြူအေး ဖုန်း-၀၉-၄၀၂၅၃၅၈၀၂
မဇူးမေထက် ဖုန်း-၀၉-၄၃၁၂၇၈၅၇
မနန်းစီထွယ်လုံ ဖုန်း-၀၉-၉၁၀၄၂၅၁၄
ကိုအောင်ဖြိုးစံ ဖုန်း-၀၉-၄၂၁၁၄၀၀၈
မကွေး - မပြည့်ပြည့်အောင် ဖုန်း-၀၉-၅၃၄၂၉၄၉
ရေစကြို - မနီလာဦး ဖုန်း-၀၉-၂၃၀၀၂၀၅
ပြင်ဦးလွင် - မဆုပြည့်စုံ ဖုန်း-၀၉-၄၀၂၆၄၀၀၈၅

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျေးရွာချင်းဆက် ကွန်ကရစ်တံတားဆောက်လုပ်

မိုးမောက် ဇွန် ၅

ကချင်ပြည်နယ် မိုးမောက်မြို့တွင် မိုးမောက် ကျောက်စခန်းကျေးရွာမှ ဒဂေါ်ကျေးရွာသို့ ကျေးရွာချင်းဆက် နန့်ကျရီချောင်းကူး ကွန်ကရစ်တံတားကို ဇန်နဝါရီလနောက်ဆုံးပတ်မှစတင်၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀၀ ဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပြီးစီးလျက်ရှိသည်။ တံတားအရှည် ပေ ၂၀၀၊ အကျယ် ၁၄ပေ၊ အမြင့် ၁၅ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ဖြစ်၍ သံကူကွန်ကရစ်တံတားဖြစ်သည်။

တံတားကြီး ဆောက်လုပ်ပြီးစီးပါက ကျေးရွာချင်းဆက်သွားလာမှု အဆင်ပြေသည့်အပြင် မြစ်ကြီးနား-ဗန်းမော်-မန်စီ-ရွှေကူမြို့နယ်များမှ ပြည်သူများ၊ မော်တော်ယာဉ်များ တရုတ်ပြည်သို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းပန်းတသာ ရှိနေကြကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ပရဟိတကျောင်း၌ မြန်မာ့အလင်းဝန်ထမ်းများ အာဟာရဒါနပြု

နေပြည်တော် ဇွန် ၅

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတကျောင်း၌ ဇွန် ၃ ရက်က မြန်မာ့အလင်းသတင်းစာတိုက်မှ ဝန်ထမ်းများ၏ အလှူဒါနအဖြစ် သံဃာတော်များအား ဆွမ်းကပ်ပြီး မိဘမဲ့ကလေးများအား အာဟာရကျွေးမွေးကာ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသည် နယ်စပ်ဒေသများမှ မိဘမဲ့ကလေးများအား မွေးကင်းစမှ စတင်လက်ခံကာ ပညာသင်ကြား၊ ကျွေးမွေးစောင့်ရှောက်ကာ အမျိုးဘာသာ၊ သာသနာအကျိုး ဆောင်ရွက်ပေးနေသော ပရဟိတကျောင်းဖြစ်သည်။

"ဒီကျောင်းမှာ တစ်နှစ်ကျော်ကျော် ကလေးလေးက သူ့ထမင်းပန်းကန်ကို သူကိုယ်တိုင်စားနေတာ မြင်ရတော့ ကျွန်မ စိတ်မကောင်းဖြစ်မိတယ်၊ ကျွန်မသမီးလေးဆိုရင် နှစ်နှစ်ခွဲရှိနေပေမယ့် မိဘ၊ ဘိုးဘွားတွေရဲ့ ကျွေးမွေးမှုနဲ့ ကြီးပြင်းနေရတာဆိုတော့ သား၊ သမီးချင်းစာနာစိတ်နဲ့ ကျွန်မမျက်ရည်တောင် ကျမိပါတယ်။နောင်အခွင့်ကြုံလာရင်လည်းအခုလိုဝန်ထမ်းအချင်းချင်း စုပြီးပဲဖြစ်ဖြစ်၊ ကိုယ်တတ်စွမ်းသရွေ့ပဲဖြစ်ဖြစ် လာလှူချင်ပါသေးတယ်"ဟု မြန်မာ့အလင်းဝန်ထမ်းတစ်ဦးက ဖွင့်ဟစကားပြောကြားခဲ့သည်။

ဆင်းရဲနွမ်းပါးမှုကြောင့် မိမိရင်သွေးကိုချစ်သော်လည်း လာရောက်အပ်နှံကြရသူများရှိသလို၊ မိဘများဆုံးပါးသွားသောကြောင့် စောင့်ရှောက်မည့်သူမရှိ၊ ဆွေမရှိမျိုးမရှိ ကလေးငယ်များအား တိုင်းရင်းသားဘုန်းတော်ကြီးများက သနားကရုဏာရှေ့ထားကာ ကျွေးမွေးပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါ သာသနာပြုကျောင်းသည် ယခုကျွေးမွေးပြုစုထားသော ကလေးငယ်များမှ ကြီးပြင်းလာချိန်တွင် ၎င်းတို့၏မွေးရာဇာတိများ၌ သာသနာပြုလိုကပြုနိုင်ပြီး ပညာတတ်အဖြစ်နှင့် ဒေသအကျိုးထမ်းဆောင်လိုပါက ထမ်းဆောင်ခွင့်ပြုပေးမည်ဖြစ်သည်။ နယ်စပ်တောင်တန်းဒေသများတွင် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကား ပြန့်ပွားစေရန်နှင့် ရပ်ရွာအကျိုးပြုပညာတတ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကာဖွင့်လှစ်ထားသောကျောင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အလှူရှင်များက အခါအားလျော်စွာ လှူဒါန်းနေသော်လည်း လိုအပ်ချက်များ ပိုမိုပြည့်စုံရေးအတွက် သဒ္ဓါတတ်အား နည်းများမဆို လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်း-အင်ကြင်းမွှေး
ဓာတ်ပုံ-မချို

ပြည်ပရောက် မြန်မာတိုင်းရင်းသားမိသားစုများ၏ ပဥ္စမအကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆု ချီးမြှင့်

ရန်ကုန် ဇွန် ၅

ပြည်ပရောက် မြန်မာတိုင်းရင်းသားမိသားစုများ စုပေါင်းဖွဲ့စည်းထားသော ပြည်သူ့ဂုဏ်ရည်အသင်းက စုပေါင်းဂုဏ်ရည်ပြုသည့် ပြည်သူ့ဂုဏ်ရည်ဆု ပဥ္စမအကြိမ် ဆုချီးမြှင့်ပွဲကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

ယခုနှစ် ပြည်သူ့ဂုဏ်ရည်ဆုကို စာရေးဆရာမ ဒေါ်သန်းမြင့်အောင် ဒုတိယဥက္ကဋ္ဌ (ရန်ကုန်) နာရေးကူညီမှုအသင်း၊ အားကိုးရာမဲ့ အိုမင်းမစွမ်း ဘိုးဘွားများအား စောင့်ရှောက်သည့် ဆည်းဆာရိပ်၊ AIDS ကူးစက်ခံထားရသည့် ကလေးငယ်များ စောင့်ရှောက်သည့်သုခရိပ်မြုံနှင့် အောင်ဖောင်ဒေးရှင်း ထူထောင်သူကရှိခဲ့သည်။ အထူးဆုများအဖြစ် မခင်နှင်းကြည်သာ (တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်)၊ ပန်းစကားအဖွဲ့(လူသားအချင်းချင်း အမုန်းမပွားဖို့ ငါတို့နှုတ်ကိုစောင့်စည်းဖို့) ဟူသည့် ဆောင်ပုဒ်နှင့် လှုပ်ရှားနေသောအဖွဲ့၊ One Moe အစီအစဉ် (လူတိုင်းအဓိပ္ပာယ်ရှိတဲ့ဘဝနဲ့ ရပ်တည်ခွင့်ရနိုင်စေဖို့ ဝိုင်းဝန်းတဲ့ပြည်သူ့အလှ)ဆောင်ပုဒ်နှင့် လှုပ်ရှားနေသော အဖွဲ့တို့က ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း လူမှုအဖွဲ့အစည်းအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ စွမ်းစွမ်းတမံဆောင်ရွက်နေကြသူ/အဖွဲ့အစည်းတို့အား ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့ဂုဏ်ရည်အသင်းဥက္ကဋ္ဌ ဦးဝေလလင်းက ပြောကြားခဲ့သည်။

ပြည်သူ့ဂုဏ်ရည်ဆုအတွက် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် အထူးဆုများအတွက် အမေရိကန်ဒေါ်လာ တစ်ထောင်စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည်သူ့ဂုဏ်ရည်အသင်းကို အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ဗြိတိန်နိုင်ငံများရှိ အဝေးရောက်တိုင်းရင်းသားများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းသိရသည်။ ယခုနှစ် ပဥ္စမအကြိမ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ ပထမအကြိမ်မှ တတိယအကြိမ်အထိ အမေရိကန်၌ ကျင်းပခဲ့ပြီး စတုတ္ထအကြိမ်ကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်



ဖခင်အမည်မှန်
အထက(၃)၊ ကမာရွတ် တက္ကသိုလ်ဝင်တန်း(B)မှ ဘာဘီနားနှင့် ဆဋ္ဌမတန်း(B)မှ အန်ထော်နီတို့၏ဖခင် ဦးမော်ဆယ်၏ အမည်မှန်မှာ ဦးနန်ခန့်ကိမ်း ၄/ပလဝ(နိုင်) ၀၀၀၂၂၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဖားကန့်မြို့နယ်၊ ယူမာကျောင်း၊ အမကမူလွန် ဆဋ္ဌမတန်းမှ မောင်မိုးမြင့်ယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းညို ၅/ကဘလ(နိုင်)၀၄၀၃၆၅ ဖြစ်ပါကြောင်း။
ဦးထွန်းညို

မွေးသက္ကရာဇ်အမှန်
မြိတ်မြို့၊ ကန်ဖျားရပ်၊ အိမ်အမှတ် (၁)နေ ဦးဝင်းဗိုလ်၏သမီး မအိအိထက်ငြိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၃-၁၉၉၃ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဂ/၃၄၀၁(8C/3401)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း
ယာဉ်အမှတ် 6F/1314၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း
ယာဉ်အမှတ် ၃ဃ/၆၈၃၅ (3D/6835)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်

အမည်ပြောင်း
ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၅၊ အခန်း ၃နေ ဦးနန်ခန့်ကိမ်း၏သမီး အထက(၃)၊ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(B)မှ မဘာဘီနားအား မဘာဘီနားညောင်လွန်ဝုန်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်
ဖားကန့်မြို့နယ် ဆန်းကြွယ်ကျောင်း အမကမူလွန် သတ္တမတန်းမှ မဇင်နွယ်အောင်၏ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၁/မညန(နိုင်)၁၃၁၈၁၈ ဖြစ်ပါကြောင်း။
ဦးသန်းဝင်း

ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(၄)၊ သတ္တမတန်းမှ မောင်ပြည့်ဟိန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသက်ဇော်ဝင်း ဖြစ်ပါကြောင်း။
ဦးသက်ဇော်ဝင်း ၆/မအရ(နိုင်)၁၀၀၈၆၇

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း
ယာဉ်အမှတ် ၆င/၉၉၅၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8H/7191 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 7G/6399၊ Toyota Belta KSP 92 Saloon ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်မိုး ၁၃/မမတ(နိုင်)၀၃၄၆၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း
ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၅၊ အခန်း(၃)၊ ကမာရွတ်၊ ဆဋ္ဌမတန်း(B)မှ မောင်အန်ထော်နီအား အန်ထော်နီထန်လျန်းစိန်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း
ဦးကျော်လင်း၏သား အထက(၂)၊ အင်းစိန်မြို့နယ်၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကောင်းမြတ်ကျော်အား ယနေ့မှစ၍ မောင်ဇော်လင်းထက်ဟု ခေါ်ပါရန်။
မောင်ဇော်လင်းထက်

စာအုပ်စာပေလှူမိတ်ဆွေ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ဈ/၃၂၁၈ Si Thu MPV, M/B ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့်ကြူ ၁၂/ကတတ(နိုင်)၀၀၉၁၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကျေးဇူးဆပ်ပါမည်
ဦးအောင်ချစ်သူဟိန်း အမည်ပေါက် ယာဉ်အမှတ် 9G-4974 မော်တော်ယာဉ်၏ Owner Book နှင့် ဗီးတက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ ဆက်သွယ်ပေးပါရန် ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၀၁၉၆၄၀

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်း အထကတွင် ပညာသင်ကြားနေသော အဋ္ဌမတန်းကျောင်းသူ မဝင်းသဇင်စိုးနှင့် သတ္တမတန်းကျောင်းသူ မယွန်းဝတီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းဦး ၁၂/မဘန(နိုင်)၀၅၀၁၆၀ ဖြစ်ပါသည်။
ဦးတင်ထွန်းဦး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဂ/၉၇၆၇ Toyota Brevis JCG.10+S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇင် ၁/မကန(နိုင်)၀၀၀၅၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၃ဃ/၄၉၁၁၂၊ ဟွန်ဒါ ဝေ့(ဗ်)100 ယာဉ်လက်ဝယ်ရှိသူ ဦးငွေသိန်း ၁၀/ကမရ(နိုင်)၀၂၈၄၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃ဂ/၅၇၃၈၊ Toyota Belta KSP 92 Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာခိုင် ၁၂/မဂတ(နိုင်)၀၇၅၁၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

မြင်းခြံမှထွက်ခွာသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များစစ်ဆေး

မြင်းခြံ ဇွန် ၅

ခရီးသည်ပို့ဆောင်ရေးယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းပြီး ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်စီမံကိန်း ဦးစီးဌာန၊ ဗဟိုကုန်းလမ်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးအဖွဲ့၏ ညွှန်ကြားချက်ဖြင့် စစ်ဆေးလျက်ရှိသည်။

ခရီးသည်တင်ယာဉ်များ စစ်ဆေးရေးအဖွဲ့တွင် ခရိုင်ပို့ဆောင်ရေးဦးစီးမှူး ဒေါ်တင်တင်အေး၊ ခရိုင်ကုန်းလမ်းဦးစီးမှူး ဦးလေးနိုင်တို့ ဦးဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြင်းခြံမြို့ အဝေးပြေးကားဝင်းအတွင်းမှ ထွက်ခွာမည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များတွင် လုပ်ငန်းလိုင်စင်စည်းကမ်းနှင့် ညီညွတ်မှု၊ မီးသတ်ဆေးဘူး ပြည့်စုံကောင်းမွန်မှု၊ အရေးပေါ်ထွက်ပေါက်အသုံးပြုရန်ရှိမှု၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များပါရှိမှု အခြေအနေနှင့် အရက်သေစာသောက်စားမှု ၊ ယာဉ်များကြံ့ခိုင်ကောင်းမွန်မှုနှင့် အာမခံထားရှိမှုတို့ကို စစ်ဆေးခဲ့သည်။ မြင်းခြံမြို့မှထွက်ခွာသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များတွင် အသက်နှင့် ထိခိုက်မှုအာမခံထားရှိသော်လည်း အထူးအလုံးစုံအာမခံထားရှိရေးအတွက် အာမခံကုမ္ပဏီများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်းကို မော်တော်ယာဉ်လိုင်းများမှ ပြောပြသည်။

ခရီးသည်ပို့ဆောင်ရေးယာဉ်များ စစ်ဆေးသည့် ပူးပေါင်းအဖွဲ့သည် ယခု ပထမအကြိမ်စစ်ဆေးသည့် အကြံပြုချက်များကို မော်တော်ယာဉ်လိုင်းများမှ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလို စစ်ဆေးမှုကိုလည်း တစ်ပတ်လျှင် သုံးကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

သထုံ ဇွန် ၅

သထုံမြို့နယ်အတွင်း ရေဘေး၊ လေဘေး၊ မြေပြိုဘေး အစရှိသည့် သဘာဝဘေးများ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂ရက်က ကျင်းပသည်။

မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က သဘာဝဘေး ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့အတွက် ဖွဲ့စည်းထားသောကော်မတီနှင့် ဆပ်ကော်မတီများက အစဉ်အသင့်ရှိနေရန်လိုအပ်ကြောင်း လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

“မိုးကာလမှာ ရေဘေး၊ လေဘေးတွေအပြင် သွေးလွန်တုပ်ကွေး၊ ငှက်ဖျား အစရှိတဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ ဘေးအန္တရာယ်တွေလည်း ဖြစ်ပွားနိုင်ပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို စုပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ သဘာဝဘေးဖြစ်ပေါ်လာရင် ဘေးလွတ်ရာကို ရွှေ့ပြောင်းဖို့နေရာတွေ၊ ရေနဲ့ စားနပ်ရိက္ခာ ထောက်ပံ့လှူဒါန်းပေးကြမယ့် အလှူရှင်တွေကိုလည်း ရနိုင်သလောက်ရှာဖွေထားရှိပြီးပါပြီ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပြီးနောက်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပါ ပြင်ဆင်ထားရန်လိုကြောင်း သိရသည်။

သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များစုပေါင်းပြီး လစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

သတင်းတို

ဆားလင်းကြီးမြို့တွင် ကတ္တရာလမ်းများတိုးချဲ့ခင်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့တွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေး၊ အများပြည်သူတို့သွားလာမှုလွယ်ကူစေရေးအတွက် ယခင်က ၁၂ ပေ အကျယ်သာရှိသော ကတ္တရာလမ်းမကြီးကို တစ်ဖက်လျှင် သုံးပေ အကျယ်နှင့် လမ်းအရှည် ၇ မိုင် ၄ ဖာလုံအထိ တိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

သာစည်ကျေးရွာရှိ အလယ်တန်းကျောင်းခွဲ၌ စာသင်ဆောင်များလိုအပ်

ရေစကြို ဇွန် ၅

ရေစကြိုမြို့နယ် သာစည်ကျေးရွာရှိ သာစည်အလယ်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူဦးရေ နှစ်တိုင်းထက် ပိုမိုများပြားလာခဲ့ရာ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူဦးရေ ၆၀၀ကျော်ခန့်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ကျောင်းသား ကျောင်းသူ ဦးရေများပြားလာသည့်အလျောက် စာသင်ခန်းမလုံလောက်ခြင်းနှင့် စာသင်ခုံအလုံအလောက်မရှိခြင်း စသည့် လိုအပ်ချက်များရှိနေကြောင်း သိရသည်။

သာစည်အလယ်တန်းကျောင်းခွဲတွင် အုတ်ညှပ်၊ သွပ်မိုးကျောင်းဆောင် နှစ်ဆောင်နှင့် သွပ်မိုး၊ ထရံကာအဆောက်အအုံနှစ်ဆောင်ရှိကြောင်း သိရသည်။ အုတ်ညှပ်ဆောင် နှစ်ဆောင်ဖြစ်သော အောင်မင်္ဂလာအုတ်ညှပ်ဆောင် အလျား ၇၂ ပေ၊ အနံ ၃၆ပေ နှင့် ဓမ္မနန္ဒာဆောင် အလျား ၆၄ပေ ၊ အနံ ပေ ၂၀ တို့တွင် မူလတန်းကျောင်းသား ကျောင်းသူ ၃၅၂ ဦးကို စာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အလယ်တန်းကျောင်းသား ကျောင်းသူ ၂၇၀ စာသင်ကြားရန်အတွက် ထရံဆောင်နှစ်ဆောင်မှာမူ အဆောက်အအုံ၏ ခိုင်ခံ့မှုမှာ စိတ်ချရခြင်း မရှိတော့သည့်အတွက် အလယ်တန်းကျောင်းသား ကျောင်းသူများစာသင်နိုင်ရန် စာသင်ဆောင်လိုအပ်လျက်ရှိကြောင်း ဒေသခံ ကျောင်းသားမိဘများက ပြောသည်။

သာစည်ကျေးရွာအုပ်ချုပ်ရေးမှူးက “အလယ်တန်းကလေးတွေရဲ့ ထရံစာသင်ဆောင်နှစ်ဆောင်က ခိုင်ခံ့မှုမရှိဘဲ ကလေးတွေအတွက် အန္တရာယ်ရှိတဲ့ အဆောင်တွေဖြစ်နေတဲ့အတွက် ကျွန်တော်တို့ ကျေးရွာသူ ကျေးရွာသားတွေ စုပေါင်းအင်အားနဲ့ ပေ(၉၀×၃၀)ရှိတဲ့ ထန်းလက်မိုး ယာယီတဲရှည်တစ်ခုဆောက်လုပ်မယ်လို့စီစဉ်ထားပါတယ်။ နိုင်ငံတော်အစိုးရက ကျောင်းဆောင်သစ်ချထားမပေးသေးခင်စပ်ကြားမှာ ကလေးတွေအတွက် လတ်တလော အဆင်ပြေပြေစာသင်နိုင်အောင်လို့ ယာယီတဲထိုးရတာပါ။ နှစ်ရှည်အနေနဲ့ အဆင်မပြေနိုင်ပေမယ့် လတ်တလောအတွက်ကတော့ အဆင်ပြေမယ်ထင်ပါတယ်”ဟု သာစည်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပြသည်။

ယခုနှစ် ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရန် မူလတန်းနှင့် အလယ်တန်းအခမဲ့ပညာရေးစနစ်အား စတင်ဆောင်ရွက်ခဲ့သောကြောင့် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျောင်းသားကျောင်းသူဦးရေ ယခင်နှစ်များထက် ပိုမိုများပြားစွာ ကျောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

စီးပွားဖြစ်အသုံးချ အတတ်ပညာသင်တန်းဖွင့်လှစ်ခြင်း

ဓာတ်ပုံရိုက်ကူးခြင်း-Photoshop၊ အလှပြင်ဘာသာစုံ၊ လက်သည်းဘာသာစုံ၊ ပန်းအလှဆင်ဘာသာစုံ၊ အခြေခံအလှပြင်ဆိုင်ဝန်ထမ်းဘာသာစုံ သင်တန်းအပ်နှံနိုင်ပါပြီ။

၃၀-၆-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီစမည်။

စီးပွားရေးနှင့် အနုပညာဗုဒ္ဓဘာသာကျောင်း

အမှတ် ၁၁ မြေညီ၊ အောင်ဘာလေလမ်း (သီတာမှတ်တိုင်ဆင်း)၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၆၈၉၉၃၊ ၀၉-၃၁၀၆၅၅၃၀၊ ၀၉-၇၃၁၂၉၃၀၁

အလှပြင်ဆိုင်ဝန်ထမ်းဘာသာစုံ(ရက်တို) ပညာဒါနတန်းခွဲရှိပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၄(ခြောက်လွှာ) တိုက်ခန်းနှင့်စပ်လျဉ်း၍

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၄ (ခြောက်လွှာ)နေ ဒေါ်တင်ဝင့်ဝင့်လွင် ၁၂/ရကန(နိုင်)၀၂၀၂၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၄(ခြောက်လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ၂၀-၄-၂၀၀၆ရက်စွဲပါ တိုက်ခန်းအပြောက် အရောင်းအဝယ်သဘောတူစာချုပ် ချုပ်ဆို၍ ကန်ထရိုက်တာထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဝင့်ဝင့်လွင်က ၎င်းတစ်ဦးတည်း၏ ရှာဖွေစုဆောင်းရရှိသောငွေများဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သော တိုက်ခန်းဖြစ်ပြီး ပိုင်ရှင်အစစ်အမှန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်တင်ဝင့်ဝင့်လွင်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အထက်ပါတိုက်ခန်းကို အခြားမည်သူကမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အိမ်ငှားတင်ခြင်း၊ အခြားနည်းတစ်စုံတစ်ရာစီမံခန့်ခွဲခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ ယင်းကဲ့သို့ တားမြစ်ထားပါလျက် ကျူးလွန်ဖောက်ဖျက်ခြင်း၊ အားပေးကူညီခြင်းများကိုပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူသက် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၃)
တိုက် ၉/၁၁၊ အခန်း ၂၀၁/C၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၀၂၇၉

အမည်မှန်

ဦးထွန်းနိုင်ဦး၏သား အမည်မှန်မှာ ရွှေဘိုမြို့နယ်၊ တအုံကျေးရွာ အလကကျောင်း၊ အဌမတန်းမှ မောင်အောင်ကြည်ဖြိုး ဖြစ်ပါသည်။

မောင်အောင်ကြည်ဖြိုး

O.T.S (71) သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၂၀-၆-၂၀၁၄ရက်တွင် ကျရောက်မည့် O.T.S (71) ၏ ကျောင်းဆင်းပွဲ (၂၈) နှစ်မြောက် အထိမ်းအမှတ် စုပေါင်းအလှူဒါနပြုပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါ နေ့ရက်၊ နာရီချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
စုပေါင်းအလှူဒါနပြုပွဲ	၂၀-၆-၂၀၁၄ရက် (သောကြာနေ့) ၀၈း၃၀ နာရီ	ဇီဝိတဒါနသံဃာ့ဆေးရုံ ဗဟန်း၊ ရန်ကုန်မြို့။
	၁၁း၀၀ နာရီ	အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
မိတ်ဆုံညစာစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ	၁၈း၀၀ နာရီ	M3 Food Center ဗဟန်းအားကစားကွင်း

၂။ အလှူငွေများထည့်ဝင်နိုင်ရန် အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ရန်နှင့် အထက်ပါ အလှူဒါနပြုပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ **(ဖိတ်စာသီးခြားမပို့ပါ)-**

ရန်ကုန်		နေပြည်တော်	
ကျော်နိုင်မြင့်	ဖုန်း-၀၉-၅၀၁၈၇၁၉	မြင့်ဝေ	ဖုန်း-၀၉-၄၉၂၄၉၃၀၆
ထွန်းဖေ	ဖုန်း-၀၉-၈၇၀၁၆၉၄	မြင့်သူ	ဖုန်း-၀၉-၄၉၂၀၁၂၇၃
တင်ထွန်း	ဖုန်း-၀၉-၄၂၀၃၁၈၄၄၇	နေမျိုးသန်း	ဖုန်း-၀၉-၈၆၁၀၂၀၇

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ (၁၀)ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာမဟာစည် သာသနာ့ရိပ်သာနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဗောဓိမြိုင် သစ္စာရွှေပြည်ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂအရှင်သူမြတ်မှ မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ ၁၀ရက် တရားစခန်းကို ၁၀-၆-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ယောဂီများ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၄၅၀၀၄၄၁၆၂၊ ၀၉-၇၃၀၉၀၄၉၀၊ ၀၉-၃၁၇၈၆၇၈၀

အခန်းကျယ်ရောင်းမည်

ကိုယ်ပိုင်နေရန် အထူးသင့်လျော်သည်

ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အပေါ်ဘက်၊ ပထမထပ် (16'×60') အထူးအဆင့်မြင့် ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ပန်းကနုတ်၊ သံပန်းအလှများနှင့် ဆန်းရိုတ် တစ်အိမ်လုံးအပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများ၊ PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့် တပ်ဆင်ထားသည်။ အိပ်ခန်းသုံးခန်းပါ။ A/C နှစ်လုံး၊ မျက်နှာကြက်အဆင့်မြင့် ကော်နာ၊ ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများ တပ်ဆင်ထားသည်။ အဆင့်မြင့် ပါကေးခင်းပြီး ကြွေပြားများ တစ်အိမ်လုံးပြည့် ခင်း/ကပ်၍ မီးဖိုခုံနှင့် ဗီရိုများတပ်ဆင်ထားသည်။ ရေချိုးခန်းနှစ်ခန်းလုံးတွင် Pressure Pump ၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်အိမ်သာနှစ်ခန်း၊ ရေမီး၊ ကိုယ်ပိုင်ကြိုးဖုန်း၊ Sky Net ပါ၊ နှစ်လွှာ(အသင့်နေနိုင်) ပိုင်ရှင်မှ ကိုယ်တိုင်ရောင်းမည်။

ကျပ် ၈၇၅သိန်း၊ ပွဲစားမလို

ဖုန်း-၀၉-၂၅၀၆၅၆၉၁၄၊ ၀၉-၄၀၁၆၀၀၇၇၄၊ ၀၉-၇၃၀၄၅၆၄၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာနှင့် First Aid Box များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ဆားလင်းကြီး ဇွန် ၅

ဇွန် ၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးလက်ဆေးပေးခန်း မရှိသေးသော ကျေးရွာ ၇၀ အတွက် အရေးပေါ်သုံး တိုင်းရင်းဆေး သေတ္တာကိုင်ဆောင်အသုံးပြုသည့် ကျေးရွာပြည်သူ ၇၀ ကို ကျန်းမာရေးဝန်ကြီးဌာန ဆားလင်းကြီးမြို့နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ အခမဲ့ ထောက်ပံ့ပေးအပ်ပွဲကို ဆားလင်းကြီးမြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ငွေသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်နှင့် တိုင်းရင်းဆေးခန်းမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအစီအစဉ်အရ မြို့နယ်ပညာရေးမှူးက အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာနှင့် First Aid Box များကို ကျေးလက်နေ ပြည်သူများသို့ အခမဲ့ကူညီ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်က ဆေးနှင့်ဆေးပစ္စည်းအသုံးပြုပုံတို့ကို သင်တန်းပို့ချခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာပြည်သူ ၇၀ ကို အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာနှင့် First Aid Box များ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

ချင်းပြည်နယ် မြို့ကြီးနှစ်မြို့တွင် စက်မှုဇုန်ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ကလေး ဇွန် ၅

ချင်းပြည်နယ်တွင် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်းနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် စက်မှုဇုန်များကို ဟားခါးမြို့နှင့် တီးတိန်မြို့ကြီးများတွင် ဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်သည် ယခုဘဏ္ဍာနှစ်မှစတင်၍ ဂန့်ဂေါမှ ဆက်သွယ်သည့် မဟာဓာတ်အားလိုင်း ရရှိတော့မည်ဖြစ်သည့်အတွက် ချင်းပြည်နယ် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း ဟားခါးဒေသခံတို့က ပြောသည်။

ချင်းပြည်နယ်သည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ချင်းပြည်နယ်၏ လိုအပ်ချက် စက်မှုလက်မှုကိစ္စနှင့်ပတ်သက်သည့် လုပ်ငန်းမှန်သမျှကို ကလေးမြို့သို့ ပို့အပ်လုပ်ဆောင်နေရသည့်အတွက် စရိတ်စကကုန်ကျမှုများပြားခြင်း၊ အချိန်ကုန်ခြင်းတို့ကြောင့် ချင်းပြည်နယ် မြို့တော်ဟားခါးမြို့တွင် စက်မှုဇုန်တစ်ခုနှင့် တီးတိန်မြို့တွင် စက်မှုဇုန်တစ်ခုကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းများအရ သိရသည်။

စက်မှုဇုန်ဖော်မယ်ဆိုရင်တော့ "ဟားခါးမှာ ကားအစီးပေါင်း ၂၀၀ ဝန်းကျင်ရှိပြီး ဆိုင်ကယ်အစီးပေါင်း ၁၀၀၀ ကျော်၊ တီးတိန်မြို့တွင် ကားအစီး ပေါင်း ၃၀၀ ကျော်ရှိပါတယ်။ အခုလောလောဆယ်တော့ မြေနေရာတွေ လျာထားသတ်မှတ်ထားတာမျိုးလောက်ပဲကြားသေးတယ်။ စက်မှုဇုန်လုပ်မယ် ဆိုလည်း ကားဝပ်ရှော့၊ သံဂဟေ၊ ကားဘော်ဒီ၊ ဆိုင်ကယ်ပြင်ဆိုင် စတာတွေ လုပ်ဖို့များပါတယ်"ဟု တီးတိန်မြို့မှ ဒေသခံတစ်ဦးကပြောသည်။

ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်းသည် ချင်းပြည်နယ်တွင် ပထမဆုံးဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်းဖြစ်ပြီး ချင်းပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရေးတို့ကို ရည်ရွယ်ကြောင်း သိရသည်။ စက်မှုဇုန်များဖော်ထုတ်ပြီးပါက ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည့်အပြင် စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သျှင်နေမင်း

တောင်သာမြို့ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၁၄)ဖွင့်လှစ်

တောင်သာ ဇွန် ၅

နိုင်ငံတော်မှ ဒီမိုကရေစီစနစ်နှင့်အညီ လယ်ယာမြေကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသခံပြည်သူများ အမှန်တကယ်နစ်နာမှုမရှိစေရန်အတွက် လယ်ယာမြေအသုံးချမှုနှင့်ပတ်သက်၍ စနစ်တကျပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တောင်သာမြို့နယ် ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို ဇွန် ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှူး ဦးကြည်ဝင်းက ဥပဒေ၊ နည်းဥပဒေများကို အသေးစိတ် ရှင်းလင်းခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၂ ရက်မှ ၃ ရက်အထိဖြစ်ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

မဟာမှိုင်းအလွန်နှစ် ၅၀ ပန်းချီပြပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၅

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဂုဏ်ပြုသောအားဖြင့် မဟာမှိုင်းအလွန်နှစ် ၅၀ ပန်းချီပြပွဲကို ရန်ကုန်မြို့ လောကနတ်ပန်းချီပြခန်း၌ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီပြပွဲကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂုဏ်ပြုမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ကွန်ရက်အဖွဲ့တို့က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ ပြပွဲတွင် ဆရာကြီး၏ ပုံတူပန်းချီကားများပြသမည့်အပြင် ပုဂ္ဂလိကစုဆောင်းထားသူများကိုဆရာကြီး၏ ပုံတူပန်းချီနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ပေးပို့နိုင်ကြောင်းနှင့် ပန်းချီ ဆရာဆရာမများကိုပါ ဆရာကြီး၏ ပုံတူပန်းချီများပြသရန် ဖိတ်ခေါ်ထားကြောင်း၊ ပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီကားများနှင့် အနုပညာဖန်တီးမှုများကို ရန်ပုံငွေအဖြစ် ပို့စကတ်၊ ပိုစတာ၊ ပြက္ခဒိန် စသည်တို့ ရိုက်နှိပ်ရောင်းချမည်ဖြစ်ကြောင်း၊ ဇူလိုင် ၁၈ ရက် နောက်ဆုံးထား၍ လောကနတ်ပန်းချီပြခန်းသို့ ပေးပို့နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဇွန် ၃ရက်က ကျောက်ပန်းတောင်းမြို့နယ် ကန်နီကျေးရွာအုပ်စု ကန်နီကျေးရွာ လင်းရွှေနီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်ကြင်းသာပရဟိတအသင်းကြီး၏ လှူပ်ရှားမှုအောင်ပွဲ

မြို့သစ် ဇွန် ၅

မကွေးခရိုင် မြို့သစ်မြို့နယ် ကွက်သစ်ရပ်ကွက်တွင်ရှိသော အင်ကြင်းသာပရဟိတအသင်းအနေဖြင့် သွေးလိုအပ်သည့်လူနာများအတွက် သွေးရှာဖွေလှူဒါန်းမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး အောက်ဆီဂျင်လိုအပ်သော လူနာများအနေဖြင့် ၁၆ မိုင်ဝေးသော တောင်တွင်းကြီးမြို့သို့ သွားရောက်ယူရသည့်ဒုက္ခမှ ကင်းဝေးစေရန်အတွက် အင်ကြင်းသာပရဟိတအသင်းမှ အောက်ဆီဂျင်ဖြန့်ဝေပေးခဲ့ရာ အောက်ဆီဂျင်အိုးကြီး ၄၁လုံး၊ အိုးသေး ၂၀၅ လုံးထိ လှူဒါန်းနိုင်ခဲ့သည်။

ဆက်လက်၍ လူနာများအတွက် အရေးပေါ်အခြေအနေတွင် အခြားမြို့ကြီးများသို့ ဆေးကုသဆောင်ရွက်ရန် သွားလိုသည့်အခါ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက လှူဒါန်းထားသော အရေးပေါ်လူနာတင်ယာဉ် တစ်စီးသာရှိ၍ မလုံလောက်ပါသောကြောင့် မြို့သစ်မြို့ တပ်ကုန်းကျေးရွာနေ ခေတ္တတာချီလိတ်ရောက် ဦးဇော်လေးထံမှ မတည်အလှူငွေဖြင့် အင်ကြင်းသာပရဟိတ အသင်းပိုင် အရေးပေါ်လူနာတင်ယာဉ်တစ်စီး ဝယ်ယူနိုင်ခဲ့ပြီး ၂၄ နာရီ မြို့သစ်-မကွေး၊ မြို့သစ်-နေပြည်တော်ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နေပြီဖြစ်ပြီး စေတနာရှင်ပြည်သူများအနေဖြင့် အောက်ဆီဂျင်၊ သွေးနှင့် အရေးပေါ်လူနာတင်ယာဉ်ကိုလိုအပ်ပါက အင်ကြင်းသာပရဟိတ အသင်းသို့ ဆက်သွယ်တောင်းခံနိုင်ပါကြောင်း ဖော်ပြအပ်သည်။

ဆက်သွယ်လိုပါက ဖုန်း-၀၉-၂၅၆၅၁၅၄၊ ၀၉-၄၀၁၅၆၄၇၂၂ သို့ တောင်းခံနိုင်ပါကြောင်းသိရသည်။

ဇော်ဇော်(မြို့သစ်)

သရုပ်ဆောင်သစ်(အမျိုးသမီး) (၅)ဦးအလိုရှိသည်

၁။ ရုပ်ရှင်/ဗီဒီယို ဇာတ်ကားများ ရိုက်ကူးရန် အတွက် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသော သရုပ်ဆောင်သစ်(အမျိုးသမီး)များ အလိုရှိပါသည်။

(က) ရုပ်ရည်ပြေပြစ်လှပ၍ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

(ခ) အရပ်အမြင့် ၅'-၄"မှ ၅'-၈"အတွင်းဖြစ်ပြီး အိမ်ထောင်မရှိသူ (အပျို)ဖြစ်ရမည်။

(ဂ) အင်္ဂလိပ်ဘာသာစကား အသင့်အတင့်ပြောနိုင်ရမည်(သို့) ပြောရန်စိတ်ဝင်စား၍ ကြိုးစားနိုင်သူဖြစ်ရမည်။

(ဃ) ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ဖူးသူမဖြစ်ရ။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်းချုပ်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ကိုယ်လုံးပေါ်အရွယ်အစား၊ အနီးကပ်ရှေ့၊ ဘေးတိုက်အလှဓာတ်ပုံသုံးပုံနှင့်အတူ အောက်ပါလိပ်စာသို့ ၁၀-၆-၂၀၁၄ရက်မှ ၃၁-၆-၂၀၁၄ရက်အထိ နံနက် ၁၁:၀၀ နာရီမှ ညနေ ၄:၃၀နာရီအတွင်း လူမျိုး၊ ဘာသာမရွေး မည်သူမဆို လာရောက်လျှောက်ထား နိုင်ပါသည်။

၃။ မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသမှမဆိုလာရောက်လျှောက်ထားနိုင်ပြီး နယ်မှလျှောက်ထားသူများအတွက် လျှောက်လွှာပိတ်ရက်မှာ ၁၅-၇-၂၀၁၄ရက်ဖြစ်ပါသည်။

အမှတ် ၁၂၆/A၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၁၂၉၇၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ လယ်ယာ ၆ လမ်း၊ မြေကွက်အမှတ် ၆-က/၁-၁၊ အကျယ်အဝန်း ၀ ဒသမ ၀၇၈၅ ဧက၊ ဒေါ်နွယ်နီကိုလေး ၁၂/သကတ(နိုင်)၁၃၉၉၅၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား လက်ရှိ ပိုင်ဆိုင်သူ ဦးသန်းစိန် ၁၂/လမန(နိုင်)၁၄၇၉၄၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ၁၀ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖေယျာထွန်း LL.B (စဉ်-၂၈၄၆၉) အထက်တန်းရှေ့နေ
၅/၅၀၂၊ ရန်ကင်းလမ်း၊ ကန်တော်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၉၆၀၂

ဖခင်အမည်မှန် — ပေါင်းတလည် အထက၊ အဋ္ဌမတန်းမှ မောင်ပိုင်မင်းခန့်၊ မောင်လမင်းပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ချို၇/ပခတ(နိုင်)၀၄၉၁၅၆ဖြစ်ပါသည်။ **ဦးမောင်ချို**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒေါပုံမြို့နယ် တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၀

(၁)ဦးစိုးသိန်း **နှင့်** (၁) ဒေါ်မြညွန့်၊ (၂) ဒေါ်မာမာရည်
(၂)ဒေါ်နူရ်ဘေခေါင်(ခ)ဒေါ်နူရ်ဘေဂေါင် (၃) ဦးရန်သိမ်း၊ (၄) ဦးစိုးပိုင်
(၅) ဒေါ်သန်းသန်း

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်/စကားဝါလမ်း၊ အမှတ်(၂၅၈)နေ ဒေါ်မြညွန့်နှင့်ဦးစိုးပိုင် (ယခုလိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများ(၁)ဦးစိုးသိန်း၊ (၂)ဒေါ်နူရ်ဘေခေါင်(ခ) ဒေါ်နူရ်ဘေဂေါင်တို့က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန်၁၆ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးတင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ တောင်၊ မြေကွက်အမှတ် ၁၁၇၃-ခ၊ မြေကွက်တည်နေရာအမှတ် (၁၁၇၃/ခ)၊ သုမနလမ်း၊ ၂ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်သောင်းရင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းထွန်း(ဖခင်)နှင့် ဒေါ်သောင်းရင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်နှင်းဦး ၁၂/သကတ(နိုင်)၀၁၂၁၈၂၊ ၂။ ဦးကျော်စိန် ၁၂/သကတ(နိုင်)၀၁၁၃၉၅၊ ၃။ ဦးမြင့်အောင်၁၂/သကတ(နိုင်)၁၂၃၂၄၀၊ ၄။ ဦးဟံတင် ၁၂/သကတ(နိုင်)၁၇၅၂၈၀တို့ မွေးဖွားခဲ့ပြီး အမှတ်စဉ်(၁)မှ (၃)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၇၆၈/၁၃)ရသူ ဦးမင်းညိုထွန်း ၁၁/စတန(နိုင်)၀၇၁၁၂၉ ပေးအပ်ခဲ့ပြီး ၎င်းနှင့်အတူ ကျန်သားတစ်ဦးဖြစ်သူ ဦးမြင့်အောင် ၁၂/သကတ(နိုင်)၁၂၃၂၄၀တို့မှ ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဒဂုံတောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၄၊ မြေကွက်အမှတ် ၉၂၃၊ အလျားပေ၄၀×အနံပေ၆၀ရရှိသူ အမည်ပေါက် ဦးသန်းလှိုင်ထံမှ စာချုပ်အဆင့်ဆင့် ဝယ်ယူသူ ဦးမောင်မောင်စန်း (ဘ)ဦးအန်တစ် ၁၄/သမန(နိုင်)၀၀၀၀၃၃တို့မှ မြေပါမစ်စာရင်း သွင်းခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်း ဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ ရွာကြီးလမ်း၊ အကွက်အမှတ် ၂၈၊ ရွာကြီးအရှေ့ကွက်၊ ဦးပိုင်အမှတ် ၁၁၉၊ ဧရိယာ ၀ ဒသမ ၀၅၆ဧကမြေကွက်အား မြေပိုင်ရှင် ဦးလှမောင် ၁၁/စတန(နိုင်)၀၃၄၉၁၁မှ အဆိုပါမြေကွက်အား ရောင်းချရန်အတွက် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်လိုအပ်လာသဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးလှမောင်
ဖုန်း-၀၉-၂၅၀၆၀၇၀၅၃

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပိုင်ရှင်ရှာမတွေ့တဲ့ရွှေငါးကား ပြည်သူများစိတ်ဝင်စားနေ

ဖျာပုံ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စတင်အရေးယူဆောင်ရွက်သည့် ဇွန် ၂ ရက်တွင် ဖျာပုံမြို့ (၄)ရပ်ကွက် (၂) လမ်းထောင့် လမ်းပြောင်းပြန်မဝင်ရဆိုင်းဘုတ်အနီး ပလက်ဖောင်းဘေးတွင် ၇၈/---- မတ်တူးရွှေငါးအဖြူရောင်ကားတစ်စီး ယာဉ်မရပ်ရ ပလက်ဖောင်းဘေး နေရာတွင် ရပ်ထားသဖြင့် တာဝန်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အဆိုပါကားကို နေရာရွှေ့ရန်အတွက် သွားရောက်စစ်ဆေးရာတွင် ကားမှန်များ အလုံပိတ်၍ ကားမောင်းသူ ကားပိုင်ရှင်ရှာမတွေ့ကြောင်း သိရသည်။

အဆိုပါ မတ်တူး ၇၈/---အဖြူရောင်ကားသည် ဇွန် ၃ ရက်တွင်လည်း ဇွန် ၂ ရက်က ရပ်ထားသည့်အတိုင်း ထူးဆန်းစွာတွေ့ရှိရသဖြင့် ဖျာပုံမြို့မရဲစခန်းမှ စခန်းမှူးနှင့် တာဝန်ရှိသူများ၊ ဖျာပုံမြို့ (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ လာရောက်စစ်ဆေးရာတွင်လည်း ကားပိုင်ရှင်ကို ဖော်ထုတ်နိုင်ခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်ရဲတပ်ဖွဲ့က စခန်းမှူးနှင့် တာဝန်ရှိသူတွေ လာရောက်စစ်ဆေးတဲ့အခါ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရပ်ကွက်နေပြည်သူတွေ ပူးပေါင်းစုံစမ်းဖော်ထုတ်သော်လည်း ကားပိုင်ရှင်နဲ့ကားမောင်းသူ ရှာလို့မရပါဘူး။ ကားကမှန်အလုံပိတ်ထားပြီး ရှေ့ဝဲဘက်ကားဘီးနေရာမှာ ပွတ်တိုက်ထားလို့ ချိုင့်နေတဲ့အရာ တွေ့ရပါတယ်။ ကားထဲချောင်းကြည့်တော့လည်း ဘာမှမတွေ့ရပါဘူး။ ကားမှာတပ်ထားတဲ့ ဖောင်းကြွနံပါတ်ပြားအတိုင်း ရန်ကုန်မြို့သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို စုံစမ်းထားပြီး ကားကိုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ မျက်မြင် သက်သေတွေရှေ့မှာ နေရာရွှေ့ပြောင်းပြီး ထိန်းသိမ်းထားပါတယ်"ဟု ဖျာပုံမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖျာပုံမြို့တွင် ထူးဆန်းစွာပိုင်ရှင်မဲ့ရပ်ထားသော အဆိုပါ ကားကို မြို့နေပြည်သူများ စိတ်ဝင်စားစွာ စုံစမ်းမေးမြန်းနေကြပြီး အဆိုပါ ပိုင်ရှင်မဲ့ကား ဖြစ်ရပ်မှန်ပေါ်ပေါက်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

နေပြည်တော်တွင် ခရီးသည်တင်အမြန်ယာဉ်များ စစ်ဆေး

နေပြည်တော် ဇွန် ၅

နေပြည်တော်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကိုအသုံးပြုပြေးဆွဲနေသော ခရီးသည်တင်မှန်လုံအမြန်ယာဉ်များ ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်တစ်စီးတွင် ကောင်းမွန်စွာ အချိန်မရွေးအသုံးပြုနိုင်သည့် အင်္ဂါရပ်များ စံချိန်စံညွှန်းကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်းကို ဇွန် ၃ ရက် နံနက် ၅ နာရီက ယာဉ်များမထွက်ခွာမီ စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ ပို့/ဆက်ဦးစီးဌာနမှ ဦးမင်းသူစိုး၊ မထသ (အဝေးပြေး)မှ လက်ထောက်ဌာနမှူး ဦးစိုးကြီး၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန့်ဇင်ဦး၊ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်၏အစိတ်အပိုင်းများကောင်းမွန်စွာ အလုပ်လုပ်သုံးစွဲနိုင်မှု ရှိ မရှိ၊ ကားတာယာများ စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှု ရှိ မရှိ၊ အရည်အသွေးကောင်းမွန်သော မီးသတ်ဆေးဘူးများတပ်ဆင်ထားခြင်း ရှိ မရှိ၊ အရေးပေါ်ထွက်ပေါက် အသုံးပြုနိုင်ခြင်း ရှိ မရှိ၊ နေပြည်တော်တိုးဂိတ်တွင် ခရီးသည်တင်မှန်လုံယာဉ်များ ကြံ့ခိုင်မှု ရှိ မ ရှိ စစ်ဆေးခြင်းတို့ကို မေ ၁၇ ရက်ကစတင်၍ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ခရီးသွားပြည်သူများ အန္တရာယ်ကင်းဝေးစေရေး ခရီးသည်တင်ယာဉ်များ စစ်ဆေး

မကွေး ဇွန် ၅

ဇွန် ၄ ရက် ညနေ ၄ နာရီက မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ မကွေး မြို့မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လားရှိုးမြို့များနှင့် အခြားသော အနယ်နယ်အရပ်ရပ်သို့ ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်များအား ဇွန် ၃ ရက်က မကွေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ယာဉ်၏ အစိတ်အပိုင်းများ ကောင်းမွန်မှု ရှိ မရှိ၊ တာယာများ ကောင်းမွန်မှု ရှိ မရှိ၊ ယာဉ်များနှင့်သင့်လျော်မည့် မီးသတ်ဆေးဘူးထားရှိမှုနှင့် အရေးပေါ်သုံးစွဲရန် ကောင်းမကောင်း၊ ဘရိတ်နှင့် အချက်ပြမီးများ ကောင်းမွန်မှု ရှိ မရှိ၊ အရေးပေါ်ထွက်ပေါက်များအသုံးပြုနိုင်ခြင်း ရှိ မရှိ၊ သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်၊ ယာဉ်နောက်လိုက်များ လိုင်စင်ရှိ မရှိ တို့ကို စစ်ဆေးခဲ့သည်။

မော်တော်ယာဉ်များအား မကွေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးခင်သန်း ဦးဆောင်သည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အများပြည်သူများ စိတ်ချလုံခြုံစွာ ဖြင့်အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်စေရေးအတွက် စစ်ဆေးခြင်းဖြစ်ပြီး စစ်ဆေးရာတွင် လိုအပ်ချက်ရှိသည့် ယာဉ်များကို ပြည့်စုံအောင်ဆောင်ရွက်ရန်နှင့် စီးနင်းသူပြည်သူများအတွက် အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခင်သန်းက ပြောကြားခဲ့သည်။

ခင်မာလာ(မကွေး)

အမကစစ်တပင်သို့ ပညာရေးဆိုင်ရာ ပစ္စည်းများ လှူဒါန်း

ပုသိမ် ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု စစ်တပင်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းသို့ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ငါးသိုင်းချောင်း မြို့နယ်ခွဲမှ စေတနာရှင်အလှူရှင်များက စုပေါင်း၍ ပညာရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အမကစစ်တပင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မင်းဇော်ဦး(ရေကြည်)

ချောက်မြို့နယ် တွင်းလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

ချောက် ဇွန် ၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တွင်းလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၄ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်ဦး၊မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ကျောင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

အထိမ်းအမှတ်အလံများပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ထွန်းက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးထံသို့လည်းကောင်း၊ အကျိုးတော်ဆောင် ဦးဖြူဝင်းထံသို့လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဝင်းထံသို့လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်ထံသို့လည်းကောင်း ပေးအပ်ခဲ့ကြသည်။

ကျေးရွာနေမိဘပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဖွင့်လှစ်နိုင်ခဲ့၍ လက်ရှိ အလယ်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူ ၂၃၅ ဦးအပြင် အထက်တန်းကျောင်းသား ကျောင်းသူ ၇၀၀ ကျော်အတွက်လည်း ပညာရေးအဆင်ပြေစွာ အထက်တန်းပညာများ သင်ယူနိုင်တော့မည်ဖြစ်သည်။

ကျေးရွာနေမိဘတစ်ဦးက "ကျွန်တော်တို့တုန်းက အလယ်တန်းပညာပဲရှိတာ။ အခုလို အထက်တန်းအထိ ကျေးရွာမှာ ရှိလာပြီဆိုတော့ ကိုယ့်သားသမီးပညာရေး စိတ်အေးရတာပေ့ါ။ အထက်တန်းပညာကို အိုးမကွာ အိမ်မကွာ သင်ယူနိုင်တာပေ့ါ၊ ကျောင်းသားအတွက် သွားရေးလာရေး အဆင်ပြေသလို မိဘတွေအတွက်လည်း အဆင်ပြေပါတယ်"ဟု ဝမ်းသာစွာပြောကြားခဲ့သည်။

မင်းဇော်ဦး(ရေကြည်)

ဖခင် အမည်မှန်

မွန်ပြည်နယ်၊ အထက(၂)မုဒုံ၊ အဋ္ဌမတန်း(က)မှ မထက်အိဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၁၀/မဒန(နိုင်)၁၆၀၄၇၇ ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပုသိမ်ခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၀

ဒေါ်စန်းယုခိုင် **နှင့်** ၁။ ဒေါ်အုန်းကြည်

၂။ ဦးတင်မောင်ထွေး

၃။ ဒေါ်ခင်လှရီ

တရားလို **တရားပြိုင်များ**

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ သင်္ကန်းကုန်းရွာနေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်အမှတ်(၂)ဦးတင်မောင်ထွေး (ဘ)ဦးမောင်မောင်ရီ၊ တရားပြိုင် အမှတ်(၃) ဒေါ်ခင်လှရီ (ဘ)ဦးမောင်မောင်ရီတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မာမာစိန်)

ဒုတိယခရိုင်တရားသူကြီး

ပုသိမ်ခရိုင်တရားရုံး

ဦးကျော်မြင့်အောင် (ဗိုလ်မှူး-ငြိမ်း) ၁၂/အစန(နိုင်)၀၀၉၆၈၈၊
ဦးအေးရန်နိုင်ကျော် ၁/မကတ(နိုင်)၀၇၅၆၂၄၊ ဟိန်းထက်လုပ်ငန်းစု
အမှတ်-၁၄(A-6)၊ ဈေးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့်
ဒေါ်မြင့်မြင့်မော်အေး၁၂/အစန(နိုင်)၀၀၆၆၁၀၊ စည်းစိမ်စုံအလှပြင်လုပ်ငန်း မြို့မဈေး၊ နေပြည်တော်

နေထိုင်သူတို့သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (Q-21)မြကန်သာ (၃)လမ်းနေ ဒေါ်ခင်သန်းဝင်း ၁၂/လသန(နိုင်)၀၀၆၃၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သန်းဝင်းကို လူကြီးမင်းဦးကျော်မြင့်အောင်က ကြွေးပေးဆပ်ရန်ရှိငွေ ကျပ် ၉၂၆ သိန်း ပေးဆပ်ရန် ပျက်ကွက်မှုအတွက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ကြေညာဖော်ပြငွေတောင်းခံခဲ့ရာတွင် လူကြီးမင်းဦးကျော်မြင့်အောင်က ငွေကြေးအပေးအယူ အပြန်အလှန်ရှိခဲ့ကြောင်း၊ သားဖြစ်သူ ကိုအေးရန်နိုင်ကျော်၏ မင်္ဂလာပွဲအား အထင်အရှားကျင်းပပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေ သိပြီးဖြစ်ပါလျက် နောက်ပိုင်းတွင် ကတိမတည်မှုကြောင့် စိတ်ဆင်းရဲမှုဖြစ်ခဲ့ရကြောင်းဟုလည်းကောင်း၊ လူကြီးမင်းဒေါ်မြင့်မြင့်မော်အေးက သားဖြစ်သူ ကိုအေးရန်နိုင်ကျော်အနေဖြင့် ၂၂-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ခန်းမတွင်မင်္ဂလာပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ကတည်းက ကျွန်ုပ်တို့မိတ်ဆွေနှင့် သမီးဖြစ်သူတို့ ပုဂ္ဂိုလ်ရေးမကျေနပ်မှု၊ မပြေလည်မှုများအပေါ် အာဃာတဖြင့် လုပ်ကြံစွပ်စွဲသည်ဟုလည်းကောင်း၊ လူကြီးမင်း ကိုအေးရန်နိုင်ကျော်က ၂၂-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ခန်းမတွင် မင်္ဂလာပွဲကျင်းပခဲ့သည်မှစ၍ နှစ်ဖက်မိဘ မိသားစုဆက်ဆံရေး အဆင်မပြေဖြစ်လာပြီး မကျေနပ်မှုများဖြစ်ပေါ်လာခဲ့ရပါသည်ဟုလည်းကောင်း၊ လူကြီးမင်းတို့ဘက်မှ ၆-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၀-၄-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် ပြန်လည်ကြေညာမှုပြုခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် လူကြီးမင်း ဦးကျော်မြင့်အောင်ထံတွင် ရရန်ရှိငွေအတွက် လက်ဝယ်ရှိအထောက်အထားများနှင့် သဘောရိုးတောင်းခံခဲ့သည်ကို ကျွန်ုပ်တို့၏မိတ်ဆွေသမီးနှင့်လူကြီးမင်း ကိုအေးရန်နိုင်ကျော်တို့ကြား တစ်စုံတစ်ရာပတ်သက်ဆက်နွယ်မှုမရှိဘဲ အများထင်ယောင်ထင်မှားဖြစ်စေရန်၊ ဂုဏ်သရေထိခိုက်နစ်နာစေရန် မမှန်မကန်ကြေညာထားမှုအား ဤကြေညာစာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း လူသိရှင်ကြား တောင်းပန်ရန်နှင့် ပေးဆပ်ရန်ရှိငွေ ပေးဆပ်ပါရန် တောင်းဆိုပါသည်။ တောင်းပန်ခြင်း၊ ငွေကြေးပေးဆပ်ခြင်းများမပြုပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းလွင်(ကညွတ်ကွင်း) (LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်/၈၃၄၆)** — **ဖုန်း-၀၉-၅၁၈၄၂၀၉**

ဦးမျိုးအောင် (LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၆၀)** — **ဖုန်း-၀၉-၅၀၄၃၈၉၉**

အမည် ပြောင်း

ဗန်းမော်မြို့၊ နောင်ခိုရပ်နေ ဦးလှထွန်း ၁/ရကန(နိုင်)၀၉၉၉၁၈-ဒေါ်လှိုင်းဝေဝေလှိုင် ၁/ဗမန(နိုင်)၀၃၆၂၅၀တို့၏သမီး မစုပြည့်နိုင် အထက(၄) အဋ္ဌမတန်းအား မစုပြည့်လှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မစုပြည့်လှိုင်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄

ဦးစိုးစံလင်း **နှင့်** ဦးမြင့်သိန်း

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၉၆/၇၀နေ ဦးမြင့်သိန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးစိုးစံလင်းမှ ဝယ်ယူထားသော တိုက်ခန်းလက်ရောက်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၃ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(လဲ့လဲ့အေး)

ဒုတိယခရိုင်တရားသူကြီး(၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မူးယစ်ဆေးဝါးသုံးစွဲ ရောင်းချသူကို ဖမ်းဆီး

မော်လူး ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေအတွင်း သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းသိန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်း၊ ဒုတပ်ကြပ်အောင်ကိုဝင်းတို့သည် သက်သေများဖြစ်သော ဟဲနုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ရွှေ၊ မော်လူးရပ်ကွက်(၆)နေ ဦးသံချောင်းတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ပုန်းဟုန်းကျေးရွာအုပ်စု စဉ့်ခိုးကျေးရွာနေ အောင်မင်း၏ နေအိမ်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခွင့် ဝရမ်းအမှတ် ၂၀/၁၄ ဖြင့် ဝင်ရောက်ရှာဖွေရာ အောင်မင်းအား နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပြီး ၄င်းအနီးမှ မူးယစ်ဆေးဝါးဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၅ ဒသမ ၁ ဂရမ်ခန့်ပါ အဖြူရောင်ကော်ဘူးတစ်ဘူး၊ မူးယစ်ဆေးဝါးဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၁ ဒသမ ၇၈၅ ဂရမ်ခန့်စီပါ ကော်ဘူးနှစ်ဘူး၊ အလေးချိန် ၀ ဒသမ ၃၈၂ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်းအလေးချိန် ၉ ဒသမ ၀၅၂ ဂရမ်ခန့်နှင့် ငွေစက္ကူရောရာ ငွေကျပ် ၉၅၀၀၀ တို့ကို တွေ့ရှိ၍ ဒုရဲအုပ်အောင်အောင်သန်းက သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးသုံးစွဲရန်နှင့် ရောင်းချရန် လက်ဝယ်ထားရှိသူ အောင်မင်း(၃၃ နှစ်)တောင်သူ စဉ့်ခိုးရွာနေသူကို မော်လူးရဲစခန်းက မူးယစ်ဆေးဝါးပုဒ်မဖြင့် အရေးယူခဲ့ပြီး တရားစွဲဆိုနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

နီတိုး

နှစ်ပေါင်း ၁၂၀ကျော်သက်တမ်းရှိ မဲဇာချောင်းရထားလမ်းကူးတံတား ပြုပြင်လျက်ရှိ

မဲဇာ ဇွန် ၅

မဲဇာချောင်းရထားလမ်းကူးတံတားသည် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း မိုင်တိုင် (၅၇၄/၁၆-၁၇)တွင်တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာကျေးရွာအနီး၌ တည်ရှိသည်။ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဆက်စပ်ပေးရာ အဓိကလမ်းကြောင်းဖြစ်သဖြင့် အင်္ဂလိပ်အစိုးရမှ ၁၈၉၁ ခုနှစ်တွင် စစ်ကိုင်း-ရွှေဘိုရထားလမ်း၊ ၁၈၉၂ ခုနှစ်တွင် ရွှေဘို-ဝန်းသိုရထားလမ်းနှင့် ၁၈၉၃ ခုနှစ်တွင် ဝန်းသို-မိုးညှင်းရထားလမ်းပိုင်းတို့ကို အသီးသီးဖောက်လုပ်ပေးခဲ့သည်။ အဆိုပါ စစ်ကိုင်း-မိုးညှင်းလမ်းပိုင်းတွင် ပေ ၁၀၀ အထက် သံပေါင်တံတား ၃၄ စင်းရှိသည်။ အဆိုပါတံတားကြီးများအနက် အလျားပေ ၃၇၆၀ ရှည်သော ဧရာဝတီမြစ်ကူးတံတား(အင်းဝ)ပြီးလျှင် မဲဇာချောင်းတံတားသည် အလျားပေ ၇၀၀ရှိသဖြင့် ဒုတိယအရှည်ဆုံးတံတား ဖြစ်သည်။ စတင်ဖောက်လုပ်ခဲ့သည့်ကာလမှ ယနေ့အထိဆိုလျှင် နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်သည်။ ထို့ကြောင့် တံတားများ၏သက်တမ်းသည်လည်း နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်သည်။ အဆိုပါတံတားကို ယနေ့အချိန်အထိ လုံခြုံစွာအသုံးပြုနိုင်ရန်အတွက် မြန်မာ့မီးရထားဝန်ထမ်းများက တံတားပြုပြင်ထိန်းသိမ်းရေး လက်စွဲပါ နည်းလမ်းများအတိုင်း ထိန်းသိမ်းပြုပြင်လျက်ရှိကြောင်းသိရသည်။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများအနေဖြင့်လည်း လမ်းပိုင်းအတွင်းရှိ တံတားနှင့် လမ်းပိုင်းများကို ဦးစားပေးစစ်ဆေးလျက်ရှိရာ မဲဇာချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ တံတားရေရှည်အသုံးပြုနိုင်ရန်အတွက် တံတားရေလမ်းကြောင်းထိန်းသိမ်းခြင်းလုပ်ငန်း၊ တံတားရေလယ်တိုင်တွင် ကျောက်ကြီးချခြင်းလုပ်ငန်း၊ တံတားသံပေါင်ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါတံတားကို အားပြုသွားလာနေကြသော ရထားစီးခရီးသည်များနှင့် ဒေသခံပြည်သူများ အကျိုးရှိလာမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

ပြည်သူ့ရေးရာ တာဝန်ခံမှု၊ တာဝန်ယူမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြောင်းမြ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြည်သူ့ရေးရာ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(ပထမအကြိမ်)ကို ဇွန် ၃ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲဖြစ်မြောက်ရေးတာဝန်ခံဦးဝင်းရွှေက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ရှေးဦးစွာ ပညာရေးကဏ္ဍဆိုင်ရာ ဆွေးနွေးမေးမြန်းမှုကို ကိုအောင်မျိုးနိုင်နှင့် ကိုမြတ်သူ(လူငယ်ကွန်ရက်အဖွဲ့)မှ လည်းကောင်း၊ စည်ပင်ကဏ္ဍဆိုင်ရာဆွေးနွေးမေးမြန်းမှုကို ဦးဝင်းရွှေ(ရွှေမှိုင်း)(ယူနတီဂျာနယ်)၊ ဒေါ်စီစီမြင့် (လယ်သမားသမဂ္ဂ-အိမ်မဲမြို့နယ်)၊ ကိုဝင်းဌေး(လယ်သမားသမဂ္ဂမြောင်းမြ)တို့ကလည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ ကဏ္ဍဆိုင်ရာ ဆွေးနွေးမေးမြန်းမှုကို ကိုဘိုဘို(ဧရာဝတီလူငယ်အဖွဲ့)၊ ကိုမြတ်သူ(လူငယ်ကွန်ရက်အဖွဲ့)တို့က လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာဆွေးနွေးမေးမြန်းမှုကို ဦးဝင်းရွှေ(ရွှေမှိုင်း) (ယူနတီဂျာနယ်)၊ဒေါ်စီစီမြင့် (လယ်သမားသမဂ္ဂ-အိမ်မဲမြို့နယ်) တို့ကလည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးမေးမြန်းမှုကို ဒေါ်စီစီမြင့် (လယ်သမားသမဂ္ဂ-အိမ်မဲမြို့နယ်) နှင့် ကိုသက်ပိုင်ကြူ(ကရုဏာရှင်လူငယ်များအဖွဲ့-မြောင်းမြ) တို့က လည်းကောင်း၊ လယ်ယာမြေကဏ္ဍ ဆွေးနွေးမေးမြန်းခြင်းကို ဦးဝင်းရွှေ (ရွှေမှိုင်း-ယူနတီဂျာနယ်)က လည်းကောင်း အသီးသီးဆွေးနွေးမေးမြန်းကြရာသက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မေးခွန်းများကို အသီးသီး ပြန်လည်ဖြေကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးဝင်းကိုကိုက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြည်သူ့ရေးရာ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ CSO အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ပေါင်းကူးအဖွဲ့နှင့်လယ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ ဂျာနယ်သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇွန် ၄ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ ရည်ရွယ်ချက်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသည်တို့တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။

အောင်မင်း(iprd)

မကွေးမြို့တွင် ဆိုင်ကယ်ချင်းတိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

မကွေး ဇွန် ၅

မကွေးမြို့ အောင်မေတ္တာလမ်းတွင် ဇွန် ၃ ရက် ည ၁၀ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ လှိုင်ဝင်းအောင် မကွေးမြို့နေသူ မောင်းနှင်လာသည့် SHAYAN 110 အစိမ်းရောင်ဆိုင်ကယ်နောက်မှ သမီးဖြစ်သူကိုတင်ဆောင်၍ ဆည်မြောင်း တည်ဆောက်ရေး(၃) ဘက်သို့ မောင်းနှင်လာစဉ် လားရာတူဘက်မှ စောနယ်တာ မင်းဘူးရိုးမဘဏ် ယာဉ်မောင်း မကွေးမြို့နေသူ မောင်းနှင်လာသည့် KENBO 125 အနက်ရောင်ဆိုင်ကယ်က အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာပြီး အဝေရာလမ်းနှင့် အောင်မေတ္တာလမ်းအနီး အရောက်တွင် ရှေ့မှသွားနေသည့် လှိုင်ဝင်းအောင်၏ ဆိုင်ကယ်ဝဲဘက်ခြေနင်းကို ဝင်ရောက်တိုက်မိခဲ့သဖြင့် လှိုင်ဝင်းအောင်တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ပြီး စောနယ်တာမှာ ဒဏ်ရာများဖြင့် သတိလစ်လျက်စိုးရိမ်ရသဖြင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ အလှည့်ကျဆရာဝန်၏စစ်ဆေးချက်အရ စောနယ်တာမှာသေဆုံးကြောင်း သိရှိရသဖြင့် ဆိုင်ကယ် မဆင်မခြင်မောင်းနှင်ပြီး ရှေ့ယာဉ်ကို ကျော်တက်ကာ ဝင်ရောက်တိုက်ခဲ့သူ စောနယ်တာကို ဒုရဲအုပ်ဝင်းနိုင်မှ တိုင်တန်းခဲ့သဖြင့် မကွေးမြို့နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

နယ်မြို့များတွင် ဆိုင်ကယ်များ အများအပြားစီးနင်းအသုံးပြုလာခြင်းကြောင့် သယ်ယူပို့ဆောင်ရေး လွယ်ကူသကဲ့သို့ စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် ယာဉ်တိုက်ဒဏ်ရာရ သေဆုံးမှုများလည်း များပြားလာလျက်ရှိသည်။ **ကျော်ဇေယျ(မကွေး)**

ရွှေတိဂုံစေတီတော် နယုန်လပြည့်နေ့ မဟာသမယနေ့အခမ်းအနားကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၁၂)လရာသီပွဲတော်များအနက် ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၃၇၆ခုနှစ် နယုန်လပြည့် နေ့ထူးနေ့မြတ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ စုပေါင်းပြီးအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ အဆိုပါနေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မဟာသမယနေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ တရားတော်များ နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူ ပြည်သူအများ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်ရွှေ(ဉူးမမ္ဘသူရိယ)- ဒေါ်အကြည် တို့၏သား

မောင်အောင်နေဝင်း M.Res(Pure Chemistry)

ဌာနခွဲမန်နေဂျာ၊ သုတေသနဌာနခွဲ၊ မြန်မာ့ဆားလုပ်ငန်း

နှင့်

မင်္ဂလာဒုံမြို့နေ ဗိုလ်ကြီးအောင်ဆန်းမြိုင်(ငြိမ်း)- ဒေါ်သင်းသင်းဦးတို့၏သမီး

မမဥ္ဇူသင်းအောင် B.A(History)

တို့၏ ၁၅-၅-၂၀၁၄ ရက် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် ကူညီပေးပါသော ဒေါ်သန်းသန်းမြတ် (ခရိုင်တရားသူကြီး၊ ငြိမ်း)၊ လက်မှတ်ရေးထိုးလက်ထပ်ပေးပါသော ဦးအောင်ဝင်း(ဒု-ခရိုင်တရားသူကြီး)အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော မြန်မာ့ဆားလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးသန်းအောင်နှင့် ဇနီး ဒေါ်ချိုတို့အားလည်းကောင်း၊ ၁၈-၅-၂၀၁၄ ရက် မင်းကွန်းတိပိဋက ရွှေရတုမင်္ဂလာခန်းမကြီးတွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ကျော်သူ(ငြိမ်း)နှင့် ဇနီးဒေါ်အေးအေးရီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြတ်ပန်းဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုရည်ဝင်း၊ အလှပြင်ပေးပါသော မိတ်ကပ်ဂျိုးဂျိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ လာရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အရာထမ်း၊ အမှုထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသောသူများ အားလုံးတို့ကို အထူးကျေးဇူးတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်နေဝင်း-မမဥ္ဇူသင်းအောင်

မြေဧက (၂၀) ရောင်းမည်

နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်(၁၇) ရန်ကုန်ဘက်ခြမ်း မြေဧက (၂၀) ရောင်းမည်။

ဖုန်း-၀၉-၅၃၁၁၉၆၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၇၊ မြေကွက်အမှတ် ၁၁၇၆၊ မြေကွက်တည်နေရာအမှတ် ၁၁၇၆၊ (၁၄၇)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ခင်ပြုံးရီ ၁၂/မဂဒ(နိုင်)၀၀၅၂၁၅ အမည်ပေါက် ပါမစ်မြေအား ဒေါ်ခင်ပြုံးရီကွယ်လွန်၍ ဦးဝင်းမြင့် ၁၂/မဂဒ(နိုင်)၀၀၅၂၁၄ မှ တရားဝင်ခင်ပွန်းဖြစ်ကြောင်း ကျမ်းကိုန်လွှာတင်ပြပြီး ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်၊ ထောက်ခံချက်များနှင့် ကျမ်းကိုန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၄၉၆၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဒေါ်ခင်ပြုံးနိုင် ၁၂/မရက(နိုင်)၀၇၆၈၂၅၏သား မောင်နိုင်ဇော်ဦး၁၂/ဒဂမ(နိုင်)၀၂၁၂၆၁(CDC-၇၁၉၈၇) နိုင်ငံကူးလက်မှတ် M266545သည် မိခင်ဖြစ်သူအား ခွင့်မလွှတ်နိုင်သော ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်အခါခါပြုလုပ်သည့်အပြင် မိခင်သဘောမတူသူ အမျိုးသမီးနှင့်ပေါင်းသင်းနေထိုင်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **မိခင်- ဒေါ်ခင်ပြုံးနိုင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၁၀၅၆ SANG DA TRUCK (1) TON, P/U ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၇/ပတန(နိုင်)၀၀၈၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့

သာသနာပြုသင်တန်းသားများခေါ်ယူခြင်း

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပီနန်ဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုအရ နိုင်ငံတကာရှိ မြန်မာကျောင်းများ၌ သာသနာပြုအရည်အချင်းပြည့်စုံသော ရဟန်းတော်များ အလွန်တရာလိုအပ်နေသဖြင့် သံဃာတော်အရှင်သူမြတ်တို့နှင့် သာသနာ့အနွယ်ဝင်သီလရှင်များအား မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် နှစ်နှစ်နှင့်လေးနှစ် သာသနာပြုသင်တန်းတစ်ရပ်ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်လိုကြသော သံဃာတော်အရှင်မြတ်များနှင့် သာသနာ့အနွယ်ဝင်သီလရှင်များသည် သတ်မှတ်ထားသောပုံစံများကို မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ရယူဖြည့်စွက်၍ ၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၉ရက် (၂၁-၆-၂၀၁၄)ရက် (စနေနေ့) နောက်ဆုံးထားတင်ပြကြရပါမည်။

အရည်အချင်းသတ်မှတ်ချက်များမှာ-

၁။ ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ (သို့မဟုတ်)အစိုးရဓမ္မာစရိယအောင်ရမည်။
၂။ အနည်းဆုံး (၁၀)တန်းအဆင့် အင်္ဂလိပ်စာအရည်အချင်း ရှိရမည်။ ဓမ္မာစရိယဘွဲ့ရအတွက် အထူးစဉ်းစားပေးမည်။
၃။ အသက် (၃၀)ထက် မကျော်စေရ။
၄။ အရပ်အနိမ့်အမြင့် သင့်တင့်ကောင်းမွန်ရမည်။
၅။ ကျန်းမာသန်စွမ်းရမည်။
၆။ သာသနာဝင်ကတ်မူရင်းနှင့်မိတ္တူ၊ ဆယ်တန်းအောင်လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
၇။ ပတ်စ်ပို့ဓာတ်ပုံ သုံးပုံပါရှိရမည်။

လျှောက်လွှာပိတ်ရက် - ၂၁-၆-၂၀၁၄ ရက် (စနေနေ့) (၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၉ရက်)
အရည်အချင်းစစ်စာမေးပွဲရက် - ၁-၇-၂၀၁၄ ရက် (အင်္ဂါနေ့) (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၅ရက်)
အချိန် - မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိ
လူတွေ့စစ်ဆေးခြင်း - ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၅ရက် (၁-၇-၂၀၁၄ရက်) (ရေးဖြေစာမေးပွဲအပြီး ၃း၃၀ တွင် လူတွေ့စစ်ဆေးမည်။)

ဆက်သွယ်ရန်ဖုန်း
၁။ ဆရာတော်ဦးဥတ္တရ ဖုန်း-၀၉-၅၀၇၃၇၁၄
၂။ ဆရာတော်ဦးစန္ဒာသီရိ ဖုန်း-၀၉-၄၃၂၀၁၀၉၀
၃။ ဒု-ဥက္ကဋ္ဌ ဦးစောကြိုင် ဖုန်း-၀၉-၄၉၃၄၃၄၄
၄။ အတွင်းရေးမှူး ဦးသိန်းဦး ဖုန်း-၀၉-၄၉၂၈၃၀၆၅

သင်ကြားပို့ချကြမည့် ဆရာ ဆရာမများမှာ-

ဝါရင့်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်သူ အငြိမ်းစားဆရာ ဆရာမကြီးများမှ သင်ကြားပို့ချကြပါမည်။

ပညာသင်ကြားရေးကော်မတီ
မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဓမ္မာရုစ်လမ်း၊ အမှတ်(၁၄)ရှိ နှစ်ခန်းတွဲ (၈)ထပ်တိုက်အဆောက်အအုံ၏ (၄)လွှာ၊ ခြေရင်းခန်း၊ (၁၆ × ၆၅) ပေ တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ**တိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင်ပိုင်ဆိုင်သူ ဦးအောင်လှိုင် ၅/ဆလက(နိုင်)၀၂၀၂၆၆ နှင့် ဒေါ်နွဲ့နွဲ့ဝင်း ၈/ရစက(နိုင်)၀၀၂၅၀၃** တို့ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ **ယနေ့မှစ၍ ၁၄ရက်အတွင်း** ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B (အောင်သပြေမိုးအကျိုးဆောင်)
တရားလွှတ်တော်ရှေ့နေ (၁၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ် (၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁၊
Email: hponemyint007@ gmail.com

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းထိပ်ဦးကျေးရွာ၊ အကွက်အမှတ်(ပြင်)ဟုခေါ်တွင်သော (အလျား၂၀၀×အနံ ၁၇၀)ပေရှိမြေကွက်အား လက်ဝယ်ပိုင်ဆိုင်သူ ဦးသောင်းရွှေ ၉/မမန(နိုင်)၀၃၈၉၆၄ ၏သမီးဖြစ်သူ မအဏ္ဏဝါစိုး ၉/ပဥလ(နိုင်)၀၁၁၆၆၆ သည် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေကျပ်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား ဂရန်မူရင်းယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင် (အထက်တန်းရှေ့နေ)
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ ဗဟို ၁၅လမ်း၊ အမှတ် H-၆၆ နေ ဦးသိန်းဌေး TKA-၀၅၉၉၈၆ကိုင်ဆောင်သူက အောက်ပါအတိုင်း ကြေညာပါသည်။ ဦးသိန်းဌေးပိုင်ဆိုင်သည့် အထက်လိပ်စာပါအမည်တွင်သည့် ပေ(၄၀×၆၀)အကျယ်ရှိ ခြံမြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းစလစ်ပြား၊ ပြေစာ၊ အရောင်းအဝယ်စာချုပ်များ ပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာပါသည်။ ယင်းခြံမြေနှင့်ပတ်သက်ပြီး ဦးသိန်းဌေးမသိရှိ သဘောမတူဘဲ ရောင်းခြင်း၊ ပေါင်ခြင်းများပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ (စဥ-၂၉၆၆၀/၀၉)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၃၀၇၃၄၂၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ နီလာ ၂ လမ်း၊ အမှတ် ၆၁၇၊ ဧရိယာ ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အုံးတင် AC-၀၆၀၀၁၅၏ အမည်ပေါက်ဖြစ်ပြီး အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်နှင်းနီလာက ဝယ်ယူပိုင်ဆိုင်ထားသူထံ ဒေါ်လုံး ၁၂/ဗဟန(နိုင်)၀၄၁၇၄၈က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု တာဝန်ယူပြောဆိုသဖြင့်၎င်းထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းနီလာ
ဖုန်း-၀၉-၇၃၁၆၆၁၁၁

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးအောင်ခိုင်) (မြန်မာလက်ရွေးစင်ဘောလုံးသမားဟောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန) - ဒေါ်ဇာတ္တာအေးတို့၏သားငယ်၊
ကိုတင်အောင်လွင် (MAI Co.,Ltd.)-မဟန်နီလင်း (Air KBZ Limited)တို့၏ညီ

မောင်အောင်ခင်မိုး (ရွှေဆင်မင်း ဆောက်လုပ်ရေး)

နှင့်

ရန်ကုန်မြို့နေ
ဦးအဟုန် @ Henry Lee-ဒေါက်တာနန်းအောင်ခမ်းတို့၏ တစ်ဦးတည်းသောသမီး၊ ကိုစိုင်းပန်ဖ၏ညီမ

မနှင်းအေးဖြူ (ခ) နန်းနွမ်းခမ်း

'' SIRIS '' Ready to Wear Women's Fashion

တို့အား ၂၂-၅-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒဂုံမြို့နယ် တွဲဖက်တရားသူကြီး ဒေါ်ခိုင်ခိုင်လေး၊ ၃၀-၅-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံညစာစားပွဲတွင် မင်္ဂလာလပ်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)(ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး-ငြိမ်း)နှင့် ဇနီးဒေါ်ယဉ်ယဉ်မြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒေါက်တာဦးမြင့်ဟန်၊ (စက်မှုထူးချွန်ရှင် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်)နှင့် ဇနီးဒေါ်ခင်မြင့်ခိုင်၊ ဦးအောင်ဖုန်း(ဝန်ကြီး-ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန)နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း) (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(ငြိမ်း)(တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်စိန်ဝင်း(ငြိမ်း)(အားကစားဝန်ကြီးဌာန ဝန်ကြီး-ငြိမ်း)နှင့်ဇနီး၊ ဦးသောင်းထိုက် (ဒု-ဝန်ကြီး၊ အားကစားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်Lခွန်းရီ (ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ)၊ ဦးဝင်းသိမ်း (ကျောင်းအုပ်-ငြိမ်း)(ရေကြောင်းပညာသိပ္ပံ)နှင့်ဇနီးအားလည်းကောင်း၊ ဦးရှုမောင်နှင့်ဇနီး (ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုအဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီအဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကော်မတီ)၊ ဦးဝင်းမြ(အငြိမ်းစားသံအမတ်ကြီး) (ဥက္ကဋ္ဌမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မတီ)နှင့်ဇနီး၊ ဦးခင်မောင်ကြိုင် (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)နှင့်ဇနီး၊ Tai Hone Shan, Pau Bing Tong, Lee Kar Koom(ဘုံကျောင်းများမှ ဂုဏ်သရေရှိလူကြီးမင်းများ)နှင့် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မင်္ဂလာအခါတော်တေးသီချင်းဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာရှေ့တော်ပြေးအဖြစ် ဆောင်ရွက်ပေးပါသော မောင်ကျော်ညွှန့်လင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဟန်နီကျော်နှင့် မနန်းမွမ်းအွမ်၊ မင်္ဂလာလက်စွပ်နှင့်မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ပေးပါသော မနန်းဝိမာလာနှင့်မထက်သီရိအေး၊ သတို့သား သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မောင်ကျော်ဇင်သန့်၊ မောင်စိုးသီဟနိုင်၊ မနေခြည်နွေး၊ မပုလဲရီတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော တော်ဝင်သူ၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးပါသော မေဦးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော 7 Picture၊ မေတ္တာဖြင့်မင်္ဂလာတေးသံသာများ သီဆိုဖျော်ဖြေပေးပါသော ဦးဇော်ဝင်းရှိန် ဦးစီးသော T4 Music Band ၊ မေတ္တာဖြင့်မင်္ဂလာအခမ်းအနား ပွဲတက်ကားအသုံးပြုခွင့်ပေးပါသော ဦးကျော်ဟိန်းနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအား အစစအရာရာအဆင်ပြေစေရန် ပြင်ဆင်ဧည့်ခံကျွေးမွေးပေးပါသော Sedona Hotel မှ G.M၊ မလီလီ(Sales Manager)နှင့်တကွဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားတစ်ခုလုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ခင်မိုး-မနှင်းအေးဖြူ

ဒေါ်နယဉ် ၁၂/မဂတ(နိုင်)၀၂၅၄၈၂ နှင့် သမီး ဒေါ်ခင်နှင်းဝေ ၁၂/မဂတ(နိုင်)၀၅၂၃၄၃၊ အမှတ် ၈၊ ၂ လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သူများနှင့် သက်ဆိုင်သူ အများသိစေရန်ကြော်ငြာ

၁။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းမေ ၁၂/မဂတ(နိုင်)၀၅၃၅၆၁နှင့် တူမဖြစ်သူ ဒေါ်ခင်မာဝေ၊ ဒေါ်တင်မာဝေတို့၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄/B၊ မြေကွက်အမှတ် ၅၇၊ မြေအကျယ် ၂၅ပေ×၅၀ပေ၊ နှစ် ၆၀မြေငှားဂရန်မြေမျိုးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၊ ၂ လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းသည် နှစ် ၆၀ဂရန်တွင် ဒေါ်သန်းမေ အမည်ပေါက်ပါသည်။
၂။ အဆိုပါမြေကွက်နှင့်အိမ်သည် ဒေါ်သန်းမေအမည်ပေါက်သော်လည်း ဒေါ်သန်းမေ၏မိဘနှစ်ပါးဖြစ်သော ဦးညီပု-ဒေါ်အေးဖြူတို့မှ ကျန်ရစ်သည့် အမွေပစ္စည်းဖြစ်၍ ဦးညီပု-ဒေါ်အေးဖြူတို့၏ သားသမီးအရင်းများဖြစ်ကြသော (၁)ဒေါ်သိန်းညွန့်၊ (၂)ဦးသိန်းမောင်၊ (၃)ဦးတင်အောင်၊ (၄)ဒေါ်သန်းမေ၊ (၅)ဦးသန်းမောင်တို့က အမွေဆက်ခံသောပစ္စည်းများဖြစ်ပါသည်။
၃။ ယခုအခါ (၁)ဦးတင်အောင်၊ (၂)ဒေါ်သန်းမေတို့သာ သက်ရှိထင်ရှားရှိ၍ ဒေါ်သိန်းညွန့်၊ ဦးသိန်းမောင်နှင့် ဦးသန်းမောင်တို့မှ ကွယ်လွန်ပြီးဖြစ်ပါသည်။ ဦးသိန်းမောင်မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍ အဆိုပါမြေကွက်နှင့်အိမ်သည် (၁)ဒေါ်သိန်းညွန့်၊ (၂)ဦးတင်အောင်၊ (၃)ဒေါ်သန်းမေ၊ (၄)ဦးသန်းမောင်တို့က လေးပုံတစ်ပုံစီအညီအမျှ မြန်မာ့ဗုဒ္ဓဘာသာဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါသည်။
၄။ ဦးသန်းမောင်ကွယ်လွန်သည့်အခါ ဇနီးဒေါ်နယဉ်နှင့် သားဦးသန်းဝေ၊ ဦးညွန့်ဝေ၊ ဒေါ်ခင်နှင်းဝေ၊ ဦးအောင်ဝေ(ကွယ်လွန်)တို့ကျန်ရစ်၍ ဒေါ်သိန်းညွန့်တွင် သမီးဒေါ်တင်မြိုင်(ကွယ်လွန်)မှ မွေးသောမြေး မောင်ဝင်းနိုင်တစ်ဦးတည်းသာ အမွေဆက်ခံရန်ကျန်ရှိပါသည်။
၅။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းမေသည် အပျိုကြီးဖြစ်၍ အငြိမ်းစားကျောင်းဆရာမဖြစ်ပါသည်။ တူမအရင်း ဒေါ်ခင်နှင်းဝေ(အတူနေသူ)ကို ပင်စင်ထုတ်ရန် ကိုယ်စားလှယ်စာပေးဖူးပါသည်။ ယခုကြော်ငြာသည့် ၆-၆-၂၀၁၄ ရက်မှစ၍ ဒေါ်သန်းမေမှ တူမဒေါ်ခင်နှင်းဝေသို့ ပေးထားသည့် ကိုယ်စားလှယ်လွှဲစာ GP မှတ်ပုံတင် ၇၃၅၀/၂၀၀၉ ကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဒေါ်သန်းမေ အသက် (၈၅)နှစ်ကို စောင့်ရှောက်နေသူမှာ ဦးတင်အောင်မှမွေးသော တူမအရင်း ဒေါ်ခင်မာဝေနှင့် ဒေါ်တင်မာဝေတို့သာလျှင်ဖြစ်ကြောင်းနှင့် အိမ်ဟောင်းဖျက်၍ နှစ်ခန်းတွဲ ခြောက်ထပ် ကန်ထရိုက်တိုက်သစ်တည်ဆောက်ပြီးလျှင် အမွေဆိုင်လေးဦးသို့ လေးပုံတစ်ပုံအညီအမျှခွဲဝေပေးမည်ဖြစ်၍ အမွေဝေစု လေးပုံတစ်ပုံရရှိမည့် ဒေါ်နယဉ်နှင့် သမီးဒေါ်ခင်နှင်းဝေတို့အနေဖြင့် အနှောင့်အယှက်မပြုရန်နှင့် ဒေါ်သန်းမေ၏ စီမံခန့်ခွဲမှုကိုလိုက်နာရန် ကျွန်ုပ်မှတစ်ဆင့် အသိပေးပါသည်။
၆။ ဒေါ်နယဉ်နှင့် သမီးဒေါ်ခင်နှင်းဝေတို့သည် အမွေဆိုင်များ၏ကိုယ်စား ဂရန်အမည်ပေါက် ဒေါ်သန်းမေ၏ဆောင်ရွက်ချက်ကို မလိုက်နာလျှင် နေအိမ်ပေါ်မှဆင်း၍ အခြားတွင်နေထိုင်စေခြင်း၊ အမွေဆိုင်အခွင့်အရေးဆုံးရှုံးစေခြင်းဖြစ်နိုင်ကြောင်းနှင့် ဒေါ်သန်းမေ၏မောင်ဖြစ်သူ ဦးသန်းမောင်၏ အမွေဝေစုကို ဦးသန်းမောင်၏သားဖြစ်သူ (၁)ဦးသန်းဝေ၊(၂)ဦးညွန့်ဝေတို့သို့သာလျှင် ပေးအပ်သွားရလိမ့်မည်ဖြစ်ကြောင်း ဒေါ်နယဉ်၊ သမီးဒေါ်ခင်နှင်းဝေနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကြည်ထွန်း (စဥ-၆၁၇၃) တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၉/၅၇၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၇၅၁၇၁၊ ၀၁-၄၃၀၅၁၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ လယ်ယာ ၆ လမ်း၊ မြေကွက်အမှတ် ၆-က/၁-၂၊ အကျယ်အဝန်း ၀ ဒသမ ၀၇၈၅ ဧက၊ ဒေါ်သင်းသင်းနိုင် ၁၂/သကတ(နိုင်)၀၃၆၅၈၄ အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဦးသန်းစိန် ၁၂/လမန(နိုင်)၁၄၇၉၄၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖေယျာထွန်း LL.B
အထက်တန်းရှေ့နေ (စဥ-၂၈၄၆၉)
၅/၅၀၂၊ ရန်ကင်းလမ်း၊ ကန်တော်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၉၆၀၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၄၃၅၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၄၄၊ မြေကွက် တည်နေရာအမှတ် ၄၄၄၊ နွယ်နီ ၁၂ လမ်း၊ (၄)ရပ်ကွက်၊ မနော်မူဌေး(ခ) မမီဌေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဇနီးမနော်မူဌေး(ခ)မမီဌေး ကွယ်လွန်သဖြင့် ဦးစောတင်သန်း ၁၂/ဥကမ(နိုင်)၀၈၉၃၁၆ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်းမှ မြေကွက်အမှတ် ၃၅၂၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကကို အမည်ပေါက် ဦးခင်မောင်ဝင်း ၁၂/အစန(နိုင်)၁၃၉၂၈၇ ထံမှ ဦးညီညီထွန်း ၆/မအရ(နိုင်)၀၈၂၇၂၁ က ဝယ်ယူခဲ့ပြီး ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လမ်းမတော်မြို့နယ်၊ မော်တင်လမ်း၊ အမှတ် ၇၃ (၈-လွှာ) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းတွင် နေထိုင်သူဦးမောင်မောင်ခင် (LMDW-003431)က တိုက်ခန်းကို မူလပိုင်ရှင် ဦးစိန်လွင် RGN-၀၂၀၄၈၄ ထံမှ ဝယ်ယူခဲ့သည်ဆိုသည့် ၅-၃-၂၀၀၀ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် သဘောတူစာချုပ်ကို အာမခံအဖြစ်ပေးအပ်၍ မိတ်ဆွေဖြစ်သည့် ဒေါ်ဝင်းရီ ၁/မကတ(နိုင်)၀၆၀၈၀၇ ထံမှ ငွေကျပ် ၇၅ သိန်းကို ၈-၁၁-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်စွာအပ်နှံခြင်းကတိစာချုပ်ဖြင့် အတိုးမဲ့ချေးယူခဲ့ပါသည်။ ဦးမောင်မောင်ခင်က အထက်ပါတိုက်ခန်းကို ဒေါ်ဝင်းရီသို့ ညှိနှိုင်းဈေးဖြင့် ရောင်းချမည်ဖြစ်ကြောင်းနှင့် ချေးငွေကျပ် ၇၅ သိန်း ခုနှိမ်ယူရန် ကမ်းလှမ်းလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခင်ခင်ဌေး (ကျုံမငေး)
B.A (Honours) (English), M.A(English) H.G.P, D.B.L, D.M.L, D.I.L, D.L.
အထက်တန်းရှေ့နေ (စဥ-၁၉၃၄၃ ကောင်းအောင်သာ Law Firm
အခန်း-၂၀၃၊ (ဒုတိယထပ်)၊ တိုက်-၅၆၃၊ M.A.C Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၂၆၄၁၉၊ ၀၉-၄၂၁၀၀၃၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ် (၉၀)၊ မြေကွက်အမှတ် (၃၄၂)၊ ပေ(၄၀×၆၀)၊ ဦးခင်ထွန်း (ဘ)ဦးစံခေါင် ၁၂/ရပသ(နိုင်) ၀၁၉၅၂၃ အမည်ပေါက်မှ ဒေါ်အေးအေးရီအား အရောင်းအဝယ်ပြုလုပ်ပြီး စရန်ငွေပေးအပ်ပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးအေးရီ(ဘ)ဦးသိန်းအောင်
၁၂/ဘဟန(နိုင်)၀၄၇၇၅၇
ဖုန်း-၀၉-၄၅၀၀၀၉၆၉၀၊ ၀၉-၇၃၁၃၇၄၈၃

အများသိစေရန်ကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ စံပြကျေးရွာအုပ်စု၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ် (၂)၊ ကွင်းအမှတ် (၄၀၇/ဘီ)၊ ဧရိယာ ၁၂ ဒသမ ၆၅ ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူဖခင် ဦးရွှေဒွါး(ခ)ဦးရွှေဒါးနှင့် ကွယ်လွန်သူ မိခင် ဒေါ်စီမ(ခ)ဒေါ်သိမ်းညွှန့်တို့၏ အမည်ပေါက်မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ၁။ဦးမောင်လှ(လျှောက်ထားသူ)၊ ၂။ ဦးမောင်အေး ၁၄/ဘကလ(နိုင်)၂၇၇၆၃၅၊ ၃။ ဒေါ်အမာချို PPN -၂၁၀၄၆၂၊ ၄။ ဒေါ်အေးသန်း SPTA -၀၂၅၉၂၅တို့၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမပြုလုပ်ကြရန် တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဦးမောင်လှ (လျှောက်ထားသူ)
၂။ ဦးမောင်အေး ၁၄/ဘကလ(နိုင်)၂၇၇၆၃၅
၃။ ဒေါ်အမာချို PPN -၂၁၀၄၆၂
၄။ ဒေါ်အေးသန်း SPTA -၀၂၅၉၂၅

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာ ခင်မောင်ကြီး
M.B.,B.S (Rgn) - FRCS (Edin)
ပါမောက္ခ/ဌာနမှူး(ငြိမ်း) ခွဲစိတ်ကုပညာဌာန (မန္တလေးဆေးတက္ကသိုလ်)
ပါမောက္ခ(ငြိမ်း)၊ ခွဲစိတ်ကုဌာန(ဆေးတက္ကသိုလ်-၁၊ ဆေးတက္ကသိုလ်-၂၊ရန်ကုန်)
အကြံပေးပုဂ္ဂိုလ်(ငြိမ်း) ခွဲစိတ်ကုပညာဌာန၊
တပ်မတော်ဆေးတက္ကသိုလ်(မင်္ဂလာဒုံ)
အသက် (၉၀)

ပါမောက္ခ ဒေါက်တာခင်မောင်ကြီး ပါမောက္ခ/ဌာနမှူး(ငြိမ်း) ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)သည် ၂၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခွဲစိတ်ကုပညာဌာန
ဆေးတက္ကသိုလ်
မန္တလေး

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေစီ
အသက်(၈၆)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင် ဒေါ်ငွေစီ အသက်(၈၆)နှစ်သည် ၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်အောင် (Royal Lake Amusement Park)ပုသိမ်
ဒေါ်ဥမ္မာမြင့် (တော်ဝင်သူပိုးထည်)ပြင်ဦးလွင်နှင့်
ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေစီ
အသက်(၈၆)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင် ဒေါ်ငွေစီ အသက်(၈၆)နှစ်သည် ၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမိုးကြီး(Belle Hotel)
ဝန်ထမ်းမိသားစုများ

သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆လမ်း၊ တိုက်အမှတ် ၉/၁၁/၁၃ဟု ခေါ်တွင်သော သုံးခန်းတွဲတိုက်၏ အမှတ် ၁၁/၁၃ဘက်အခြမ်း မြေညီထပ်တိုက်ခန်း နှစ်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လင်းအောင် ၁၂/ပဘတ(နိုင်)၀၁၀၂၁၆က မူလပိုင်ရှင်ဦးမာမက်အီစမိုင်(ကွယ်လွန်)၏ အမွေစားအမွေခံများထံမှ ၂၃-၅-၂၀၁၂ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့်အခန်းများဖြစ်ပါသည်။အဆိုပါတိုက်ခန်းနှစ်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေကသာလျှင် တရားဝင်စီမံခန့်ခွဲလျက်ရှိသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး မမှန်မကန်ပြောဆိုဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့်ထပ်မံပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နှင်းမြတ် LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ (စဉ်-၂၉၀၂၈)
အမှတ် -၇၈၈၊ ဇဋ္ဌိလ(၄)လမ်း၊ ၁၆/၁ ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၆၇၇၆၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ အိမ်အမှတ် ၉၆၉၊ ဧရိယာ ပေ(၂၀×၆၀)ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (ဦးမျိုးသန်းတင် MYA-၁၃၀၇၉၉) ၏ အမည်ပေါက်ဖြစ်ပြီး သားဖြစ်သူ မောင်ကောင်းမြတ်နှင့် သမီး မခိုင်မျိုးသန့်တို့ထံမှ အရောင်းအဝယ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းမြင့် ၁၂/ဒလန(နိုင်)၀၁၆၁၆၃(ငွေဇင်ယော်အိမ်ခြံမြေအကျိုးဆောင်)တို့ထံမှ ကျွန်ုပ်ဦးမျိုးမြင့်အောင် ၁၂/ဥကတ(နိုင်)၁၄၄၅၆၁မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်အောင် ၁၂/ဥကတ(နိုင်)၁၄၄၅၆၁
ဖုန်း-၀၉-၂၅၀၆၃၈၆၁၉၊၀၉-၇၃၀၂၃၄၄၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ ဒူးယားလမ်း၊ မြေကွက်အမှတ် ၁၀၄၈ရှိ ပေ(၄၁×၆၀)အကျယ်မှာ ဒေါ်ခင်အေးသန်း CG-၀၄၅၀၂၈ အမည်ဖြင့် မြို့တော်စည်ပင်တွင် မှတ်သားတည်ရှိသော နှစ် ၆၀ ဂရန်မြေအမျိုးအစားဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မာမာဦး ၁၂/ဒဂမ(နိုင်)၀၂၄၃၀၅ ထံမှ ကျွန်ုပ်ဝယ်ယူ၍ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်သည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်နီနီဝင်း
၁၂/တမန(နိုင်)၀၄၂၂၈၈
အမှတ် ၃၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၅၀၃၁၆၉၄၊ ၀၁-၅၁၀၆၃၇

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နှင်း(ခ)ဒေါ်ခင်နှင်းရီ
အသက်(၈၁)နှစ်

ထူးဖောင်ဒေးရှင်းတက္ကသိုလ်ဝင်တန်း ပညာဒါနဘော်ဒါဆောင် ပုတာအိုမြို့တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်တင်လှုလှုဌေး(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၏မိခင် ဒေါ်ခင်နှင်း(ခ)ဒေါ်ခင်နှင်းရီ အသက်(၈၁)နှစ်သည် ၃၁-၅-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

နာယကနှင့်
ထူးဖောင်ဒေးရှင်းဝန်ထမ်းများ

အထူးကျေးဇူးတင်ရှိခြင်း
ကိုပိုင်စိုးအောင်(ဝက်ကြီး)မြောင်းမြ
တိုင်းရင်းဆေးပညာဒီပလိုမာ အပတ်စဉ်(၂၄)
အသက်(၃၉)နှစ်

အမှတ်(၂၂)၊ ဗိုလ်ဇင်ယော် ၂လမ်း၊၃၀ရပ်ကွက်၊ မြောက်ဒဂုံနေ ဦးအောင်မောင်း [လ/ထ၊ ကထိက(ငြိမ်း) ရန်ကင်းပညာရေးကောလိပ်]-ဒေါ်ကြင်လှိုင်တို့၏သားငယ် ကိုပိုင်စိုးအောင်၏ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးကြသော တိုင်းရင်းဆေးသိပ္ပံဆင်းသူငယ်ချင်းများ၊ ရန်ကုန်မြို့ တိုင်းရင်းဆေးမိသားစုများနှင့် ပညာရေးမိသားစုများ၊ မင်္ဂလာဗျူဟာအသင်းချုပ်မှ ဓမ္မမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သတင်းပေးနှစ်သိမ့်သူများ၊ နာရေးကိုလိုက်ပါပို့ဆောင်သူများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု၊ အောင်ဇေတိုင်းရင်းဆေးဝါးလုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်နိုင် (ဦးစီးအရာရှိ၊ စုံစမ်းရေး)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်
အသက်(၅၁)နှစ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်မှ ဦးကျော်နိုင် (ဦးစီးအရာရှိ၊ စုံစမ်းရေး)သည် ၂-၆-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၇/၈၆)
ကျောင်းဆင်းသူငယ်ချင်းများ
(ရဲ၊ စစစ၊ မီးသတ်၊ အကျဉ်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၆၃၉၆ Aung Zaya MPU M/B ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးခန့် ၅/ရဘန(နိုင်)၁၄၂၃၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကွင်းအမှတ် ၃၂၄၊ ကွင်းအမည် ကျိုက္ခနာ၊ ဦးပိုင်အမှတ် (၂/က)ဟုခေါ်တွင်သော မြေခွန်ပြေစာထွက်ရှိထားသည့် လယ်မြေသုံးဧကအား အမည်ပေါက်ပိုင်ရှင် ဦးရွှေသာလှ ၁၁/မပတ(နိုင်)၀၁၂၆၉၁ ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို လယ်မြေပိုင်ဆိုင်သည့်စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/တောင်၊မြေကွက်အမှတ် ၁၁၃၅/က၊ မြေကွက်တည်နေရာအမှတ် (၁၁၃၅/က)၊ သုမနလမ်း၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ်၊ [ဦးသောမတ်(ခ)မောင်မောင်] အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသောမတ် (ခ)မောင်မောင် (ဖခင်) နှင့် ဒေါ်သန်းသန်းနွဲ့(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မော်ရီဇယ် ၁၂/သကတ(နိုင်)၀၂၁၃၃၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၊ မြေကွက်အမှတ် ၁၀၇၃/က၊ မြေကွက်တည်နေရာအမှတ် ၁၀၇၃/က၊ ဘုရားလမ်း၊ (၇/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်အုန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်အုန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နွဲ့ကြည် ၁၂/သကတ(နိုင်)၀၀၉၃၆၇ မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြခြင်း၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/တောင်၊ မြေကွက်အမှတ် ၇၀၈/က၊ မြေကွက်တည်နေရာအမှတ်၇၀၈/က၊ မာန်ပြေ ၂ လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးသန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးသန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရွှေမြိုင်သန်း ၁၂/သကတ(နိုင်)၀၁၁၄၂၆ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၀၊ မြေကွက်အမှတ် ၅၅၀/ခ၊ မြေကွက်တည်နေရာအမှတ် ၅၅၀/ခ၊ ပေါ်ဆန်းမွှေး ၃ လမ်း၊ (၁၂)ရပ်ကွက် (ဦးအောင်ထွန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ထွန်း ၁၂/ဥကမ (နိုင်)၀၉၂၇၁၂ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်အထောက်အထားများနှင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာသီဟ
(သက်တော်ရှည်မဟာထေရ်)
သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ရန်ပြုအေးမင်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကျိုက္ကလဲ့မင်းကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ (ပဓာနနာယက)ကျေးဇူးတော်ရှင် ရန်ပြုအေးမင်းကျောင်း သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ် နယုန်လဆန်း ၃ရက်) ၃၁-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁:၅၅ နာရီတွင် ပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်မြတ်ကို (၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၁ရက်) ၈-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် (ဘုံရှည်ကုန်းကျေးရွာ) သုသာန်သို့ ပို့ဆောင်ပြီး အန္တိမဈာပနကျင်းပမည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ရန်ပြုအေးမင်းကျောင်း

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းမော်တို့၏မိခင် ဒေါ်ငွေစီ အသက်(၈၆)နှစ်သည် ၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဇေယျာညွန့်-ဒေါ်အိသန္တာဘို
Managing Director
Asia Luxury Group Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဒေါက်တာအေးအေးကြည်၏မိခင် ဒေါ်မေစွမ်း အသက်(၈၉)နှစ်သည် ၃၀-၅-၂၀၁၄ရက် (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

16 th Batch B.D.S (1982-86) မှ
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာကိုကိုကြီး
အသက် (၈၃)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာကိုကိုကြီး(ငြိမ်း) (ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)သည် ၂၉-၅-၂၀၁၄ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်ကျော်စိုး၊ နန်းသက်သက်အောင်
ကြီးတင် ပန်းကန်ဆိုင်မိသားစု
မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာကိုကိုကြီး
အသက် (၈၃)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာကိုကိုကြီး(ငြိမ်း) (ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)သည် ၂၉-၅-၂၀၁၄ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးတင့်
တောင်ကြီးမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဟန် (ကားတံခါးဂျက်)
အသက်(၈၂)နှစ်

အမှတ် ၄၂၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ်နေ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးလအောင်(ဘူမိဗေဒ၊ ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်၊ (ဦးမြင့်သူ)-ဒေါ်နီနီအောင် (ဆ/မ)၊ ဦးထိန်လင်း(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ရီရီစိုး၊ ဦးဇော်မြင့်-ဒေါ်ဇင်မာလှိုင်၊ (ဦးအောင်ကိုလတ်-ဒေါ်ခင်စန်းလတ်)တို့၏ဖခင်၊ မဝင့်ယမုံမြင့်သူ၊ မောင်ဝေယံဟိန်းဦး၊ အိမ့်သီရိဇော်၊ သိမ့်သီရိဇော်တို့၏အဘိုးသည် ၂-၆-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာ ခင်မောင်ကြီး
M.B.,B.S (Rgn) FRCS (Edin)
ပါမောက္ခ/ဌာနမှူး(ငြိမ်း) ခွဲစိတ်ကုပညာဌာန (မန္တလေးဆေးတက္ကသိုလ်)
ပါမောက္ခ(ငြိမ်း) ခွဲစိတ်ကုဌာန(ဆေးတက္ကသိုလ်-၁၊ ဆေးတက္ကသိုလ်-၂)
အကြံပေးပုဂ္ဂိုလ်(ငြိမ်း) ခွဲစိတ်ကုပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
အသက် (၉၀)

ရန်ကုန်မြို့နေ [ဗိုလ်မှူးလှမောင်(ငြိမ်း)-ဒေါ်လေး]တို့၏သား၊ (ဒေါ်ခင်မွေး)၏ခင်ပွန်း၊ ဦးဝင်းဟန်-ဒေါ်ကြည်ကြည်လှ၊ (ဦးဝင်းထိန်)၊ ဒေါက်တာအေးအေးကြီး-ဗိုလ်မှူးလှရွှေ(ငြိမ်း) တို့၏ဖခင် ပါမောက္ခ ဒေါက်တာခင်မောင်ကြီးသည် ၂၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဇိကုပ်နတ်ပြည်တင်ပေမယ့်၊ မတက်ဘဲ၊ နေမြဲနေတဲ့၊
အလွန်ရှားတဲ့ ငါ့တပည့်ဆိုတဲ့ ဆရာကြီးသံကို အမြဲကြားလျက်

အစဉ်သတိရစွာဖြင့်
ဆရာကြီးတပည့်
ဒေါက်တာစိန်လှအောင်နှင့်မိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ဥ (ညောင်လေးပင်)

အသက်(၉၉)နှစ်

ဒုတိယဗိုလ်မှူးကြီးခင်မောင်ရီ-ဒေါ်နုနုရီတို့၏မိခင်၊ ညောင်လေးပင်မြို့နယ်အသင်း ကန်တော့ခံ ဒေါ်တင်ဥသည် ၂-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြကြိုင်

အသက်(၉၈)နှစ်

ဦးတင်မောင်အုန်း [ညွှန်/ချုပ် (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]-ဒေါ်ကြည်ကြည်ဝင်းတို့၏မိခင် ဒေါ်မြကြိုင် အသက်(၉၈)နှစ်သည် ၂၉-၅-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးကျေးဇူးတင်ရှိခြင်း

ဦးဘထွန်း

အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေး
ဟသ်ာတအသင်းနာယက

အသက်(၈၇)နှစ်

၂၅-၅-၂၀၁၄ရက် နံနက်၉း၃၀နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးဘထွန်း၏နာရေးကိစ္စအဝဝများကို လိုက်ပါပို့ဆောင် အကူအညီပေးခဲ့ကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေစီ

အသက်(၈၆)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ မိခင် ဒေါ်ငွေစီသည် ၁-၆-၂၀၁၄ရက် ည ၁၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တရုတ်ဗုဒ္ဓဘာသာအမျိုးသားများအဖွဲ့
ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးရီ

အသက်(၇၉)နှစ်

ဦးမြင့်နောင်(တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီး)-ဒေါ်ဆွေဆွေသိန်းတို့၏မိခင်ကြီး ဒေါ်ထွေးရီသည် ၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်နှင့်ဇနီး ဒေါ်စမ်းစမ်းရီ
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်နိုင် (စစ်တွေ)

အသက်(၅၃)နှစ်

စစ်တွေမြို့၊ ဆက်သွယ်ရေးစခန်းဝင်းနေ ဇနီး ဒေါ်မိုးမိုးအောင်၊ သားမောင်အုန်းကျော်၊ သမီး မဝေဝေနှင်း၊ မသန်းသန်းမိုး (တတိယနှစ်၊ စစ်တွေတက္ကသိုလ်)၊ မောင်ဇော်နိုင်လင်း(သတ္တမတန်း-B၊ အထက-၄၊ စစ်တွေ)တို့၏ဖခင် ဦးကျော်နိုင်သည် ၃-၆-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
ပွင့်သစ်ကြယ်ဆောက်လုပ်ရေးကုမ္ပဏီ

---

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ကိုဖြိုးမင်းဦး(ခ)ကိုဖြိုး

2nd Year M.B.,B.S

အသက်(၃၀)

မိသားစုနှင့် ခွဲခွာသွားခဲ့တာ ၆-၆-၂၀၁၄ရက်တွင် (၁)နှစ်ပြည့်ခဲ့ပါသည်။ ဘဝတစ်လျှောက် မိသားစုနှင့် နေထိုင်ခဲ့ရသော အချိန်များကို အစဉ်သတိရလျက် ဖေဖေ မေမေတို့ပြုခဲ့သော အလှူဒါနကောင်းမှုကုသိုလ်များအတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဖေဖေ ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)
မေမေ ဒေါ်သန်းသန်းအေး မိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

နေရှင်းဦးလှထွေး

တည်ထောင်သူနှင့်နာယက
မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း

အသက်(၈၄)နှစ်

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ တည်ထောင်သူနှင့်နာယက နေရှင်းဦးလှထွေးသည် ၃-၆-၂၀၁၄ရက် နံနက် ၁း၁၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေဦး(ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဒေါ်မော် (မြင်းခြံ)

အသက်(၈၁)နှစ်

ဦးမောင်မောင်-ဒေါ်စိမ်းယုမွန် (ရွှေမြန်မာသောက်ရေသန့်၊ မြင်းခြံ)၊ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝင်း(ရှင်းရှင်းဆေးလိပ်လုပ်ငန်း၊ ရန်ကုန်)တို့၏မိခင်သည် ၂၉-၅-၂၀၁၄ရက်တွင် မြင်းခြံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဇော်ဝင်း၊ ဒေါ်သန်းသန်းနွဲ့
မိသားစု

ဒေါ်တင်တင်ဝင်း(ခ)ဒေါ်စီစီ

အသက်(၇၄)နှစ်

မိတ္ထီလာမြို့နေ [ဦးမောင်ကြီး(ခရိုင်ရဲဝန်၊ ငြိမ်း)-ဒေါ်လှခင်]တို့၏သမီး၊ [ဗိုလ်မှူးကြီးတင်မောင်(ကကသံ)]၏ဇနီး၊(ဦးဝင်းနိုင်-ဒေါ်မေသန်း)၊ဗိုလ်မှူးကြီးဝင်းမြင့်(လေ-ငြိမ်း)-(ဒေါ်ခင်စုစု)၊ (ဦးမြင့်ဆွေ-ဒေါ်တင်မြင့်)၊ (ဒုရဲမှူးကြီးညွှန့်ခင်၊ ငြိမ်း)-ဒေါ်သန်းသန်း၊ ဒေါ်ကြည်ကြည်၊ (ဗိုလ်မှူးတင်မောင်ရီ)-ဒေါ်လှလှရီ၊ ဦးဆန်း၊ ဦးတင်မောင်ဝင်း(လ/ထမန်နေဂျာ၊ ငြိမ်း၊ ဆသရ)-ဒေါ်ဥမ္မာခင်၊(ဦးအောင်မြင့်-ဒေါ်မြင့်မြင့်စော)၊ (ဦးဝင်းဖေ)-ဒေါ်ငွေငွေတို့၏ညီမ/အစ်မ၊ ဦးမြင့်လွင်၊ ဦးစန်းလွင်-ဒေါ်ဝေဝေတင်တို့၏မိခင်၊ ဦးဝင်းထူးဝေ(EAC)၊ ဦးနေလင်းဦး-ဒေါက်တာမြစန္ဒာဝေတို့၏အဘွား၊ မနောကြည်ဖြူ၏ဘွားဘွားကြီးသည် ၄-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသာထူးအောင်(ခ)ဦးဖိုးထူး

အသက်(၆၀)

ရန်ကုန်မြို့နေ (ဦးထွန်းရီ-ဒေါ်ငွေစိုး)တို့၏သားကြီး၊ ဒေါ်အုံးအုံးမြင့်၏ခင်ပွန်း၊ ဦးခင်မောင်လတ်-ဒေါ်မာမာသန်း၊ ဦးဉာဏ်ဇော်-ဒေါ်ဝင်းဝင်းမြတ်၊ ဦးအောင်ဝင်း-ဒေါ်ရီရီသန်းတို့၏အစ်ကို၊ ဗိုလ်မှူးအောင်စည်သူ-ဒေါ်ရွှေမာလာရည်မွန်တို့၏ဖခင်၊ မောင်သူရစည်သူ၊ မောင်ရဲဝင့်စည်သူတို့၏ အဘိုးသည် ၃-၆-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၂၈နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကျော်ထင်အောင် (တပ်ရင်းမှူး)

ကိုယ်ပိုင်အမှတ်(၃၁၄၄၃)၊ ကွတ်ခိုင်မြို့

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ် ၃၆နေ ဦးအောင်ကျော်ညွှန့်(ငွေစာရင်းအရာရှိ၊ ငြိမ်း၊ MOGE)-ဒေါ်စောမြတ်ရီတို့၏သားငယ်၊ ဦးစန်းမောင်(MOGE ၊ ငြိမ်း)-ဒေါ်လှလှဝင်းတို့၏သားသမက်၊ ဦးရဲမြင့်(လွှတ်တော်ရှေ့နေ)-ဒေါ်ဖြူဖြူ၊ ဦးမြသောင်း-ဒေါ်စောမြတ်နွယ်(ကျောက်ပန်းတောင်းမြို့)၊ ဦးဒေါန(ရုပ်ရှင်ဒါရိုက်တာ)-ဒေါ်စန်းစန်းဝင်း၊ ကိုမြင့်အောင်-မစောမြတ်မွန်(အင်ဂျင်နီယာ)၊ ကိုကြည်စိုးလွင်-မခင်မိုးကြိုင်၊ စောဥမ္မာ၊ စောမာလာ၊ စောသူဇာတို့၏တူ၊ မန္တလေးမြို့နေ ကိုကျော်ဇေယျ-မမေသီအောင်(ဘုရင်သင်္ကန်းတိုက်)၊ ကိုကျော်ဇင်သန့်-မငြိမ်းငြိမ်း(အင်ဂျင်နီယာ၊ ခေတ္တ-စင်ကာပူ)တို့၏ညီငယ်၊ ကိုကျော်စွာအောင်-မနှင်းဝေလွင်တို့၏အစ်ကို၊ မခိုင်သဉ္ဇာဦး၏ခင်ပွန်း၊ ဖိုးအောင်အောင်၊ ဖိုးစီစီတို့၏ဖခင်သည် ၄-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက် (သောကြာနေ့)တွင် ကွတ်ခိုင်မြို့၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးရွှေ

အသက်(၆၈)နှစ်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ကြီးဖိုသာရှာနေ (ဦးသံသီးအောင်)၏ဇနီး၊ ဒေါ်စံဝင်းဖြူ - ဦးဘဦး၊ (ဦးမောင်သာကျော်)-ဒေါ်အေးအေးမာ၊ ဦးမောင်လှဖော်-ဒေါ်မာမာအေး၊ ဒေါ်လှလှရွှေ - ဦးမောင်သိန်း၊ ဦးပဉ္စင်းကုသလ၊ ဦးအောင်ကျော်မြ-ဒေါ်ဖြူဖြူဝင်း၊ ဦးပဉ္စင်း သုမန၊ ဒေါ်သိန်းသိန်းအေး-ဦးမောင်စံထွန်း၊ မခင်စန်းအေး၊ ဦးအောင်မြင့် - ဒေါ်ခိုင်သူဇာထွန်း၊ ကိုသန်းထွန်း၊ ဦးမျိုးမြင့်-ဒေါ်နီနီခိုင်၊ ဒေါ်တင်တင်အေး - ဦးအောင်သန်းဦးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင်အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်နွယ်အေး

B.Sc Botany (1979)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊အမှတ် ၅၂နေ ဦးဘစိန်-(ဒေါ်ခင်နုဆွေ)တို့၏သမီး၊ (ဦးဝီရှင်း - ဒေါ်ကုစင်း)တို့၏ သမီးချွေးမ၊ (ဦးစိုးတင့်)၏ဇနီး၊ ဦးအောင်ရဲမြင့်၊ ဦးခိုင်မြဲတို့၏ညီမ၊ ဦးလှဘော်၊ဦးကြည်မောင်ထွေးတို့၏အစ်မ၊ တူ၊တူမခြောက်ယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွား၊ မောင်လင်းခိုင်စိုး[နောက်ဆုံးနှစ်၊အပိုင်း(က) ဆေးတက္ကသိုလ်(၁) ရန်ကုန်]၏မိခင်သည် ၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

ဒေါ်သန်းရွှေ (ဝါးခယ်မ)

အသက်(၉၂)နှစ်

သဒ္ဓမ္မရံသီရိပ်သာကြီး၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ နာယကဆရာတော် ဦးသီရိန္ဒ၏ရဟန်းအမ၊ ဝါးခယ်မမြို့နေ (ဦးသာဆေး-ဒေါ်ယုံ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ သဘာဝရိပ်ငြိမ်၊ အမှတ် ၄/၂၃နေ (ဦးလာဟု)၏ဇနီး၊ ဒေါ်ကြင်နွဲ့(ကထိက၊ငြိမ်း၊သမိုင်းဌာန)၊ ဒေါက်တာခင်မောင်လတ်၊ ဒေါ်ကြင်စော (ကထိက၊ ငြိမ်း၊ ဘူမိဗေဒဌာန၊ ခေတ္တ-စင်ကာပူ)၊ ဦးဝင်းသိန်း၊ ဒေါ်ကြင်ရှန်(စာရင်းစစ်မှူး၊ငြိမ်း)၊ ဒေါ်ချိုလေးမာ(မြို့နယ်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ တောင်ငူမြို့)၊ ဦးမြင့်သွင် (ခ) ဦးမောင်မြင့် (C.E၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)၊ ဒေါ်ချိုချိုလွင် (မေကို၊ ရှန်ရှန်တော်ဖီလုပ်ငန်း)၊ ဦးထွန်းနောင် (C.E, Monson Co., Ltd.)၊ ဒေါ်ခင်စန္ဒာတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည်၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

စောဟုံဝိုး(ခ)ဦးလှသိန်း

(တာမွေလေးရပ်ကွက်)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်းနေ (ဒေါ်ကျင်မိုး)၊ ဒေါ်ဝင်းကြည်တို့၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်ခေါ်အီကျောင်၊ ဦးကျော်ညွှန့်-ဒေါ်စောခင်တီ၊ ဦးသိန်းယု-ဒေါ်စောခင်ရီ၊ ဒေါ်စိန်မြင့်၊ဦးထွန်းဝင်း(ခ)ဦးမြင့်လွင်-ဒေါ်မိမိခိုင်၊ ဒေါ်သူဇာသိန်းတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၅-၆-၂၀၁၄ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၆-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညွှန့်လွင် (ပဲခူး)

(အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ဦးစီးအရာရှိ၊ ငြိမ်း)

အသက်(၈၀)

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်နေ ဦးထွန်းရွှေ - ဒေါ်တင်တင်တို့၏သား၊ ပဲခူးမြို့၊ ညောင်ဝိုင်း ၁၄လမ်း၊ အမှတ် ၁၁၉နေ (ဒေါ်ခင်တည်၊ ပဲခူးမြို့ လူမှုဖူလုံရေးအဖွဲ့၊ ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးမြင့်သိန်း(ဆောက်လုပ်ရေး၊ ငြိမ်း)၊ ဒေါက်တာမြင့်မြင့်စံ (ဆေးတက္ကသိုလ်-၂၊ ငြိမ်း)တို့၏ညီ၊ ဦးမြင့်စိန်-ဒေါ်သန်းသန်းလေး (မော်လမြိုင်တက္ကသိုလ်၊ ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းနေ ဦးသိန်းဇော် - ဒေါ်မြင့်မြင့်ဝင်းတို့၏ ဦးလေး၊ အုတ်ဖိုမြို့နေ ဦးဝေလင်းအောင်-ဒေါ်အေးအေးသင်း၊ ပဲခူးမြို့နေ ဦးနေဝင်းထွန်း-ဒေါ်နေခြည်န၊ သနပ်ပင်မြို့နေ ဦးမင်းအောင်-ဒေါ်ငြိမ်းငြိမ်းအိတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၄ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးထွန်းထွန်းဦး

(စက်ဘီးမီးကျောက်နှင့် အပိုပစ္စည်းထုတ်လုပ်ဖြန့်ချိရေး)

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သီတာလမ်း၊အမှတ်၂၄/၂၆နေ(ဦးထွန်းကြည်-ဒေါ်ပေါ်)တို့၏သား၊ (ဦးကောက်-ဒေါ်လှရီ)တို့၏သားသမက်၊ မခင်မြတ်သူ (Chatrium Hotel Royal Lake Yangon)၊ [မမျိုးသန္တာထွန်း(ခ)ဝွန်းဝွန်း]တို့၏ဖခင်၊ ဒေါ်တင်တင်၏ခင်ပွန်းသည် ၄-၆-၂၀၁၄ရက် နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဒေါက်တာ ဘဒ္ဒန္တလက္ခဏ

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ ပဓာနဦးဆောင်ဆရာတော်
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

စစ်ကိုင်းတောင်ရိုး၊ ကျွဲစွာချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီဓမ္မရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အောင်ချမ်းသာကျေးရွာ သီရိလက္ခဏာစံရိပ်ငြိမ်ကျောင်းတိုက်၊ ရန်ကုန်မြို့၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ၊ လှိုင်လင်မြို့၊ သီရိလက္ခဏာရာမ ကံဦးဓမ္မရိပ်သာတို့၏ဦးစီးပဓာန မဟာနာယက၊ ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ပဓာနဦးဆောင်ဆရာတော်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဇောတိပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ ဒေါက်တာ ဘဒ္ဒန္တလက္ခဏ သက်တော်(၈၀)၊ သိက္ခာတော်(၆၀)ရှိ ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် နယုန်လဆန်း ၇ရက်) ၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နယုန်လဆန်း ၁၁ရက်) ၈-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဦးဥတ္တမ

(အောင်ဘုန်းပွင့် ရာသက်ပန်သက်သတ်လွတ်ကျောင်း)
သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၂၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိပါဠိကျောင်းတိုက် (ရာသက်ပန်သက်သတ်လွတ်ကျောင်း)၏ပဓာနနာယက ဖြစ်သော်မူသော အောင်ဘုန်းပွင့်ဆရာတော် ဦးဥတ္တမသည် (၁၃၇၆ခုနှစ် နယုန်လဆန်း ၆ရက်) ၃-၆-၂၀၁၄ရက်(အင်္ဂါနေ့) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၇-၆-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းတိုက်၌ အန္တိမဈာပနအခမ်းအနားကျင်းပပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ဈာပနကော်မတီ

ဦးဘသန်း

လ/၄၀၉၈၊ ဒုကြီးကြပ်ရေးမှူး
(၁၉၇၃) မြန်မာနိုင်ငံ ရဲမှူးထမ်းကောင်း (ပထမဆင့်)
ဒုရဲမှူး(ငြိမ်း)

အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာ(၁)လမ်းနေ ဒေါ်ရှယ်လီသန်း၊ ဦးဆန်နီ-(ဒေါ်ခင်မိုး)၊ ဦးသိန်းထွန်းဝင်း-ဒေါ်ဒေါ်လီသန်း၊ ဦးလှမြင့်-ဒေါ်နီလာသန်း၊ ဒေါ်မာလာသန်း၊ ဦးညွှန့်ဦး-ဒေါ်မော်လီသန်း၊ ဦးခင်မောင်မောင်တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဒေါ်ခင်ခင်)၏ခင်ပွန်းသည် ၄-၆-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့ လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကြည် အသက်(၇၉)နှစ်

လေ-၇၀၁၉၊ အရာခံဗိုလ်(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီးနေ ဦးကြည်ဝင်း-ဒေါ်ကြည်ကြည်ဦး၊ဦးကျော်ကျော်နိုင်(CNPC)-ဒေါ်သန်းသန်းအေး(မွေး/ရေလုပ်ငန်း)၊ ဒုအရာခံဗိုလ်မြင့်အေး-ဒေါ်ခင်စောဝင်း၊ ဦးကျော်ဆွေ-ဒေါ်ခင်မြတ်သွယ်၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ မင်္ဂလာဒုံ၊ စ/၂၀၊ အခန်း ၄၊ (လစတ)တပ်နေ တကကအောင်ကြွယ်-ဒေါ်ခင်မြတ်မော်တို့၏ဖခင်၊ (ဒေါ်ချစ်)၏ခင်ပွန်းသည် ၄-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ဝင်းလွင်ဦး (OSCAR)

M.V. STRATEGIC ENCOUNTER
M.T.M MARITIME CENTRE

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ မေတ္တာလမ်း၊ တိုက်(B-1)၊ အခန်း ၂၀၁၊ ဒုတိယထပ်နေ ဦးသိန်းတန်(SCC CHEF and Food Writer)-ဒေါ်သန်းသန်းဝင်းတို့၏ဒုတိယသား၊ မောင်သော်တာလွင်-မဝင်းသီရိသိန်း (ခေတ္တ-Singapore)တို့၏မောင်၊ မောင်ဘိုဘိုသိန်းတန် (BOSUN AZIMUTH Shipping Co.,Ltd.)၏အစ်ကို၊ မောင်သုတလင်းသန့်၏ဖခင်သည် M.V.STRATEGIC ENCO UNTER သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ၂၈-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) Cape Town မြို့ ဒေသစံတော်ချိန် နံနက် ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)Cape Town စံတော်ချိန် ညနေ ၃နာရီ မြန်မာစံတော်ချိန် ည ၇း၃၀နာရီတွင် ယင်းမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်လွင်

(လ/ထဦးစီးမှူး)
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ညောင်လေးပင်မြို့

အသက်(၅၈)နှစ်

ညောင်လေးပင်မြို့၊ မြေညီလမ်းနေ (ဦးထွန်းမြိုင်-ဒေါ်သောင်း)တို့၏သား၊ (ဦးသန်းလွင်)-ဒေါ်မြင့်သိန်း၊ (ဦးတင်သောင်း-ဒေါ်ကြူကြူ)၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း - ဒေါ်ခင်မူ (Supreme Water Doctor Group)၊ (ဦးမြင့်လွင်)-ဒေါ်မြမြသန်းတို့၏ ညီ/မောင်၊ ဦးမင်းမင်းထွန်း(အသေးစား၊ အလတ်စား စက်မှုဖွံ့ဖြိုးရေးဌာန၊ ပဲခူးခရိုင်)၊ မသီတာသိမ့်တို့၏ဖခင်၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည်၄-၆-၂၀၁၄ရက် ည ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မပွင့်မို့မို့ကျော်

ဆည်မြောင်း၊ဘူမိဗေဒဌာန၊ရန်ကုန်

အသက်(၂၃)နှစ်

တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်းအနောက်ပိုင်း၊ အမှတ် ၁၀၇ (ပထမထပ်)၊ ခြေရင်းခန်းနေ ဦးကျော်ဆွေဝင်း(ဦးစီးအရာရှိ၊ လဝက၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်)-ဒေါ်တင်တင်ခိုင်တို့၏သမီးကြီး၊ မောင်ဇေရဲကျော်၊ မစန္ဒီမှူးကျော်တို့၏အစ်မ မပွင့်မို့မို့ကျော်သည် ၅-၆-၂၀၁၄ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၄ရက်မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ပြည်သူလူထု၏ စိတ်ကျေနပ်မှု ပိုမိုရရှိရေးဆောင်ရွက်

နေပြည်တော် ဇွန် ၅

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကုသမှုအရည်အသွေး မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal kumudra ဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍထဲတွင် ပါဝင်သည့် ကျန်းမာရေးအသိမြှင့်တင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေးနှင့် ပြန်လည်ထူထောင်ရေးများထဲမှ လိုအပ်ချက်များကို ကုသမှုအရည်အသွေး မြှင့်တင်ရေးခေါင်းစဉ်အောက်၌ ဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်ကုသမှုတွင် မပါမဖြစ်ပါရမည့် အပိုင်းများဖြစ်သည့် ဆေးရုံဆေးခန်း အဆောက်အအုံလိုအပ်မှု၊ ဝန်ထမ်း၊ ဆေးဝါးနှင့် အထောက်အကူပြုစက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းများ၏ဝန်ဆောင်မှုစသည့် တစ်ခုချင်းစီ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုအပေါ်မူတည်ကာ ကုသမှုအရည်အသွေးအဆင့် ပေါ်လာမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၂ ✺

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကုသမှုအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပွဲကောင်းများဖြင့် ပထမအကျော့ကို အဆုံးသတ်မည့် MNL ပြိုင်ပွဲ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၁)ကို ဇွန် ၇ ရက် ၈ ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရာသီဝက် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးကာ ပရိသတ်အကြိုက်တွေ့မည့် ပွဲကောင်းများပါဝင်နေပေသည်။

ပွဲစဉ် ၁၁ အဖြစ် ဇွန် ၇ ရက်တွင် YUSC ကွင်း၌ ရန်ကုန်နှင့် နေပြည်တော်၊ ဗထူးကွင်း၌ ရတနာပုံနှင့်

အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်း။

ဇေယျာရွှေမြေ သုဝဏ္ဏကွင်း၌ ဆောက်သမ်နှင့် မကွေး၊ အောင်ဆန်းကွင်း၌ GFA နှင့် ဧရာဝတီ ဇွန် ၈ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် မနောမြေ၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် ၁၀ အပြီးတွင် ရတနာပုံအသင်းက ၂၄ မှတ်၊ နေပြည်တော်အသင်းက ၂၂ မှတ်၊ မကွေးအသင်းက ၂၁ မှတ် လက်ရှိချန်ပီယံ ရန်ကုန်နှင့် ကမ္ဘောဇ အသင်းတို့က ၁၈ မှတ်စီ ရရှိထားသည်။

ရတနာပုံ-ဇေယျာရွှေမြေ

ရတနာပုံအသင်းမှာ ယခုပွဲအနိုင်ရရှိပါက ရာသီဝက်ချန်ပီယံဆုကို ရရှိမည်ဖြစ်ပြီး အမာခံကစားသမား အများစု ပါဝင်နိုင်မည်ဖြစ်သည်။ ရတနာပုံအသင်းမှာ လက်ကျန်ပွဲစဉ်၌ နေပြည်တော်အသင်းကိုရှုံးနိမ့်ခဲ့ခြင်းကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာလည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်ရန်ကြိုးပမ်းရမည့် အသင်းဖြစ်ပြီး အစဉ်အလာအတိုင်း အကြိတ်အနယ်ရှိသည်။ အိမ်ကွင်း၌ ကစားရမည်ဖြစ်သည့်အပြင် ခြေစွမ်းပိုင်းပိုကောင်းနေသည့် ရတနာပုံအသင်းသာ အနိုင်ရရှိနိုင်ပေသည်။

ရန်ကုန်-နေပြည်တော်

အိမ်ကွင်းတွင်ကစားရမည်ဖြစ်သော်လည်း လက်ရှိချန်ပီယံရန်ကုန်အသင်း၏မာကျောမှုက ယခင်လိုမဟုတ်တော့ပေ။ နေပြည်တော်အသင်းမှာလည်း မကွေးကို ရှုံးနိမ့်ခဲ့သောကြောင့် ကြုံတွေ့ခဲ့၍ ယခုပွဲကို အားထည့်ကစားမည်မှာသေချာပေသည်။ နှစ်သင်းစလုံး လူစုံအသုံးပြုကာ ယှဉ်ပြိုင်မည့်ပွဲဖြစ်သောကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဟု ကြိုတင်ခန့်မှန်းချင်သည်။

အာရှပစိဖိတ်အလှမယ် မေမြတ်နိုး ပြန်လည်ရောက်ရှိ

သတင်းနှင့်ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇွန် ၅

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေ ၃၁ ရက်က နောက်ဆုံးဆန်ခါတင်ကျင်းပခဲ့သည့် နိုင်ငံတကာအလှမယ် ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော Miss Asia Pacific World 2014 ပြိုင်ပွဲကြီးတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့် မေမြတ်နိုး ယနေ့ ည ၁၀ နာရီတွင် ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလှမယ်ပြိုင်ပွဲများတွင် ပထမဦးဆုံးရရှိခဲ့သည့် အဆိုပါသရဖူဆုကိုဆွတ်ခူးနိုင်ခဲ့သော မေမြတ်နိုးသည် စင်ကာပူနိုင်ငံတွင် ရှစ်နှစ်ကြာ ပညာသင်ကြားဆည်းပူးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည်မှာ နှစ်နှစ်နီးပါးမျှသာရှိသေးသည်။

"ကျွန်မ အနေနဲ့အခုလို နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရလို့ သွားကတည်းက အတတ်နိုင်ဆုံး အောင်မြင်မှုရရှိအောင် ယုံကြည်ချက်အပြည့်နဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့တာပါ။ နိုင်ငံ ၃၈ နိုင်ငံက အလှမယ်တွေနဲ့လည်း အကျွမ်းတဝင် ရင်းနှီးခွင့်ရခဲ့တဲ့အပြင် အထွေထွေဗဟုသုတလည်း ရရှိခဲ့ပါတယ်။ အဓိကကတော့ အချိန်တိုင်း၊ စက္ကန့်တိုင်းကို အလှမယ်တွေအနေနဲ့ သတိထား၊ ဆင်ခြင်ပြီး အလှအပပိုင်းဆိုင်ရာသာမကဘဲ အသိပညာ၊ ဗဟုသုတနဲ့ ဘက်ပေါင်းစုံက လေ့လာသိရှိခဲ့မှုတွေ ပေါင်းစပ်ခဲ့လို့ ဆုရရှိခဲ့တာပါ။ အားပေးတဲ့ မြန်မာပြည်က ပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ ရှေ့ဆက်ပြီး အနုပညာလုပ်ငန်းတွေနဲ့ နိုင်ငံအကျိုးပြု ပရဟိတလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကလေးတွေကိုလည်း ပညာဆက်လက်သင်ကြားပေးသွားဖို့ ရည်ရွယ်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

မေမြတ်နိုးသည် အနုပညာပိုင်းဆိုင်ရာတွင် အဓိကအားဖြင့် သီချင်းသီဆိုမှုကို ပိုမိုဝါသနာပါသူဖြစ်ပြီး အလှမယ်များအား မွေးထုတ်ပေးနေသည့် Miss Globe Myanmar Organization မှ သင်တန်းသားတစ်ဦးအနေဖြင့် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အနုပညာဖြင့်နိုင်ငံကောင်းကျိုးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သူ့ကို ရွေးလွှတ်ကတည်းက ဆုရရှိမယ်လို့ ယုံကြည်ပြီးလွှတ်ခဲ့တာဖြစ်ပါတယ်။ သူက သင်တန်းမှာ အသားကလည်း နည်းနည်းညိုတယ်။ ပြီးတော့ ကိုရီးယားနိုင်ငံဆိုတာက အသားဖြူတဲ့သူတွေများတော့ သူ့အနေနဲ့ ပိုပြီးပေါ်လွင်မယ်လို့ ထင်တယ်လေ။ ပြီးတော့ ရုပ်ရည်လည်းရှိ၊ အရပ်အမောင်းကလည်း သတ်မှတ်အရည်အချင်းမီတယ်။ ဒါကြောင့်အခုလို မျှော်မှန်းထားတဲ့အတိုင်း နိုင်ငံ့ဂုဏ်ဆောင် သရဖူဆုကိုရရှိခဲ့တာဖြစ်ပါတယ်"ဟု National Director မလှနုထွန်းက ရှင်းပြခဲ့သည်။

မေမြတ်နိုးသည် Miss Asia Pacific World 2014 ပြိုင်ပွဲကြီးတွင် နိုင်ငံ့ဂုဏ်ဆောင် ပထမ သရဖူဆုရရှိသည့်အပြင် အခြားTitle လေးဆုအပါအဝင် စုစုပေါင်းဆုတံဆိပ်ငါးခုရရှိခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အထက၊ နဝမတန်းမှ မောင်ကျော်စိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်စိုး ၁၄/ရကန(နိုင်)၀၉၆၀၇၀ ဖြစ်ပါကြောင်း။

01-512442, 09-73017856

Ks 44000

Ks 36000

Ks 34000

• နိုင်ငံတကာအသိအမှတ်ပြု GIA, Certificate ပါသော D-L Colour စိန်များလည်း ရောင်းချပါသည်။

စိန်ရွေးရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသည့်အမှန်အကန်ပဲလိုချင်တယ်။ ရွေးလို့ရှာလို့ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...

အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသည့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

• Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လဂျီယံ Cutting) ဖြစ်ရမည်။ Cutting ပိုသွေးထားတာမပါစေရ။

• Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရောင် (D,E,F Colour) ဖြစ်ရမည်။

• Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ (IF, VVS,, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်း၊ Spot ပါသော အပြစ်ပါသောများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - [illegible]

CREATION STRENGTH Co., Ltd. မှ ကြီးမှူးကျင်းပသော

အရည်အသွေးမြင့်မားပြီး အထူးသက်သာသော ဈေးနှုန်းများဖြင့်

တစ်နေရာတည်းတွင် ကုန်ပစ္စည်းများစုံစုံလင်လင် ဝယ်ယူရရှိနိုင်မည်

INTERNATIONAL BRANDED SHOW (II)

အခွင့်ရေးကောင်းတစ်ခုလက်လွှတ်မဆုံးရှုံးရအောင်ဆက်ဆက်လာရောက်ကြည့်ရှုဖို့ဖိတ်ခေါ်လိုက်တယ်နော်...

နေ့ရက်- ၅.၆.၂၀၁၃ မှ ၈.၆.၂၀၁၃ အထိ

အချိန်- နံနက် (၉:၀၀) နာရီမှ ည (၆:၀၀) နာရီထိ

နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

W.I.P.O (Switzerland)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ် ၅၇နေ ကျွန်တော်၏ မိတ်ဆွေ ဦးစောဝင်း ၁၂/ကတတ(နိုင်)၀၀၉၆၅၀ ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂/၃၊ မြေကွက်အမှတ် ၆၉၆၊ မြေဧရိယာ ၂ ဒသမ ၄၇၀ ဧက မြေကွက်မှာ ၃၀-၉-၂၀၁၃ ရက်က ဦးစောဝင်းအမည်ပေါက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချပါမစ်ရရှိ၍ လက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ပေါ်သို့ ၂၃-၅-၂၀၁၃ရက်က ဦးတင် ISN -၀၀၆၇၂၁၊ ဦးဟန်စိုး ၁၂/ထတပ(နိုင်)၀၀၀၆၄၄၊ ဦးကျော်မင်း ၁၂/လသယ(နိုင်)၀၀၆၅၇၆ တို့က အဓမ္မကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် လှိုင်သာယာမြို့နယ်တရားရုံး၌ ပြစ်မှုကြီးအမှတ် ၂၁၈၆/၂၀၁၃ဖြင့်လည်းကောင်း၊ မြောက်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၃၄/၂၀၁၃ ဖြင့်လည်းကောင်း ဦးစောဝင်းက တရားစွဲဆိုထားပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်တားမြစ်ပါသည်။ ကန့်ကွက်တားမြစ်ထားပါလျက်နှင့် ပြုလုပ်ပါက ပြုမူဆောင်ရွက်သူ၊ လက်ခံဆောင်ရွက်သူတို့၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်သူ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစောဝင်း **ဦးမောင်မောင်ဌေး (တရားလွှတ်တော်ရှေ့နေ) (အမှတ်စဉ် ၂၀၆၈/၈၁)**

အမှတ် (၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တတိယထပ်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

အမွေဆက်ခံခွင့်ကြောင်းကြေညာခြင်း

...

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

...

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ ရောင်းဝယ်ဖောက်ကားမှုအပေါ် သတိပြုရန်

ယခုအခါ တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်အမြောက်အမြား ပြည်ပမှပြည်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိပါသည်။ ယင်းပစ္စည်းများသည် ကြီးကြပ်ကန့်သတ်မှုဖြင့် ပြည်တွင်း၌ တရားဝင်ထုတ်လုပ်၍ အခွန်ပေးဆောင်နေသော လုပ်ငန်းများကို နစ်နာစေကြောင်း တွေ့ရပါသည်။ ၄င်းတရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များကို ရောင်းဝယ်ဖောက်ကားနေခြင်းသည် ဥပဒေကို ဖောက်ဖျက်နေခြင်းပင်ဖြစ်ရာ ထိုသို့ဆောင်ရွက်မှုအားလုံးကို ရပ်တန့်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

[illegible]

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၆၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေး)

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်း၊ ကြော်ငြာအမှတ်စဉ် (၁၃) ဒေါ်နွဲ့နွဲ့ဝင်း၏ ဂရန်သစ်တွင် လျှောက်ထားသည့် မြို့နယ်၊ ဒဂုံမြောက်အစား ဒဂုံအရှေ့မြို့နယ်နှင့် လိပ်စာတွင် ဒဂုံမြောက်အစား ဒဂုံအရှေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးသန်းဇော်ဌေး၏ သား၊ ပုဗ္ဗသီရိမြို့၊ အထက-၁၃၊ ဒုတိယတန်း(A)မှ မောင်ရဲထက်လင်းအား မောင်ရဲထက်မြတ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

ရဲထက်မြတ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၀ ရပ်ကွက်၊ ပုဏ္ဏမီလမ်း၊ အမှတ် ၃၄၂၊ ဧရိယာပေ (၄၀×၆၀)၊ အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်ထွန်း ၁၂/ရပသ(နိုင်)၀၁၉၅၂၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းလွင်
အထက်တန်းရှေ့နေ
စဉ်-၂၇၂၁၄
အမှတ် ၅၄၂၊ **May Shopping Center** အပေါ်ထပ်၊ အခန်းအမှတ် A-2 ၊
ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၇၄၅၈၃၃

EAGLE GUEST HOUSE

[illegible]

၁၀၀၀၀ ကျပ်

၂၀၀၀၀ ကျပ်

အများသိစေရန်

[illegible]

[illegible]

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်နယ်တရားမရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅၁ နှင့် ဆက်သွယ်သည့်

၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၄

၁။ ဦးလှိုင်ဝင်း	နှင့်	၁။ ဦးကျော်ထိုက်
၂။ ဦးကျော်မျိုးလင်း		၂။ ဦးစိုးသန်း
		၃။ ဒေါ်ဦးဦးခင်
		၄။ ဒေါ်မြမြသန်း
		၅။ ဒေါ်လွင်လွင်မော်
		၆။ ဒေါ်သန်းသန်းမော်
		၇။ ဒေါ်အေးအေးသင်း
		၈။ ဦးသန်းမြင့်
ဒီကရီအနိုင်ရသူများ		**တရားရှုံးများ**

အမှတ် ၇၆၊ ရှစ်လွှာ(ဝဲ)၊ ဆင်ရေကန်လမ်း၊ ၇၁ မြန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁) တရားရှုံး (ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ် ၈၄၊ စေတနာသုခလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂)မှ (၇)ထိ တရားရှုံးများ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၄၅၁တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်စုံတစ်ရာရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၁၈ရက် (၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် မေ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)

ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

[illegible]

Pretty Paragon Textile Co.,Ltd
Keris mas Batik & Beauty Queen Batik

ပြည်တွင်း၌သာခန့်ထားရန်

(၁) ဈေးကွက်ကြီးကြပ်ရေးမှူး	(ရန်ကုန်)	(ဘွဲ့ရ)	ကျား/မ (၄)ဦး
(၂) ဈေးကွက်ကြီးကြပ်ရေးမှူး	(ပျဉ်းမနား/မကွေး)	(ဘွဲ့ရ)	ကျား/မ (၄)ဦး
(၃) ဈေးကွက်ဝန်ထမ်း	(ရန်ကုန်)	(ဘွဲ့ရ)	ကျား/မ (၄)ဦး
(၄) ဈေးကွက်ဝန်ထမ်း	(ပျဉ်းမနား/မကွေး)	(ဘွဲ့ရ)	ကျား/မ (၄)ဦး
(၅) အရောင်းကြီးကြပ်ရေးမှူး	(ရန်ကုန်)	(ဘွဲ့ရ)	ကျား/မ (၄)ဦး
(၆) အရောင်းဝန်ထမ်း	(ရန်ကုန်)	(ဘွဲ့ရ)	ကျား/မ (၁၀)ဦး
(၇) လက်ထောက်စာရင်းစစ်	(ရန်ကုန်)	[B.Com,DA,CPA,LCCI-(III)]	ကျား/မ (၅)ဦး
(၈) ယာဉ်မောင်း	(ရန်ကုန်)		ကျား(၅)ဦး
(၉) လက်ထောက်စတိုတာဝန်ခံ	(ရန်ကုန်)	(ဘွဲ့ရ)	ကျား/မ (၄)ဦး

အမှတ်စဉ်(၂)နှင့် (၄)သည် ပျဉ်းမနားနှင့်မကွေးတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ အမှတ်စဉ်(၁) (၂) (၃) (၄)(၅) (၆) (၉) တို့အတွက် အတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အမှတ် ၆၄၃၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်လမ်းမကြီးသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Logistics သင်တန်းအတွက် ကျေးဇူးတင်ရှိခြင်း

YCTC Business Institute နှင့် Purchasing & Supply Association Singapore (PASAS) [illegible] Logistics Professional Seminar [illegible]

[illegible] PASAS [illegible] Dr. Habib Kassim [illegible] Zephyr Restaurant [illegible] Manager [illegible] YCTC [illegible]

[illegible] PASAS [illegible] YCTC [illegible]

YCTC Business Institute

အမည်ပြောင်း

ဦးညီညီ၏သမီး ကျိုင်းတုံမြို့၊ အထက-၅၊ နဝမတန်း (A)မှ မအေးမြတ်ညီညီလွင်အား မအေးမြတ်သန္တာအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မအေးမြတ်သန္တာအောင်

အမည်ပြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ဒုတိယနှစ်(စိတ်ပညာ)မှ မအားစီ ၁၃/တခလ(နိုင်) ၀၆၅၉၃၃အား ယနေ့မှစ၍ မခြူးခက်ပန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မခြူးခက်ပန်း

အမည်ပြောင်း

ဦးသက်နိုင်ဝင်း၏သား တောင်ငူမြို့၊ အထက(ခွဲ)လ-၂၊ သတ္တမတန်း(A)မှ မောင်ကောင်းထက်ဝင်းအား မောင်ကောင်းခန့်ဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

ကောင်းခန့်ဝင်း

ကြော်ငြာကဏ္ဍ

အဋ္ဌကထာကျေးပိဋကတ်တော် လှူဒါန်းစေပါသည်

[illegible]

ရောင်းလိုသည်

2000 စီးရီးရော်ဘာပျိုးပင်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါပြီ။

ဖုန်း-၀၉-၇၃၀၅၄၈၀၈

မှော်ဘီမြို့နယ်

ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- စ၊ ဆ မှ ၁(က)၊ ၂(က)အထိ အပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

Swel Taw Business Group(STBG) [illegible]

ရောင်းမည်

[illegible] Central Tower Condo [illegible] 24 hrs [illegible] Security [illegible] Maintenance Service [illegible] CCTV Camera, Water Heater, [illegible] A/C, Basement Car-parking [illegible] 09 254006584, 09 254218077

အမည်မှန်

ဦးဖြိုးဝေအောင်၏သမီး၊ တောင်ငူမြို့၊ ခပေါင်း အမက-သူငယ်တန်းမှ မနှင်းအိဝေ၏အမည်မှာ မဆုရတီပြည့်စုံဖိုး ဖြစ်ပါသည်။

ဆုရတီပြည့်စုံဖိုး

ကလေးမှုခင်းလုပ်ငန်းဆောင်ရွက်ပေးမည့် ရှေ့နေကြီး [illegible] (L.L.B.) [illegible]

[illegible]

01-394727, 01-398426, 09-73099994, 095152521

ဒေါ်မော်မော်

B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc

L.C.C.I Level 1,2,3 & Computerised Accounting

သင်တန်းများ (21-6-2014) မှ စမည်

09-73205079, 09-254215033

[illegible]

ဝယ်လိုသည်

Air Con အဟောင်း၊ အပျက်၊ အလောင်များ ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၅၀၂၆၄၅၇

အမှားပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ခ)၊ မြေကွက်အမှတ်(၄၄၈ဘီ)၊ မြရတနာ ၁ လမ်း ဒေါ်တင်လှမြေအမည်ပေါက် ကန့်ကွက်ကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ မြေကွက်အမှတ် ၂၂၄၊ မြေကွက်တည်နေရာအမှတ် ၂၂၄၊ (၃၉-ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်တင်မေ BS-၀၆၃၁၇၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မေ ကွယ်လွန်သဖြင့် ဦးသန်းနိုင် ၁၂/ဥကတ(နိုင်)၀၂၃၁၅၀ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၂၃၃၊ မြေကွက်တည်နေရာအမှတ် ၂၃၃၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဌေးလွင် ၁၂/ဒပန(နိုင်)၀၃၃၅၅၃-ဒေါ်ဆုရာခါထူ AH-၀၆၉၆၅၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား တရားမကြီးမှုအမှတ် (၂/၂၀၁၄)စီရင်ချက်၊ ဇာရီမှုအမှတ် (၅/၂၀၁၄) ဘီလစ်ခန့်အပ်လွှာတို့ကို တင်ပြလျက် တရားရှုံး (ဦးဌေးလွင်-ဒေါ်ဆုရာခါထူ)တို့ ကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၈၅၃၁ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

မြန်မာအလင်း
ဂျာနယ်ကြော်ငြာ (masthead)
၂၀၁၄ခုနှစ်၊ ဇွန် ၆ ရက်၊ သောကြာနေ့။

လူမှုစီးပွား

ပြည်တွင်းပြည်ပ ဈေးကွက်ရ သခွားမွှေး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

စာ - ၃

ပြည်တွင်းရေးရာ

ရေအလုံအလောက်ရရှိရေး ရေမြောင်းများ တူးဖော်ပေး၍ တောင်သူများအဆင်ပြေ

စာ - ၆

အင်္ဂလန် ရင့်ကျက်မှု

ဘိန်းစ်၊ ဂျာဂျယ်ကာ၊ လာလာနာ၊ လမ်းပတ်တို့လို လူငယ်ကစားသမားမဟုတ်တဲ့ ကစားသမားအချို့ကလည်း ချန်ပီယံလိဂ် ဖောင် နွံ့ဖူးသူတွေ မဟုတ်ဘူး ဆိုတော့ အင်္ဂလန်ရဲ့ ရင့်ကျက်မှုနဲ့ အတွေ့အကြုံ ပိုင်းက...

စာ - ၂

စပါးနဲ့ ပိုချက်တီနိုတို့ရဲ့ အနာဂတ်ကို လှမ်းမျှော်ကြည့်ခြင်း

စာ - ၇

ကမ္ဘာ့ဖလားမိတ်ဆက် – ၉

စောင့်ကြည့်ရမည့် အားနည်းချက်၊ အားသာချက်များ

စာ - ၂

AIR KBZ

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းပေါင်း ၃၂ သင်းကို ပရိသတ်ကြိုတင် လေ့လာနိုင်ရန်အတွက် သုံးသပ်ဖော်ပြခဲ့ရာ ယခုတစ်ပတ်ပြီးလျှင် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနှင့် အင်မတန်မှနီးကပ်သွားပြီဖြစ်သည်။ ထို့ကြောင့် ကျန်နေသေးသည့်အသင်းများကို အကျဉ်းချုံး၍ ထပ်မံဖော်ပြပေးလိုက်ပါသည်။

ကမ္ဘာ့ဖလားမိတ်ဆက် (၉)

/ သစ်မင်းအိမ် /

စောင့်ကြည့်ရမည့် အားနည်းချက်၊ အားသာချက်များ

သတိပြုရမည့်ဥရုဂွေး

ဥရုဂွေးသည် ကမ္ဘာ့ဖလားတွင် အစဉ်အလာမသေးသော အသင်းဖြစ်သည်။ ချန်ပီယံဆုကို နှစ်ကြိမ်တိုင်ရရှိခဲ့သလို နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၀ ပြိုင်ပွဲတွင်လည်း စတုတ္ထနေရာကို ရယူနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင်လည်း ဥရုဂွေးကို လျှော့တွက်၍မရပေ။ ဆိုရလျှင် ဥရုဂွေးသည် အုပ်စုပွဲများ၌ ဆွဲရက်ဖ်ပါဝင်နိုင်ရန် မသေချာဟုဆိုသော်လည်း ကာဗာနီ၊ ဖော်လန်တို့ကဲ့သို့သော တိုက်စစ်မှူးကောင်းများရှိနေခြင်းနှင့် အသင်းလိုက်ကစားပုံမာကျောခြင်းတို့က ပြိုင်ဘက်တိုင်းအတွက် သတိပြုရမည်ဖြစ်သကဲ့သို့ ဥရုဂွေးကို ယခုကမ္ဘာ့ဖလားတွင် မေ့ထား၍ရမည်မဟုတ်ပေ။

လူငယ်များနှင့်အင်္ဂလန်

ထိုနည်းတူ ယခုပြိုင်ပွဲတွင် သတိပြုရမည့်နောက်တစ်သင်းမှာ အင်္ဂလန်ဖြစ်သည်။ အင်္ဂလန်သည် ယခုကမ္ဘာ့ဖလား၌ အတွေ့အကြုံနုနယ်သော ကစားသမားများနှင့် ဖွဲ့စည်းထားသည်ဆိုသော်လည်း လာလာနာ၊ လုခ်ရှော၊ စတာရစ်၊ စတာလင်း၊ ဝီလ်ရှီးယား၊ ချိန်ဘာလိန်၊ ဘာကလေစသော ကစားသမားများမှာ ခြေစွမ်းပိုင်းကောင်းမွန်သောသူများဖြစ်သည်။ ထို့အပြင် လူငယ်အများစုကိုအခြေတည်ထား၍ ကစားအားကောင်းမွန်လာနိုင်သကဲ့သို့ ရွှန်နေး၊ ကာဟေးလ်၊ ဘိန်းစ်စသည့် အကောင်းဆုံးအချိန်ရောက် ကစားသမားများ၊ လမ်းပတ်၊ ဂျရတ်တို့ကဲ့သို့သော ဝါရင့်ကစားသမားများနှင့်ပါ ပေါင်းဖက်ထားပေရာ အင်္ဂလန်သည် ယခုကမ္ဘာ့ဖလား၌ ကော်ကောင်အသင်းတစ်သင်းဖြစ်မလာနိုင်ဟု ဆို၍မရပေ။

အီတလီတိုက်စစ်မှူး ဘာလော့တယ်လီ

ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒို

အစဉ်အလာကြီးမားသည့်အီတလီ

ဆိုရလျှင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မထင်မှတ်သည့်အသင်းများ ဗိုလ်စွဲလေ့ရှိပေရာ အင်္ဂလန်ကိုလျှော့တွက်၍ မရသကဲ့သို့ အီတလီကိုလည်း မေ့ထား၍ မရပေ။ လက်ရှိအချိန်တွင် အီတလီသည် ကစားသမားကောင်းရှားပါးသည်မှာမှန်သော်လည်း ပြိုင်ပွဲကြီးများတွင် မထင်မှတ်သောခြေစွမ်းမျိုး ထုတ်ပြနိုင်သည့်အသင်းဖြစ်သည်။ ပြိုင်ပွဲကြီးများ၌ အထလေးတတ်သောကြောင့် အုပ်စုကိုကျော်ဖြတ်ရန် အစဉ်အမြဲ ရုန်းကန်ရလေ့ရှိသော်လည်း အီတလီသာ ကွာတားအဆင့်သို့ရောက်ရှိလာခဲ့လျှင် ဗိုလ်လုပွဲအထိတက်နိုင်လောက်သောအနေအထားသို့ ရောက်ရှိတတ်သည့်အစဉ်အလာလည်း ရှိပေရာ အီတလီ၏ မထင်မှတ်သည့်လုပ်နိုင်စွမ်းအားကိုလည်း လျှော့တွက်ဖို့ခက်ပေသည်။

အိပ်မက်ဆိုးကိုချေဖျက်မည့်ပြင်သစ်

ထိုအထဲတွင် ပြင်သစ်ကိုလည်း မေ့လို့မရပေ။ ပြင်သစ်သည် အစဉ်အလာကြီးမားသော အသင်းတစ်သင်း ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း ကောင်းမွန်သောစုဖွဲ့မှုတစ်ခု ရရှိထားသည်။ ဘင်ဇီမာ၊ ရစ်ဘာရီတို့ကဲ့သို့သော ဦးဆောင် ဘောလုံးသမားများရှိနေသည်။ ထို့အပြင် လူငယ်သွေးသစ်ကစားသမားများနှင့် အီဗရာ၊ ဆက်ဂ်ညာတို့ကဲ့သို့သော အသင်းကို ထိန်းကွပ်ပေးမည့် ဝါရင့်ကစားသမားများလည်း ပါဝင်နေသည်။ အထူးသဖြင့် ပြင်သစ်သည် ၂၀၁၀ တုန်းက အုပ်စုမှထွက်ခဲ့ရခြင်းကို ချေဖျက်မည်ဖြစ်ပေရာ အနိမ့်ဆုံးကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်လောက်သော စုဖွဲ့မှုမျိုးနှင့် စိတ်ဓာတ်ကိုပိုင်ဆိုင်ထားသောအသင်းဖြစ်ပေသည်။



ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာ

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ

ချန်ပီယံလောင်းအာဂျင်တီးနား

ထိုသို့ အသင်းကောင်းများစွာရှိသည့်အနက် အာဂျင်တီးနားမှာ အားအကောင်းဆုံးဟု ဆိုရမည်။ လက်ရှိအာဂျင်တီးနား စုဖွဲ့မှုကိုကြည့်မည်ဆိုပါက ထိပ်တန်းအဆင့် တိုက်စစ်မှူးများဖြစ်သော ဟီဂူအင်၊ မက်ဆီ၊ အဂူရိုတို့ပါဝင်လျက်ရှိသည်။ အထူးသဖြင့် အာဂျင်တီးနား၏ လက်ရှိအသင်းလိုက်အနေအထားသည် ရွေးချယ်ထားသောကစားသမားများအနက်အသက်အပိုင်းအခြားအရ ၃၀ ကျော်သူဟူ၍ ငါးယောက်သာပါဝင်သည်။ အများစုမှာ အသက်၂၇ မှ ၃၀ ကြားဖြစ်သည်။ ထိုအပိုင်းအခြားသည် ဘောလုံးသမားတစ်ယောက်အတွက်ခြေစွမ်းနှင့်အရွယ်အရအကောင်းဆုံးအချိန်လည်းဖြစ်ပေရာ အာဂျင်တီးနားအနေဖြင့် ချန်ပီယံဆုကိုပင် စိန်ခေါ်နိုင်စွမ်းရှိနေသည်။

ဂျာမနီ၏ လားရာ

ဆိုရလျှင် ဂျာမနီသည်လည်း ချန်ပီယံဆုကို စိန်ခေါ်နိုင်သောအသင်းဖြစ်သည်။ ကစားသမားဖွံ့ဖြိုးမှုအရ ဂျာမနီသည် ထိပ်တန်းအဆင့်ရှိသည်။ ယခုနောက်ပိုင်းကမ္ဘာ့ဖလားပြိုင်ပွဲများတွင်လည်း အစဉ်အဆက်နီးပါးဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်သောအသင်းဖြစ်သည်။ ဂေါ့ဇီ၊ တိုနီခရူးစ်၊ အိုဇေးလ်၊ စတိုင်ဂါ၊ လမ်း၊ ဟမ်မဲလ်စသည့် ခြေစွမ်းခြေစ ထက်မြက်သော ကစားသမားများလည်း ပါဝင်နေသည်။ သို့သော် ဂျာမနီတွင် အဓိကအားနည်းမှုတစ်ခုရှိသည်။ အဆိုပါအားနည်းမှုမှာ တိုက်စစ်မှူးကောင်း ရှားပါးခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ထားသော ကလိုဆေးမှာ ၃၅ နှစ် ရှိပြီဖြစ်ပြီး အားကိုးထိုက်သောအရွယ်မဟုတ်ပေ။ ထို့ကြောင့် ဂျာမနီသည် ဂိုးရရှိရန် ကွင်းလယ်ကစားသမားများအပေါ် မှီခိုရမည်မှာ သေချာသကဲ့သို့ ကွင်းလယ်စုဖွဲ့မှုအားကောင်းသော အသင်းများနှင့်ဆုံလျှင် အခက်တွေ့နိုင်သည်ကလည်း သေချာသည်။

ရော်နယ်ဒို၏ ပေါ်တူဂီ

ထိုနည်းတူပေါ်တူဂီဆိုလျှင်လည်း အသင်းကောင်းတစ်သင်းဖြစ်သည်မှာ မှန်သည်။ ပီပီ၊ ကွန်ထရာအိုစသည့် ကစားသမားကောင်းများလည်းရှိသည်။ သို့သော်ပေါ်တူဂီသည်လည်း ရော်နယ်ဒိုအပေါ် မှီခိုလွန်းသောအသင်းဖြစ်သည်။ ရော်နယ်ဒိုမပါဝင်ခဲ့သော ဂရိနှင့်ခြေစမ်းပွဲ၌ ဂိုးရရှိရန် စွမ်းဆောင်ပေးနိုင်သူမရှိခဲ့ခြင်းမှာ ပေါ်တူဂီ၏ အားနည်းမှုကို မြင်သာစေသည်။ ဆိုရလျှင် ပေါ်တူဂီမှာ အသင်းလိုက် ကစားပုံကောင်းမွန်သောအသင်း ဖြစ်သည်မှာ မှန်သော်လည်း ရော်နယ်ဒိုအပေါ် မှီခိုလွန်းနေ၍ ပြိုင်ဘက်များအနေဖြင့် ပေါ်တူဂီ၏ တိုက်စစ်ကိုထိန်းချုပ်ရန် အခက်အခဲမရှိနိုင်သလို ပေါ်တူဂီသည်လည်း အမြင့်ဆုံးကွာတားအဆင့်လောက်အထိသာရောက်နိုင်သည်ဟု ယူဆလျက်ရှိကြသည်။

ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူ

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီ

ဖျက်မြင်းဘယ်လ်ဂျီယံ

ဆိုရလျှင်ပေါ်တူဂီသည် ဘယ်လ်ဂျီယံလောက်ပင် နေရာစုံညီညွတ်မျှတမှုမရှိပေ။ ဘယ်လ်ဂျီယံသည် ဟာဇက်၊ ကွန်ပနီ စသည့်ကစားသမားကောင်းများ ပါဝင်နေသကဲ့သို့ လူကာကူ၊ မီရယ်လက်စ်၊ ဒမ်ဘီလီ၊ ဖယ်လိုင်နီ၊ ဗာတွန်ဂန်၊ ဗာမေလန်၊ ကော့တွိုက်စ်၊ မစ်နိုလက်စသည့် အဆင့်မီကစားသမားများ ရှိနေပေရာ နေရာစုံတောင့်တင်းသကဲ့သို့အသင်းလိုက်အားအထူးကောင်းမွန်မှုရှိသည်။ ဆိုရလျှင် ဘယ်လ်ဂျီယံတွင် ရော်နယ်ဒို၊ မက်ဆီ၊ ရစ်ဘာရီ၊ နေမာတို့ကဲ့သို့ နာမည်ကြီးကစားသမားများမပါဝင်သော်လည်း ပါဝင်သောကစားသမားများမှာ အရည်အချင်းပြည့်မီသူများဖြစ်သည့်အပြင် နေရာစုံတန်းတူအရည်အသွေးရှိနေပေရာ ဘယ်လ်ဂျီယံသည် ယခုကမ္ဘာ့ဖလား၌ လျှော့တွက်၍လုံးဝမရသောအသင်းဖြစ်သည်။

အခြားအသင်းများ

ကျန်အသင်းများဖြစ်သည့် ကော့စတာရီကာ၊ ဆွစ်ဇာလန်၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်၊ ဘော့စနီးယား၊ အီရန်၊ နိုင်ဂျီးရီးယား၊ဂါနာ၊အမေရိကန်၊ အယ်လ်ဂျီးရီးယား၊ ရုရှား၊ တောင်ကိုရီးယားတို့မှာမူ သာမန်အသင်းများသာ ဖြစ်သည်။ ထိုအထဲ၌ ကော့စတာရီကာ၊ ဟွန်ဒူးရပ်စ်၊ အီရန်၊ ဂါနာ၊ အယ်ဂျီးရီးယားတို့မှာ အိမ်ဖြည့်အသင်းများသာဖြစ်သည်။ ထိုအထဲ၌ ဆွစ်ဇာလန်၊ ဘော့စနီးယား၊ ရုရှားတို့မှာမူ အုပ်စုကိုကျော်ဖြတ်နိုင်လောက်သော အနေအထားများရှိနေသည်။ ဆွစ်ဇာလန်သည် ဟစ်ဖဲလ်ကဲ့သို့သော ထက်မြက်သည့်နည်းပြဦးဆောင်မှုရှိသည်။ ဘော့စနီးယားသည်လည်း ဇက်ကို၊ အိုင်ဘီစီဗစ်တို့ကဲ့သို့သော ကစားသမားကောင်းများရှိပြီး အသင်းလိုက်ကစားပုံကောင်းမွန်သည်။ ရုရှားသည်လည်း အာရှာဗင်တို့ခေတ်ကကဲ့သို့ ချွန်ထွက်သည့်ကစားသမားများ ရှားပါးနေသော်လည်း စုဖွဲ့မှုအရ ညီညွတ်မျှတသောအသင်းဖြစ်သည်။ ထို့ကြောင့် ထိုအသင်းများသည် အုပ်စုကို ကျော်ဖြတ်နိုင်စွမ်းအပြည့်ရှိကြသည်။

အမေရိကန်မှာမူ စုဖွဲ့မှုနှင့် ခြေစွမ်းပိုင်းမဆိုးသော်လည်း ဂျာမနီ၊ ပေါ်တူဂီတို့ပါဝင်သော အုပ်စုတွင်း၌ ကျရောက်နေပေရာ အုပ်စုကို ကျော်ဖြတ်ရန်ခက်ခဲသလို တောင်ကိုရီးယားသည်လည်း မာကျောမှုပိုင်းအားနည်း၍ အခက်အခဲများနှင့် ရင်ဆိုင်ရမည်က သေချာပေသည်။

ဆိုရလျှင် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးသည် အင်မတန်မှ နီးကပ်လာပြီဖြစ်သည်။ ယနေ့အချိန်တွင် ပြိုင်ပွဲဝင်အသင်းများသည်လည်း မိမိအသင်းကို အတောင့်တင်းဆုံးဖြစ်စေရန် ပြုပြင်တည်ဆောက်နေသောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးသည် ပရိသတ်အတွက် ကျေနပ်လောက်ဖွယ် ပြိုင်ဆိုင်မှုမျိုးဖြင့် ပွဲထွက်လာမည်က သေချာသည်ဟုသာ ဆိုချင်မိပေသည်။ ။

နှစ်စဉ်ဘောလုံးလောကမှာတော့ ပြောင်းလဲမှုတွေကတော့ အမြဲတမ်းရှိနေပါတယ်။ အဲဒီပြောင်းလဲခြင်းတရားတွေရဲ့အောက်မှာ အသင်းတွေ၊ ကစားသမားတွေနဲ့ မန်နေဂျာတွေလည်း ပါဝင်နေပါတယ်။ စပါးအသင်းကလည်း အဲဒီပြောင်းလဲမှုနိယာမတွေအတိုင်း မကြာသေးမီကပင် ဆောက်သမ်တန်အသင်းမန်နေဂျာ ပိုချက်တီနိုကို မန်နေဂျာသစ်အဖြစ် ခန့်အပ်လိုက်ပါတယ်။

စပါးနဲ့ ပိုချက်တီနိုတို့ရဲ့

အောင်က

အနာဂတ်ကို လှမ်းမျှော်ကြည့်ခြင်း

စပါးနည်းပြဖြစ်လာသည့် ပိုချက်တီနို

အင်္ဂလန်နဲ့ ရင့်ကျက်မှု

ဝေမိုးဆက်

၂၀၁၄ ကမ္ဘာ့ဖလားပွဲဝင်မယ့် အင်္ဂလန်အကြောင်းပြောမယ်ဆိုတော့ ဝိဝါဒသိပ်မကွဲဘူး။ အကောင်းမြင်စိတ်ကတစ်ဖက်၊ သံသယကတစ်ခြမ်း၊ အထူးသဖြင့် ဒီတစ်ကြိမ်ပြိုင်ပွဲဝင်မယ့် အင်္ဂလန်ဟာ အရင်မြင်နေ တွေ့နေကျ အင်္ဂလန်မဟုတ်ဘူး။ မျိုးဆက်တစ်ခုအပြီး မျိုးဆက်တစ်ခုရဲ့ ပွင့်ဖူးအားနဲ့ တည်ဆောက်ထားတဲ့ အင်္ဂလန်။ အခြေခံအပိုင်းကအစ အပြောင်းအလဲဖြစ်လာ

အင်္ဂလန်တိုက်စစ်မှူး စတာရစ်

နေပြည်တော်

ပြည်တွင်းပြည်ပဈေးကွက်ရ သခွားမွှေးစမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များကို နိုင်ငံတော်အစိုးရက ချပေးလျက်ရှိရာ စိုက်ပျိုးသူ၊ နှစ်အလိုက်ငှားရမ်း၊ ရောင်းဝယ်သူများ အဆင်ပြေလျက်ရှိသည်။ Medi Hub ကုမ္ပဏီမှ လူငယ်ပညာရှင်များသည် နေပြည်တော်ကောင်စီနယ်မြေ ကင်ပွန်းတန်းကျေးရွာဆင်သေတံတားအနီးတွင် မြေများဝယ်ယူကာ ပြည်တွင်းပြည်ပ ဈေးကွက်ဝင် အော်ဂဲနစ်သခွားမွှေး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သခွားမွှေးမျိုး ငါးမျိုးရှိပြီး ထိုင်ဝမ်မျိုးများဖြစ်ကြောင်း သိရသည်။ အော်ဂဲနစ် သခွားမွှေးတွင် အဝါရောင်၊ အစိမ်းရောင်အရှည်၊ အစိမ်းရောင်အဝိုင်း စသည့်အသီးများကို တွေ့ရသည်။ အော်ဂဲနစ်သီးနှံဖြစ်သောကြောင့် အလွန်အရသာရှိပြီး ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အဓိကရောင်းအားကောင်းနေကြောင်း၊ ဂျပ်ပုံးများဖြင့်ပါကင်ထုပ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့်မြို့များသို့ တင်ပို့ရောင်းချပြီး တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် ပြည်တွင်း ဈေးကွက်ထက် ပြည်ပဈေးကွက်ပိုသေချာသော သခွားမွှေးကို အဓိကစိုက်ပျိုးလျက်ရှိသည်။ စတင်စိုက်ပျိုးချိန်မှ ရက် ၆၀မှ ၈၀ အတွင်း ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်သည်။ ကုမ္ပဏီမှ ကိုမောင်မောင်လေးက “တစ်ပင်ကိုတစ်လုံးနှုန်းထားပြီး ရာသီဥတုပိုးမွှားအန္တရာယ်ဒဏ်ခံနိုင်အောင် ပိုက်ဆန်ခါတွေနဲ့ ကာရံအုပ်မိုးနိုင်သမျှ အော်ဂဲနစ်အဖြစ် စိုက်ပျိုးတာဆိုတော့ အရင်းအနှီးက အတော်များပါတယ်။ အခုစိုက်တဲ့မြေက သဲဆန်တဲ့မြေဖြစ်လို့ နွားချေးကို အဓိကမြေဩဇာ အဖြစ်အသုံးပြုပါတယ်။ ရေဝပ်တာကို မကြိုက်တော့ ပေါင်တွေကို ပလတ်စတစ်တွေခံပြီး ရေသွင်းစိုက်ပျိုးပါတယ်။ အခုအခါမှာ အပူချိန်မြင့်မားနေလို့ အပျက်အစီးအနည်းငယ်တော့ရှိပါတယ်။ ဒီနေပြည်တော်တပ်ကုန်းမှာ လာစိုက်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ပတ်ဝန်းကျင်ရွာတွေ ဖွံ့ဖြိုးဖို့ရယ်။ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေဖို့နဲ့ စိုက်ပျိုးချင်သူတွေကိုလည်း နည်းပညာတွေ ဖြန့်ဝေပေးသွားဖို့ ရည်ရွယ်ပါတယ်။ ဒီနယ်မြေတစ်ဝိုက်မှာ ဖရဲကိုသာ စိုက်ပျိုးကြပြီး သခွားမွှေးကို စိုက်ပျိုးသူ မရှိသလောက်ပါပဲ။ သခွားမွှေးတစ်လုံးကို ငွေကျပ် ၂၀၀၀၊ ၂၅၀၀ခန့် ရောင်းရပြီး ပြည်ပတင်ပို့တဲ့အခါမှာတော့ ကီလိုနဲ့ ရောင်းပါတယ်။ အခုအခါ အဓိကဈေးကွက်အနေနဲ့ မူဆယ် ၁၀၅ မိုင်နဲ့ မန္တလေး သစ်သီးဈေးကွက်တွေ ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

အများဆုံးအဝယ်လိုက်

မြန်မာ့သစ်သီးကုန်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းနေချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် စမ်းသပ်စိုက်ပျိုးသော သခွားမွှေးများသည်လည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ အများဆုံး အဝယ်လိုက်နေသည့် သခွားမွှေးများကို ယခုထက်ပိုမိုစိုက်ပျိုးသွားပါက အခြားပြည်ပနိုင်ငံများသို့ပါ ဈေးကွက်ဝင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သခွားမွှေး စိုက်ပျိုးခြင်းကြောင့် မိသားစုဝင်ငွေတိုးရုံသာမက နိုင်ငံအတွက် ပြည်ပဝင်ငွေကို ပိုမိုရှာဖွေပေးနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

သတင်း-ကျော်သူဝင်း
ဓာတ်ပုံ-သက်ထက်

ကချင်ပြည်နယ်

ရွှေကူမြို့ စီသာကျေးရွာ အထက အဆင့်တိုးမြှင့်ဖွင့်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စီသာကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဝင်းရှေ့မှုခ်ဦး၌ကျင်းပရာ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးပါကြွယ်၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီ၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ကြည်ငွေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ခံမြို့နယ်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ပေးရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာသားငါး သစ်တောကဏ္ဍ ဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

နှစ်တိုမှ နှစ်လတ်၊ နှစ်ရှည်ချေးငွေချေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ချက်

- တောင်သူများအား နှစ်တိုမှနှစ်လတ်၊ နှစ်ရှည်ချေးငွေချေးနိုင်အောင် ဆောင်ရွက်နေပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စီးပွားရေးဘဏ်မှ အတိုးဖြင့်ချေး၍ လယ်သမားများကိုပြန်ချေးနေရသောကြောင့် ဗဟိုဘဏ်မှတိုက်ရိုက်ချေးနိုင်ခဲ့လျှင် အတိုးနှုန်းသက်သာမည်ဖြစ်သောကြောင့် နှစ်ရှည်ချေးငွေရရှိအောင် လွှတ်တော်အထိတင်ပြီး ကြိုးစားနေပါသည်။ သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလျှင် ရုံးချုပ်မှ ချေးငွေချေးပေးမည်ဖြစ်ပါသည်။ သို့သော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စည်းမျဉ်း၊ စည်းကမ်းကို လိုက်နာရမည်ဖြစ်ပါသည်။ ပိုက်ဆံချေးရာတွင် လိုက်နာရမည့်အချက်များမှာ ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။ လယ်ယာလုပ်ငန်းအမှန်တကယ် လုပ်ကိုင်သည့်သူဖြစ်ရပါမည်။ လယ်ယာမြေလုပ်ကိုင်ကြောင်း ထောက်ခံချက်ပါရန် လိုအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အောက်မအူကုန်းကျေးရွာအုပ်စု ညောင်လိန်ကျေးရွာမှ ဦးအောင်ကြည်နှင့် ဒေါ်ဖြူဖြူဝင်းတို့မှ လယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေကို နည်းစနစ်မှန်ကန်စွာ ထုတ်မပေး၍ တင်ပြချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ချက်

- ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အောက်မအူကုန်းကျေးရွာအုပ်စု ညောင်လိန်ကျေးရွာမှ ဦးအောင်ကြည်နှင့်ဒေါ်ဖြူဖြူဝင်းတို့က လယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေကို နည်းစနစ်မှန်ကန်စွာ ထုတ်မပေး၍ တင်ပြချက်အပေါ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ ဆုံးဖြတ်ချက်၊ ထောက်ခံချက်များအရ ကျေးရွာအုပ်စုချေးငွေစိစစ်ရေးအဖွဲ့တို့၏ စိစစ်ထောက်ခံချက်အရသာ ထုတ်ချေးခြင်းဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဘဏ်၏လုပ်ထုံးလုပ်နည်းကို သိရှိသဘောပေါက်စေရေးအတွက် မြို့နယ်မန်နေဂျာက ၁၀-၁-၂၀၁၉ ရက်နေ့ ငွေထုတ်ချေးစဉ်က ရှင်းလင်းပြောကြားပြီးဖြစ်ပါကြောင်းနှင့် စိုက်ပျိုးစရိတ် မိုးဘဏ်/နွေဘဏ်ကို အမှန်စိုက်ပျိုးသည့်အတိုင်း နည်းစနစ်အမှန်ဖြင့် အပြည့်ထုတ်မပေးဟု တင်ပြခြင်းမှာ မှန်ကန်မှုမရှိကြောင်း ဖြေကြားပြီးဖြစ်ပါသည်။

မြေနုကျွန်းနယ်နိမိတ်အငြင်းပွားမှုနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ချက်များ

- ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရေပေါ်သောင်ကျေးရွာအုပ်စုနှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာအုပ်စုရှိ ကိုင်းစိုက်တောင်သူများအကြား မြေနုကျွန်းနယ်နိမိတ်အငြင်းပွားမှုနှင့်ပတ်သက်၍ နှစ်ဖက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများနှင့် နှစ်ဖက်တိုင်းဒေသကြီး လယ်ယာမြေနည်းဥပဒေများ အပိုဒ် ၁၁၀ တွင် ‘**မြေနုကျွန်း နယ်နိမိတ်ကို အငြင်းပွားမှုမရှိဘဲ ခွဲဝေချထားနိုင်စေရန် အုပ်ချုပ်ရေးနယ်နိမိတ်ကို ခေတ်မီမြေတိုင်းကိရိယာများဖြင့် စနစ်တကျ တိုင်းတာမှတ်တမ်းတင်၍ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် သတ်မှတ်ထားသည့် အုပ်ချုပ်ရေးနယ်နိမိတ်များတွင် မှတ်တိုင်များ သတ်မှတ်စိုက်ထူရမည်။ ယင်းသို့ ဆောင်ရွက်ရန် အခက်အခဲရှိမှသာ ယခင်က သတ်မှတ်ခဲ့သော မြေပြင်ရှိ အာမခံအမှတ်အသားများအရ တိုင်းတာရေးဆွဲဖော်ပြထားသည့် အမျှော်မျဉ်းကြောင်း၊ နယ်နိမိတ်အမှတ်အသားများဖြင့် ခွဲခြားသတ်မှတ်ရမည်**’ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာအုပ်စုနှင့် တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုတို့အကြား ဖြစ်ပေါ်နေသော မြေနုကျွန်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အကြားနယ်နိမိတ်ကို ဗဟိုအဆင့်က ဆုံးဖြတ်ပေးရမည်ဖြစ်သဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရခိုင်ပြည်နယ်

ရခိုင်လူငယ်မျိုးဆက်သစ်တို့၏ မူးယစ်နှင့် လောင်းကစားဆန့်ကျင်ရေးမြင်ကွင်းများ

မူးယစ်ဆေးဝါးနှင့် လောင်းကစားဟု ဆိုလိုက်သည်နှင့် လူတို့စိတ်ထဲတွင် မကောင်းဟု သိရှိနားလည်ကြသည်။ သို့သော်သိလျက်နှင့် မိုက်မဲကာသုံးစွဲနေကြခြင်း၊ လုပ်ဆောင်နေကြခြင်းများကြောင့် မူးယစ်ဆေးနှင့် လောင်းကစားခြင်းရောဂါ စွဲမှန်းမသိစွဲကာ ဘဝပျက်သည်မှနောက်ဆုံးအသက်ကိုပါ ပေးလိုက်ရသည်အထိ ဒုက္ခရောက်နေရသူများ၏ အနိဋ္ဌာရုံများကို မြင်တွေ့ကြပေလိမ့်မည်။

မူးယစ်ခြင်းဟုဆိုရာတွင် ကွမ်း၊ ဆေးလိပ်တို့ကို စတင်သုံးစွဲခြင်းမှ စတင်ကာ အရက်၊ ဘီယာသောက်သုံးခြင်း၊ ထိုမှသည် နယ်ကျွံလမ်းမှားကာ ဘိန်း၊ ဘိန်းဖြူနှင့် နောက်ဆုံးစိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲသည်အထိ အရှိန်မြင့်လာနိုင်သည်။

လောင်းကစားခြင်းသည်လည်း ယခင်ခေတ်များကရှိခဲ့သော ကြက်တိုက်ခြင်း၊ ဖဲရိုက်ခြင်းမှအစ ယခုအခါ လောင်းကစားနည်းအမျိုးမျိုးကို တီထွင်လာကြသည်။ မက်လုံးအမျိုးမျိုးပေးကာ လိမ်လည်လှည့်ဖြားလာကြသည်။ ယနေ့အချိန်ထိ အမြစ်ပြတ်တားဆီး၍မရနိုင်သော ဒုစရိုက်လုပ်ငန်းများတွင် လောင်းကစားခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားခြင်းကို မြတ်ဗုဒ္ဓကလည်း တားမြစ်ခဲ့သည်။ အခြေခံသီလ(ငါးပါးသီလ) ဆောက်တည်ခြင်းတွင် အဒိန္နာဒါနနှင့် သုရာမေရိယသုံးစွဲခြင်းသိက္ခာပုဒ်ကို ထည့်သွင်းထားသည်မှာ သတ္တဝါတို့အတွက် အကျိုးမရှိ၊ ဘေးဖြစ်စေတတ်သောကြောင့်ဖြစ်သည်။ သို့သော်လည်း ယနေ့အချိန်အခါကား မူးယစ်နှင့်လောင်းကစားသည် တစ်ခုကိုတစ်ခု အမှီပြုကာ လူသားများကို ဒုက္ခပေးနေဆဲဖြစ်သည်။ လူတို့ကလည်း မိတ်ဆွေသဖွယ် ပေါင်းသင်းနေကြဆဲဖြစ်သည်။

ယနေ့ လက်တွေ့နယ်ပယ်တွင် လူငယ်များ ဆေးလိပ်သောက်ခြင်းထက် ကွမ်းစားခြင်းကို ဦးစားပေးလာကြသည်။ အချို့ဆို ကွမ်းနှင့် ဆေးလိပ် နှစ်မျိုးစလုံးသုံးစွဲလာကြသည်။ အထူးသဖြင့် ကျောင်းဝတ်စုံဝတ်ကာ လမ်းဘေးကွမ်းယာဆိုင်တွင် ကွမ်းထုပ်နှင့် ဆေးလိပ်ကိုကိုင်ကာလှုပ်ရှားနေသော လူငယ်များကို မြင်တွေ့ရသည်မှာ အနာဂတ်မြန်မာပြည်ကြီးအတွက် ရင်လေးစရာဖြစ်သည်။ အစိုးရက ဆေးလိပ်မသောက်ရနယ်မြေများ သတ်မှတ်ထားသော်လည်း ထိုနေရာများ၌ပင် ဆေးလိပ်နှင့်ကွမ်းသုံးစွဲနေသည်များကို တွေ့မြင်ဖူးပေသည်။

ရခိုင်ပြည်နယ်မှအလင်းတန်းသစ်တစ်ခု ထွန်းလင်းလာပြီ

၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်မှ အလင်းတန်းသစ်တစ်ခု ထွန်းပလင်းလက်လာသည်ကို မြင်တွေ့လာရသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလကပင် ရခိုင်မျိုးဆက်သစ်လူငယ်များဦးဆောင်၍ မူးယစ်နှင့်လောင်းကစားဆန့်ကျင်ရေး လုပ်ငန်းများကိုပြုလုပ်လာကြသည်။ လူစည်ကားရာနေရာများတွင် ပညာပေးပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းများကို ဆောင်ရွက်လာခဲ့ကြသည်။ အချို့ဆို တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်ပွဲများပြုလုပ်၍ မူးယစ်နှင့်လောင်းကစား လျော့နည်းကျဆင်းရေးအတွက် တောင်းဆိုခဲ့ကြသည်။

ရခိုင်လူငယ်မျိုးဆက်သစ်မှ ဦးဆောင်၍ စာရေးဆရာကြီးများ၏ ကြီးကြပ်ပါဝင်မှုဖြင့် အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားခြင်း၏ လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအကြောင်း ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတစ်ရပ်ကို စာမူဖိတ်ခေါ်ကာ ပြုလုပ်ခဲ့သည်။ ဤလှုပ်ရှားမှုများ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်နိုင်ရေးအတွက် အွန်လိုင်းမှတစ်ဆင့်ဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတစ်နံတစ်လျားမှဝင်ရောက်ယှဉ်ပြိုင်လာကြောင်းလည်း သိရသည်။

အခမ်းအနားပြုလုပ်

ရခိုင်လူငယ်မျိုးဆက်သစ်များမှ ဦးဆောင်၍ စာရေးဆရာကြီးများ၏ ကြီးကြပ်ပါဝင်မှုဖြင့် အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားခြင်း၏ လူမှုဆိုင်ရာ ဆိုးကျိုး အကျိုးသက်ရောက်မှုများအကြောင်း စာမူဆုပေးပွဲနှင့်စာပေဟောပြောပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ဝက်ပါကွင်းရှိ ကျက်သရေဆောင် ကပ်ကျော်စေတီမွှာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍အခမ်းအနားဖွင့်လှစ်ပြီးနောက်စစ်တွေမြို့ ကျားရုပ်ဘုန်းတော်ကြီးကျောင်းထိုင်ဦးစီးပဓာန နာယက သက်တော်ရှည်ဆရာတော်ကြီးဘဒ္ဒန္တဇယန္တက ဩဝါဒစကားပြောကြားပေးသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရခိုင်ပြည်နယ် ဥပဒေချုပ်ဦးလှသိန်း (စာရေးဆရာကြီးပန်းသာစံ) က အမှာစကား ပြောကြားရာ ကွမ်းကအစ အရက်၊ မူးယစ်ဆေးဝါးများနှင့် လောင်းကစားခြင်းသည် လူသားတိုင်းအတွက် ဆိုးကျိုးကိုသာပေးကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားခြင်းသည်ဥပဒေအရ ဆန့်ကျင်ကြောင်း၊ သုံးစွဲသူပြုလုပ်သူတို့အနေဖြင့် မကောင်းမှန်းသိလျက်နှင့်ပြုလုပ်နေကြသော်လည်း ဖမ်းမိပါကဥပဒေအရ အရေးယူခြင်းကို ခံကြရကြောင်း ပြောကြားသည်။

ထို့နောက်ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက အမှာစကားပြောကြားရာ ရခိုင်လူမျိုးတို့သည် အရှေ့တောင်အာရှတွင် ထေရဝါဒဗုဒ္ဓဘာသာကို အစောဆုံးရရှိသူများဟုသိရကြောင်း၊ ဘာသာရေးကိုင်းရှိုင်းကြသည်ကိုလည်း မြင်တွေ့ရကြောင်း၊ ရခိုင်တို့၏ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာကခွင့်မပြုထားသည့် မူးယစ်သောက်စားခြင်းနှင့်လောင်းကစားမှုကို မပြု လုပ်ကြစေလိုကြောင်းပြောကြားသည်။

၎င်းနောက်စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား စာရေးဆရာကြီး၊ သတင်းစာဆရာကြီး ကျွန်းသားငမန်းကရှင်းလင်းတင်ပြသည်။

စာပေဟောပြောဆုချီးမြှင့်

စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာကြီး စစ်တွေ ညိုသန့်က "လမ်းမှန်လျှောက်ကာလေ၊ စခန်းမှန်ရောက်ပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာလှမြင့်အောင်(တောင်ကုတ်)က "ခေတ်တစ်ခေတ်ကိုဖြတ်သန်းခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

စာမူဆုရရှိသူများမှာ-ကဗျာဆုတွင် မေဃမင်းသူရိန်(မာန်အောင်)၏ ပိုးဖလံလိုလူသားမျိုးကဗျာပထမ၊ မောင်နေပူ(တောင်ကုတ်)၏ လှိုင်းသို့နိုးကြားရခိုင်သားတို့ ပွားများကျင့်ကြံသန္တိဌာန်ကဗျာက ဒုတိယဆုရရှိသည်။ ဆောင်းပါးပြိုင်ပွဲတွင် ခိုင်မင်းစောက မူးယစ်ဆေးဝါးလောင်းကစားရန်သူလားမိတ်ဆွေလား ခေါင်းစဉ်ဖြင့် ပထမ၊ တိုးလေး(မြို့ပုံ)ကပွင့်သောပန်းတိုင်းလန်းပါစေခေါင်းစဉ်ဖြင့် ဒုတိယ၊ မိုးယံ(ရင်းဒါး)က သေရည်အရက် လူကိုဖျက်ခေါင်းစဉ်ဖြင့်တတိယရရှိကာအထူးဆုများကို ဇော်သစ်(စကုကျွန်း)၊ မင်းသွေးငယ်(ရာမညမြေ)နှင့် ကိုအောင်(ဘားအံ)တို့ကရရှိသည်။ ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်းသိရသည်။

"ကျွန်တော်တို့ရခိုင်တွေက အပြင်ရန်ကိုပဲမြင်နေကြတာ၊ ကြည့်နေကြတာပါ၊ အတွင်းမှာရှိနေတဲ့ လိုက်စားနေတဲ့ကွမ်း၊ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးနှင့် လောင်းကစားရန်သူတွေကို မမြင်သလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အတွင်းမှာလည်းရန်သူတွေရှိနေပြီ၊ သတိထားကြပါဟု ဖော်ပြပေးတာပါ" ဟု ရခိုင်လူငယ်မျိုးဆက်သစ်မှ ကိုသန်းလှကပြောပြသည်။

လူငယ်များဤသို့ အသိစိတ်ဓာတ်မှန်ကန်စွာဖြင့် မူးယစ်နှင့်လောင်း ကစားဆန့်ကျင်ရေးလုပ်ငန်းများတွင် ပါဝင်ဦးဆောင်နေသည်မှာ မိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံတော်အတွက် အင်အားတစ်ခုဖြစ်သည်။ လူငယ်တစ်စုမှသည် လူငယ်အားလုံး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံး ဤသို့ အသိတရားရှိလာပါက မူးယစ်နှင့်လောင်းကစားသည် အမြစ်ပြတ် မကင်းရှင်းနိုင်သော်လည်း လျော့နည်းကျဆင်းလာမည်ဖြစ်ပေသည်။ ဤသို့ လှုပ်ရှားမှုများကို အတုယူဆောင်ရွက်ကာ တစ်မျိုးသားလုံးရန်သူဖြစ်သော မူးယစ်နှင့် လောင်းကစားကိုတိုက်ဖျက်ကြပါရန် ရေးသားလိုက်ရပါသည်။

သတင်းဆောင်းပါး - လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ - ဓညစော

မကွေးတိုင်းဒေသကြီး

ပြည်ရွှေဘိုနယ်တစ်ခွင်ဆီမှ စဉ့်အိုးနှင့် စဉ့်ထည်ပစ္စည်းများ

ပခုက္ကူမြို့နယုန်ပွဲတော်တွင် ရောင်းအားကောင်းသည့် ရွှေဘိုနယ် နွယ်ငြိမ်းရွာ စဉ့်အိုးသည်များ ကဆုန်လမကုန်ခင် ရောက်ရှိနေပြီဖြစ်သည်။ နွယ်ငြိမ်းရွာ၊ ရွှေတိုက်ရွာ၊ ရွှေခွန်ရွာ၊ မလားရွာတို့ထွက် စဉ့်အိုးနှင့် စဉ့်အနုပညာ ပစ္စည်းများကို ပခုက္ကူဒေသအပြင် ပုံတောင်ပုံညာယောနယ် ထီးလင်း၊ ဂန့်ဂေါ၊ ကျောက်ထုတို့မှ လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးဒေသတို့မှ လည်းကောင်း၊ မြို့နယ်ရေနံမှော်များမှလည်းကောင်း၊ ဝယ်ယူမှုအားကောင်း၍ နယုန်လဆန်းမတိုင်ခင် ရောက်ရှိနေခြင်းဖြစ်သည်။ နွယ်ငြိမ်းရွာကနေ ပခုက္ကူဆိပ်ကမ်းအထိ မော်တော်ခမှာ လေးသိန်းခွဲရှိသည်။ အလုပ်သမားခ အပါအဝင် ခုနစ်သိန်းကျော်ရှိသည်။ "ကျွန်မတို့ကတော့ ပခုက္ကူပွဲ၊ မကွေးပွဲ ၊ ရွှေစည်းခုံပွဲ၊ အာနန္ဒာပွဲတွေကိုပဲ ထွက်တယ်၊ ပုဂံ-ညောင်ဦးပွဲကတော့ စဉ့်အိုးအဝယ်များတယ်၊ ပခုက္ကူနယုန်ပွဲကတော့ ပစ္စည်းအစုံဝယ်လို့ ပခုက္ကူပွဲကို အထူးအားထားပြီး ထွက်ပါတယ်၊ ဆိုင်ခန်းအနေနဲ့ကတော့ ကျွန်မတို့စဉ့်အိုးသည်တွေ အာနန္ဒာပွဲ ဆိုင်ခန်းခ ကုန်ကျငွေ လေးသောင်းကျော်ဆိုရင် လှုလှုပပခင်းလို့ရတယ်။ ပခုက္ကူနယုန်ပွဲကတော့ ဆိုင်ခန်း ၂၈ ခန်းယူပြီး ဈေးထွက်လို့ရတယ်"ဟု နယုန်ပွဲလာ စဉ့်အိုးသည်တစ်ဦးက ပြောသည်။ စဉ့်အိုးအမျိုးစုံ ၃၀ ထိ ပါရှိပြီး ဆယ်ဝင်အိုး ၂၅၀၀၊ ငါးဆယ်ဝင်အိုး ၆၅၀၀၊ ရာဝင်အိုး ၁၃၀၀၀၊ ဈေးအသီးသီးရှိပြီး ရေချိုးအင်တုံ ၆၀၀၀၊ နတ်ကန် ၁၀၀၀၊ ငါးပိအိုး၊ ဆားအိုး ၆၀၀/၇၀၀ ၊ ညောင်ရေအိုး ၅၀၀/၆၀၀၊ ဆေးလိပ်ခွက် ၅၀၀၊ ငရုတ်ဆုံ ၅၀၀/၆၀၀ ဈေးရှိသည်ဟု သိရသည်။ နွယ်ငြိမ်းရွာသည် အိမ်ခြေ ၄၀၀ ကျော်ရှိပြီး ရွှေခွန်ရွာ၊ ရွှေတိုက်ရွာ၊ မလားရွာတို့သည် အိမ်ခြေ ၂၀၀ ခန့်ရှိသည်။ နွယ်ငြိမ်းရွာက စဉ့်ထည်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်သည်။ မိန်းမသားတစ်နေ့လုပ်အားခ ၂၀၀၀၊ အမျိုးသားလုပ်အားခ ၂၅၀၀ နှုန်းရှိသည်။ အချို့ကမူ ဆရာတပည့်နှစ်ဦးဖြင့် စဉ့်အိုးကို ပုတ်ပြတ်လုပ်ကြသည်။ စဉ့်အိုးတစ်လုံး ပုတ်ပြတ်လုပ်အားခ ၁၂၀၀ ဝန်းကျင်ရှိသည်ဟု သိရသည်။ ဟိုတယ်လုပ်ငန်းရှင်ကြီးများအကြိုက် ပိတ်သေးအိုးများလည်း ပါရှိပြီး အနိမ့်ဆုံး ၂၅၀၀မှ အမြင့်ဆုံး နှစ်သောင်းကျော် ဝန်းကျင်ရှိကြောင်း နွယ်ငြိမ်းရွာ ကေတီကေ စဉ့်အိုးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ခင်စန်းဝင်းကပြောသည်။

သမီးအိမ့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ဆက်သွယ်ရေးအဆင်ပြေလာသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများ

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများ ဆက်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်တယ်လီဖုန်း Sim Card များ ချထားပေးခြင်း၊ GSM တာဝါတိုင်များအား တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် လိုင်း ၃၀၀၀ လွှင့်အားရှိ တာဝါတိုင်ပေါင်း ၁၀ခုကို ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးသွားပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပြည်နယ်)ရုံးမှ သိရသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွင် မိုင်းခတ်၊ မိုင်းလား(အော်တိုအိတ်ချိန်း)၊ ကျိုင်းတုံ(မြို့တော်ခန်းမ)၊ ကျိုင်းတုံ(ဆေးရုံကြီး)၊ ကျိုင်းတုံ (တက္ကသိုလ်)၊ တာချီလိတ် (မိုင်းကိုး)၊ တာချီလိတ်(ရီကျီးနား)၊ တာချီလိတ် (မိုင်းလင်း/အရှေ့)၊ မိုင်းတုံ (နားကောင်းမူး)၊ မိုင်းဆတ်(လွိုင်ဆမ်ဆုံ/ မိုင်းတွမ်း) စသည့်နေရာများတွင် လွှင့်အား ၃၀၀၀ရှိ တာဝါတိုင်များ တည်ဆောက်ပြီးဖြစ်ကာ ယခုအခါ Power လုပ်ငန်း၊ Radio လုပ်ငန်း၊ Tramsmission လုပ်ငန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝန်ထမ်းများက ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုချောမွေ့လွယ်ကူလာတော့မည်ဖြစ်ကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးဒေသ လယ်ယာလုပ်ငန်း ထွန်စက်များအသုံးပြုလာ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်ကြရာ၌ ခိုင်းနွားများအစား ထွန်စက်ကြီးများကို အသုံးပြုလာသူများပြားလျက်ရှိကြောင်း သိရသည်။

"ကလေးဒေသမှာ လယ်ယာလုပ်ငန်းကို ယခင်တုန်းကတော့ နွားတွေ၊ ကျွဲတွေကိုသာ အဓိကအားထားပြီး အသုံးပြုခဲ့ကြပါတယ်။ လယ်ယာလုပ်ချိန်ဆိုရင်တော့ အိမ်မှာပဲခိုင်းနွားတွေကို ကျွေးပြီး လယ်ယာလုပ်ငန်းလုပ်ခဲ့ကြတာပါ၊ လယ်ယာလုပ်ငန်းပြီးရင်တော့ စားကျက်မြေတွေမှာ လွှတ်ကျောင်းစနစ်နှင့် လုပ်ကိုင်လာခဲ့ကြတာပါ၊ နောက်ပိုင်းတော့ စားကျက်မြေတွေရှားလာတယ်၊ တောင်သူတွေကလည်း နှစ်သီးကနေ သုံးသီးတိုးပြီး စိုက်လာကြတယ်၊ ဒါဆိုတော့ ခိုင်းနွားတွေနဲ့ပဲ လုပ်နေဦးမယ်ဆို လုပ်ငန်းက မတွင်ကျယ်ပါဘူး။ ဒါကြောင့် မြန်မြန်ဆန်ဆန်ပြီးတဲ့ လယ်ထွန်စက်ကြီးတွေကိုပဲ အသုံးပြုလာကြပါတယ်" ဟုတောင်သူတစ်ဦးက ပြောသည်။

"လယ်ထွန်စက် ဈေးနှုန်းအနေနဲ့ကတော့ ကျပ်သိန်း ၂၀၀ ကျော်ဝန်းကျင်တွင်ရှိပြီး ကလေးမြို့ တောင်သူတွေလယ်ယာလုပ်ငန်းခွင် အသုံးပြုနိုင်ဖို့ ထွန်စက်များကို အသုံးပြုလာတယ်။ လယ်ထွန်စက်နဲ့ ထွန်တာက ၁၆ သွားပါ ထွန်ဆိုရင် တစ်နာရီကို တစ်ဧကပြီးပါတယ်။ သုံးသွားပါထယ်ဆိုရင်တော့ နှစ်နာရီကို တစ်ဧကပြီးပါတယ်။ ဒီဇယ်က တစ်နာရီကို ၁ ဒသမ ၂၅ ဂါလန် ကုန်ပါတယ်။ ထွန်ခကတော့ ဥာနပေါက်ဈေးအနေနဲ့ တစ်ဧကကို ကျပ် ၆၅၀၀ ကုန်ကျပြီး တောင်သူတွေ လယ်ထွန်ခကို ဈေးနှုန်းသက်သက်သာသာနှင့် ဆောင်ရွက်နိုင်ဖို့နဲ့ လူတိုင်းအသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးထားပါတယ်" ဟု မြို့နယ် စက်မှုလယ်ယာရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ဝင်းက ပြောသည်။

"ကလေးဒေသသည် မိုးရာသီစပါးစိုက်ဧကသိန်းချီရှိပြီး ကလေးကနေဆို ဆန်ကို ချင်းပြည်နယ် တစ်ခုလုံးကို ပို့တယ်၊ ဂန့်ဂေါဒေသဘက်ကိုပို့တယ်၊ တမူးကို ပို့တယ်၊ ကဘော်လွင်ပြင်ဒေသ၏ ဆန်အိုးကြီးလို့တောင်တင်စားနိုင်ပါတယ်"ဟု ကလေးဒေသခံတစ်ဦးက ပြောသည်။

သျှင်နေမင်း

မွန်ပြည်နယ်

ရေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာ

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကျုံလောင်းရွာသစ်မှ ကျောင်းရွာနှင့် ပတ်ဝန်းကျင် ၂၂ ရွာမှ နေ့စဉ်ဖြတ်သန်းသွားလာလှုပ်ရှားနေကြသော အဓိကအသက်သွေးကြောပင်မလမ်းမကြီးဖြစ်ပြီး ယခင်အင်္ဂလိပ် အစိုးရလက်ထက် ကတည်းက ဖောက်လုပ်ထားသော လမ်းဖြစ်၍ နှစ်ပေါင်းလည်းကြာမြင့်ခဲ့ကြောင်းသိရသည်။

ဒေသခံ အရောင်းအဝယ်တစ်ဦးဖြစ်သူ ဦးအောင်သက်ခိုင်နှင့် တွေ့ဆုံမေးမြန်းရာတွင် ကျုံလောင်းရွာသစ် ကျောင်းရွာလမ်းပိုင်းသည် ယခင်ကာလ အချိန်အခါတွင် နွေမိုးဆောင်း သုံးရာသီပတ်လုံးတွင် နေ့စဉ်သွားလာအရောင်းအဝယ် ပြုလုပ်ရာတွင် နွေရာသီမှာ ဖုန်တွေများပြီး မိုးရာသီတွင်လည်းမြေနီလမ်းဖြစ်သည့်အတွက် နွန်း၊ ဗွက်များနေရာအနှံ့လမ်းတစ်လျှောက်လုံးတွင်ပြည့်နှက်နေ၍ ခရီးတစ်ကြောင်းကို ကားမော်တော်ဆိုင်ကယ်များဖြင့် အသွားအပြန် မိနစ် ၉၀ နီးပါးအချိန်ကြာမြင့်၍ သွားလာရာတွင်လည်း အခက်အခဲများနှင့် နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်။ ယခုလို ကတ္တရာလမ်းသစ်ခင်းကျင်းပြီး သွားသည့်အခါ နေ့စဉ်သွားလာရာတွင် ငွေအား အချိန်အား လူအား သက်သာသွားသဖြင့် နိုင်ငံတော်အစိုးရကို ဒေသခံများက ကျေးဇူးတင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ကျုံလောင်းရွာသစ်- ကျောင်းရွာ ကတ္တရာလမ်းသစ်လမ်းပိုင်းသည် အရှည်မိုင် ၈ မိုင် ၃ဖာလုံခန့်ရှိ၍ အကျယ် ၁၈ ပေရှိပြီး တံတား ခြောက်စင်းတည်ရှိသည်။ ကတ္တရာလမ်းခင်းလုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၏ စီမံကွပ်ကဲမှုဖြင့် အမှတ် (၉၅၇) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ လုပ်ငန်းကို နိုဝင်ဘာလမှ စတင်တာဝန်ယူခင်းကျင်းကာ မေလကုန်ပိုင်းတွင် ရာနှုန်းပြည့် ခင်းကျင်းပြီးစီးသွားသဖြင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံများမှာ ဒေသထွက်ကုန်များကို ရာသီအချိန်အခါမရွေး ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်ရာ ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ကရင်ပြည်နယ်

ရေအလုံအလောက်ရရှိရေး ရေမြောင်းများတူးဖော်ပေး၍ တောင်သူများအဆင်ပြေ

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့နှင့် ကျေးလက်ဒေသများတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများ စိုက်ပျိုးရေး ရေအလုံအလောက်ရရှိစေရန် ဆည်မြောင်းဝန်ကြီးဌာနမှ စက်ယန္တရားများဖြင့် တူးမြောင်းများ ဖော်ထုတ်ဆောင်ရွက်ပေး၍ လယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေသဖြင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ယခင်ကလယ်ယာမြေများတွင် စိုက်ပျိုးရေရရှိရန်အခက်အခဲများကြုံတွေ့ရ၍ မိုးရာသီကျမှသာ မိုးစပါးများကိုစိုက်ပျိုးကြရပြီး ရေနှင့်ဝေးသော လယ်ယာမြေများတွင် မီးစက်၊ ရေစုပ်စက်၊ ရေပိုက်များဖြင့် အချိန်ကုန် ငွေအကုန်အကျများစွာဖြင့်စိုက်ပျိုးကြရသည်။ ကရင်ပြည်နယ်တွင် နေထိုင်ကြသူအများစုမှာ လယ်ယာမြေဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး အနည်းစုက တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အဓိကအနေဖြင့် ရေရှားမှုပြဿနာပင်။ ရေတွင်းတူး၍ လယ်ယာစိုက်ပျိုးမည်ဆိုပါက လယ်ဧကနည်းသူများအဖို့ အဆင်မပြေဖြစ်ကာ ရေမထွက်ပါက လယ်မြေများဆုံးရှုံးမှုဖြစ်ပေါ်နိုင်၍ နွေရာသီ၊ ဆောင်းရာသီများတွင် စိုက်ပျိုးရေးလုပ်ကိုင်သူနည်းပါးပြီး မိုးရာသီကျမှသာ အဓိကစိုက်ပျိုးကြသူများသည်။

ယခုအခါနိုင်ငံတော်က တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေး စရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ပေးသည့်အတွက် စိုက်ပျိုးစရိတ်မတတ်နိုင်သူများ ပို၍အဆင်ပြေပြီးရေဆင်းတူးမြောင်းများပါ တူးဖော်ဆောင်ရွက်ပေးသဖြင့် "ရေကန်အသင့်၊ ကြာအသင့်" ဆိုသလို တောင်သူလယ်သမားများအတွက် များစွာအထောက်အကူရရှိလျက်ရှိကြောင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ကြရာ၌ မျှတမှုရှိစေရန်၊ အဆင်ပြေစေရန်၊ ရှင်းလင်းလွယ်ကူရန်၊ ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် အသစ်ပြဋ္ဌာန်းလိုက်သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် တည်ဆဲအခွန်ဥပဒေများဖြစ်သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေများကို ပြင်ဆင်သည့် ဥပဒေများနှင့် ပတ်သက်၍ အခွန်နှုန်းထားများ လျှော့ပေါ့စေခြင်း၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးခြင်း၊ အခွန်ထမ်းပြည်သူများ ဒဏ်တပ်ရိုက်ခံရမှုမှ လွတ်ကင်းစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မှန်မှန်နှင့် မြန်မြန်သိရှိကြစေရန် အခွန်ပညာပေးရှင်းလင်းပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက ဟိုတယ်မန္တလေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မဟာအောင်မြေအခွန်ဦးစီးဌာနမှူး ဦးစိုင်းငွေအောင်(လက်ထောက်ညွှန်ကြားရေးမှူး)က ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ မဟာအောင်မြေမြို့နယ်မှ အခွန်ထမ်းများ တက်ရောက်ကြပြီး အခွန်ဆိုင်ရာပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

(၇၀) ခုဘဏ်မြောက်ဖြစ်သော
ရန်ကုန်ဘဏ်ခွဲ(၂၀) ကြည့်မြင်တိုင်(၁)

(၇၁) ခုဘဏ်မြောက်ဖြစ်သော
ရန်ကုန်ဘဏ်ခွဲ(၂၁) ကြည့်မြင်တိုင်(၂)

(၆. ၆ . ၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း...

ရန်ကုန်ဘဏ်ခွဲ(၂၀) ကြည့်မြင်တိုင်(၁)
ရန်ကုန်ဘဏ်ခွဲ(၂၁) ကြည့်မြင်တိုင်(၂)

www.ayabank.com

မြန်မာ့အလင်း
၆-၆-၂၀၁၄ (သောကြာနေ့)

ဝင်ဘလေကွင်းအတွင်းတွင် ထိုးသတ်လိုကြောင်း မေဝဲလ်သား ပြောဆို

မေဝဲလ်သား

ရှုံးပွဲမရှိသေးသူ အမေရိကန်နိုင်ငံသား ဖလွိုက်မေဝဲလ်သားက လန်ဒန်ရှိ ဝင်ဘလေကွင်းကြီးအတွင်းတွင် လက်ဝှေ့ပွဲ ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် မေ ၃၁ ရက်တွင် WBA နှင့် IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကားဖရော့ချ်နှင့် စိန်ခေါ်သူ ဂျော့ဘ်ဂရို့ဗ်စ်တို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော စိတ်မကျေပွဲသို့ ပရိသတ် ၈၀၀၀၀ လာရောက်အားပေးခဲ့ခြင်းအပေါ် မေဝဲလ်သားက အံ့အားတသင့် ဖြစ်ခဲ့ရကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ပြီးခဲ့သည့် မေလ ၃ ရက်တွင် အာဂျင်တီးနားနိုင်ငံသား မိုင်ဒါနာကို အနိုင်ယူနိုင်ခဲ့သူ မေဝဲလ်သားသည် လာမည့် စက်တင်ဘာလအတွင်း လက်ဝှေ့ပွဲတစ်ပွဲ ထိုးသတ်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

မေဝဲလ်သားက "ဗြိတိန်မှာရှိတဲ့ ကျွန်တော့်ရဲ့ ပရိသတ်တွေအားလုံးကို ချစ်ခင်ပါတယ်။ လက်ဝှေ့သမားဘဝက အနားမယူမီမှာ ဝင်ဘလေကွင်းမှာ လာရောက်ထိုးသတ်ဖို့ ဆန္ဒရှိပါတယ်။ ဒီစိတ်ကူးကို မကြာမီကာလအတွင်းမှာ အကောင်အထည်ဖော်ဖို့လည်း စီစဉ်ထားပါတယ်။ လက်ဝှေ့အားကစားသမိုင်းမှာ တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ပွဲတစ်ပွဲဖြစ်လာအောင် လုပ်ဆောင်ဖို့ စိတ်ကူးရှိတယ်"ဟုပြောသွားသည်။

WBA နှင့် IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကားဖရော့ချ်နှင့် စိန်ခေါ်သူ ဂျော့ဘ်ဂရို့ဗ်စ်တို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော စိတ်မကျေပွဲသို့ ပရိသတ် ၈၀၀၀၀ လာရောက် အားပေးခဲ့ခြင်းအပေါ် မေဝဲလ်သားက အံ့အားတသင့်ဖြစ်ခဲ့...

မေဝဲလ်သားနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒရှိနေသူ ဗြိတိန်လက်ဝှေ့သမား အမီယာခန်းက မေဝဲလ်သားအနေဖြင့် ဗြိတိန်သို့ လာရောက်ထိုးသတ်မည်ဆိုပါက သူယှဉ်ပြိုင်လိုသည့် တစ်ဦးတည်းသော ပြိုင်ဘက်မှာ မိမိသာဖြစ်ကြောင်းနှင့် "ကျွန်တော်နောက်ဆုံး ထိုးသတ်ခဲ့တဲ့ပွဲမှာ အမေရိကန်လက်ဝှေ့သမား လူးဝစ်ကိုလာဇိုကို အနိုင်ယူပြနိုင်ခဲ့တာက လက်ဝှေ့လောကတစ်ခုလုံးကို သတိပေးလိုက်တာပါပဲ။ မကြာမီမှာ မေဝဲလ်သားနဲ့ ထိုးသတ်ဖြစ်မယ်ဆိုရင် ဒီပွဲက တကယ့်ကို ထူးခြားတဲ့ပွဲဖြစ်လာမှာပါ" ဟု ပြောဆိုခဲ့သည်။

မေဝဲလ်သားကလည်း အမီယာခန်းသည် မိမိ၏ ရှုံးပွဲမရှိစံချိန်ကို ချိုးဖျက်နိုင်မည့်သူ မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

အသက် ၃၇ နှစ်အရွယ်ရှိ မေဝဲလ်သားက "အမီယာခန်းကို ပရော်ဖက်ရှင်နယ် တစ်ဦးအနေနဲ့ ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့်ကျွန်တော့်ကိုအနိုင်ယူဖို့ ကြိုးစားခဲ့သူတိုင်း ရှုံးနိမ့်ခဲ့ကြရတာချည်းပါပဲ။ ဘယ်သူ့မှာမှ ကျွန်တော့်ကို အနိုင်ယူရမယ့် ဖော်မြူလာမရှိပါဘူး" ဟု ပြောဆိုခဲ့သည်။

ကမ္ဘာ့ဂေါက်သီးသမားများ၏ ရပ်တည်မှုအဆင့်သစ်၌ တိုက်ဂါးဝုဒ်ကို ဝက်ဆန် အသာစီးရရှိ

ပြီးခဲ့သည့် ဇွန် ၁ ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဂေါက်သီးကစားသမားများ၏ ရပ်တည်မှုအဆင့်သတ်မှတ်ချက်၌ အမေရိကန်နိုင်ငံသား ဘက်ဘာဝက်ဆန်သည် နာမည်ကျော် ဂေါက်သီးသမား တိုက်ဂါးဝုဒ်၏ အထက်တွင် ရပ်တည်နိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်အတွက် အဓိက ဂေါက်သီးပြိုင်ပွဲကြီး လေးခုအနက်မှ ပထမဆုံးပြိုင်ပွဲဖြစ်သော Masters Tournament ဂေါက်သီးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သူ ဝက်ဆန် (၃၅နှစ်)သည် ဇွန်လ ၁ ရက်တွင် ထုတ်ပြန်ခဲ့သော ရပ်တည်မှုအဆင့် သတ်မှတ်ချက်၌ မူလနေရာထက် နှစ်ဆင့်မြင့်တက်လာခဲ့ပြီးတတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အမေရိကန် နိုင်ငံသား တိုက်ဂါးဝုဒ်မှာမူ မူလက အဆင့် ၃ နေရာတွင် ရပ်တည်နေရာမှ အဆင့် ၄ နေရာသို့ ကျဆင်းသွားခဲ့သည်။

အသစ် ထွက်ပေါ်လာသည့် ကမ္ဘာ့အဆင့် ရပ်တည်မှု၌ အဆင့် ၁ နှင့် ၂ နေရာများ၌ မူလရပ်တည်နေသည့် ဩစတြေးလျနိုင်ငံသား အဒမ်စကော့နှင့် ဆွီဒင်နိုင်ငံသား ဟင်းနရစ်စတန်ဆွန်တို့က ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ အိုဟိုင်းယိုး၌ ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် PGA Tour ပြိုင်ပွဲများအနက်မှ တစ်ခုဖြစ်သည့် Memorial Tournament ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သူ ဂျပန်နိုင်ငံသား ဟီဒီကီမက်ဆုယာမာသည် ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အဆင့် ၁၃ နေရာသို့ တက်ရောက်လာခဲ့သည်။ အဆိုပါအဆင့်သည် အသက် ၂၂ နှစ်အရွယ်ရှိ မက်ဆုယာမာအတွက် ကမ္ဘာ့အဆင့် ရပ်တည်မှုတွင် အမြင့်ဆုံးအဆင့်ဖြစ်ပြီး မူလရပ်တည်မှုထက် ၁၁ ဆင့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အဓိက ဂေါက်သီးပြိုင်ပွဲကြီး လေးခုအနက်မှ ပထမဆုံး ပြိုင်ပွဲဖြစ်သော **Masters Tournament** ဂေါက်သီးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သူ ဝက်ဆန် (၃၅နှစ်)သည် ဇွန်လ ၁ ရက်တွင် ထုတ်ပြန်ခဲ့သော ရပ်တည်မှုအဆင့် သတ်မှတ်ချက်၌ မူလနေရာထက် နှစ်ဆင့်မြင့်တက်...

မက်ဆုယာမာသည် Memorial Tournament ပြိုင်ပွဲ၌ ပြိုင်ပွဲလေးရက် ယှဉ်ပြိုင်ပြီးချိန်တွင် တောင်ကိုရီးယားနိုင်ငံသား ကီဗင်နာနှင့် လျှော့ရိုက်ချက် ၁၃ချက်ချင်း တူညီနေသောကြောင့် Play Off ကစားခဲ့ရပြီးနောက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ချန်ပီယံဆုသည် မက်ဆုယာမာအတွက် PGA Tour ပြိုင်ပွဲများမှ ရရှိသည့် ပထမဆုံးချန်ပီယံဆုဖြစ်သည်။ ကမ္ဘာ့ရပ်တည်မှု အဆင့် ၃ နေရာသို့ တက်ရောက်လာခဲ့သူ ဝက်ဆန်မှာမူ ၂၀၁၄ ခုနှစ် Memorial Tournament ပြိုင်ပွဲ၌ လျှော့ရိုက်ချက် ၁၂ ချက်ဖြင့် တတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဝက်ဆန်